ကြေးမုံ
The Mirror Daily
မှန်သော သတင်းများကို မှန်ကန်စွာ ဖော်ပြသည်
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ တနင်္ဂနွေနေ့။ Sunday 27 October 2019 ၉၈၁၅

# ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်းရှိ မဲဇလီတံတား မကြာမီဖွင့်လှစ်မည်



မကြာမီ ဖွင့်လှစ်မည့် မဲဇလီတံတား အဆင့်မြှင့်တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

မကွေး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း မဲဇလီကြိုးတံတားအား အဆင့်မြှင့်တင်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးနေပြီဖြစ်၍ အောက်တိုဘာ ၂၈ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**တိုးချဲ့တည်ဆောက်**

မူလကြိုးတံတားအရှည် ပေ ၄၀၀ အား Steel Box Girder တံတား အမျိုးအစားဖြင့် အစားထိုးအဆင့်မြှင့်တင်လျက် ယာဉ်သွားလမ်း အကျယ်ကိုလည်း မူလ ပေ ၂၀ မှ ၂၄ ပေအထိ တိုးချဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ပင်မတံတား အစားထိုးအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၂၅၀၀၊ ချဉ်းကပ်တံတားတိုးချဲ့ခြင်း လုပ်ငန်းအတွက် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၂၀၀ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၂၇၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တံတားစီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်ရေးအဖွဲ့(၃) မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) တစ်ဦး၊ ဦးစီးအရာရှိ(မြို့ပြ) တစ်ဦး၊ အငယ်တန်းအင်ဂျင်နီယာ သုံးဦး အပါအဝင် ကာယ၊ ဉာဏလုပ်သား ၁၀၀ ကျော်ဖြင့် လုပ်ငန်းများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ကြေးမုံ ယနေ့ ဖတ်စရာ**

ယာဉ်မှတ်ပုံတင်ရာတွင် အမည်ပေါက်ပိုင်ဆိုင်သူမှန်ကန်မှုသာ သက်တမ်းတိုးပေးမည်

စာမျက်နှာ » ၂၀

**မျိုးဆက်သစ်ရင်ပြင် အချပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ရင်ပြင် အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ MITV၊ MNTV၊ Up to Date၊ Channel 9၊ မြန်မာ့အသံရေဒီယို၊ MIR ရေဒီယို၊ Myanmar President Office Facebook Page၊ Myanmar State Counsellor Office Facebook Page၊ MOI Webportal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ကြေးမုံ

# အခက်အခဲများကြားမှ ပန်းတိုင်သို့တက်လှမ်း

မြန်မာနိုင်ငံသည် ပြည်သူများလိုလားသော ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေးအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ပြည်ထောင်စု၏ လိုလားချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ခိုင်မာအောင်ဖော်ဆောင်ရသည်။ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ချုပ်ဆိုခဲ့ရာ ယခုအောက်တိုဘာလ ၂၈ ရက်နေ့တွင် NCA (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပတော့မည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံအစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ တတိယအစည်းအဝေးတိုင် ကျင်းပနိုင်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁) ရာစုပင်လုံအစည်းအဝေးကို တစ်နှစ်လျှင် (၂) ကြိမ်ကျင်းပနိုင်ရမည်ဆိုသည့်အတိုင်း ကျင်းပနိုင်ခဲ့လျှင် ယနေ့ဆိုလျှင် (၈)ကြိမ်မျှ ကျင်းပပြီးစီးပြီဖြစ်သည်။ တတိယအကြိမ်အစည်းအဝေးပြီးသည်အထိ ပြည်ထောင်စုသဘောတူစာချုပ်ပါအချက် (၅၁)ချက် ရရှိပြီးဖြစ်ရာ (၈)ကြိမ်တိုင် ကျင်းပနိုင်ခဲ့မည်ဆိုပါက အချက်ပေါင်းများစွာရရှိပြီး ခိုင်မာသည့်ဖက်ဒရယ်အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးခရီး အလှမ်းနီးလောက်ပြီဖြစ်သည်။

သို့သော် အစုအဖွဲ့များ၊ အသိုက်အဝန်းများကြားတွင်ရှိနေသည့် မယုံကြည်မှုများ၊ စိုးရိမ်ကြောင့်ကြမှုများ၊ အစွန်းထွက်များနှင့် အသာစီးရလိုမှုများကို မချေဖျက်နိုင်သောကြောင့် (၂၁) ရာစုပင်လုံအစည်းအဝေးများကို သတ်မှတ်ထားသည့်အကြိမ်၊ သတ်မှတ်ထားသည့်ကာလအတိုင်း မကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးသည် အားလုံး၏ရည်မှန်းချက်၊ အားလုံး၏တာဝန်ဖြစ်သည်ဟုခံယူပြီး ဘုံတူညီမှုများကို ကြိုးစားရှာဖွေ၍ စိတ်ရှည်မှု၊ နားလည်မှုအပေးအယူများဖြင့် ပြည်ထောင်စုပန်းတိုင်သို့ရောက်ရှိအောင် မြန်နိုင်သမျှမြန်မြန် တက်လှမ်းနိုင်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တုံ့ဆိုင်းနေသည်ဟုဆိုသော်လည်း အစိုးရအပိုင်းတွင် ညှိနှိုင်းမှုများပြုလုပ်ရသကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ NCA–S EAO (၁၀)ဖွဲ့အကြားတွင် အကျေအလည်ညှိနှိုင်းမှုများ ကြိမ်ဖန်များစွာပြုလုပ်ခဲ့ကြသည်ကို မြင်တွေ့ရသည်။ အဖွဲ့များအချင်းချင်းအကြား ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာ ကြိုးပမ်းခဲ့ရသည်။ သူ့ဘက်ကိုယ့်ဘက် မျှမျှတတဖြစ်ရန် ဟန်ချက်ညီရန်ပြုလုပ်ကြရသည်။ တစ်ဖွဲ့ချင်းအကျိုး၊ အစုအဖွဲ့လိုက်အကျိုးနှင့် အားလုံးအကျိုးအကြား သဟဇာတရှိရှိဖြင့် အချိတ်အဆက်မိအောင်၊ ပွတ်တိုက်မှုမရှိအောင် ထိန်းညှိပေးခဲ့ကြသည်။

တတိယအကြိမ် ပင်လုံညီလာခံအစည်းအဝေးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်နေသည်ဆိုသော်လည်း ယနေ့ကာလအထိ အစိုးရနှင့် KNU ကိုယ်စားလှယ်များ တွေ့ဆုံမှု (၇)ကြိမ်၊ RCSS နှင့်တွေ့ဆုံမှု (၆)ကြိမ်၊ CNF နှင့်တွေ့ဆုံမှု(၁)ကြိမ်၊ ALP နှင့်တွေ့ဆုံမှု(၁)ကြိမ်၊ NCA–S EAO (၁၀)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှု(၁၁)ကြိမ်အပြင် NCA လက်မှတ်မထိုးထားသော အဖွဲ့များနှင့်ပါ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြရာ ယင်းတို့ကိုအသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံကြားမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေခြင်းသည် မိမိတို့တစ်ဦးတည်း၊ တစ်ဖွဲ့တည်း၊ အစုအဖွဲ့တစ်ခုတည်း၏ အကျိုးအတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စုသားအားလုံး၏ အကျိုးအတွက် ဆောင်ရွက်နေသည်ဟုရှုမြင်ပြီး ရည်မှန်းချက်ပန်းတိုင်သို့ ဆက်လက်တက်လှမ်းကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် ဥပဒေရုံးသစ်များဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဥတ္တရသီရိမြို့နယ် ဥပဒေရုံးသစ်နှင့် ပုဗ္ဗသီရိမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲအခမ်းအနားများကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါရုံးသစ်များ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်သံဃာတော်များအား နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အခမ်းအနားများသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာစာပေနှင့် အနုပညာပွဲတော် ခဲစာလုံး(ပုံနှိပ်ခေတ်)ပြခန်းတွင် လာရောက်ကြည့်ရှုလေ့လာသူများ စည်ကားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံ၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ရုပ်ရှင်အနုပညာရှင်များ၊ ကဗျာဆရာ ဆရာမများ၊ စာရေးဆရာ ဆရာမများက အနုပညာအတွေ့အကြုံများ၊ စာပေအတွေ့အကြုံများကို ဟောပြောပွဲအစီအစဉ်များအတိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဟောပြောလျက်ရှိကြောင်းလည်း သိရသည်။

ခဲစာလုံးစာစီ(ပုံနှိပ်ခေတ်) ပြခန်းကိုလည်း ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ စိတ်ပါဝင်စားသူများ စည်ကားစွာ လာရောက်လေ့လာကြည့်ရှုကြကြောင်း၊ လာရောက်ကြည့်ရှုသူများထဲတွင် ယခင်ခေတ် ပုံနှိပ်တိုက်ပိုင်ရှင်များ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများ၊ ခဲစာလုံးစာစီသမားများ ပါဝင်ပြီး ၎င်းတို့မှကိုယ်တိုင်ဝင်ရောက် သရုပ်ပြသခြင်းများဖြင့် ပျော်ရွှင်စွာ ကျင်းပလျက်ရှိကြောင်း၊ ခဲစာလုံးစာစီလုပ်ငန်းကို မသိမမီလိုက်သူများကလည်း သရုပ်ပြမှုများကို အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး မှတ်တမ်းဗီဒီယိုများ၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းများဖြင့် ပြခန်းတွင် စည်ကားလျက်ရှိကြောင်း သိရသည်။



ဒီဆား

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးဝင်းရွှေ | သတင်းထောက်မှူး | – ဦးမြင့်စိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | ဘာသာပြန်စာတည်းများ | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအောင်ဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | အကြီးတန်းသတင်းထောက်များ | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း |
| အငယ်တန်းသတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယည်ဠ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး | ဓာတ်ပုံသတင်းထောက် | – ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နေပြည်တော်အတွင်းရှိ ရွှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုး ခုနစ်ဆူအား ယောဂီ ၇၀၀ ကျော်က စုပေါင်းကုသိုလ်ပြု



**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးခုနစ်ဆူဖြစ်သော လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ နေရောင်ပြအင်းစေတီတော်၊ ဘုရား(၉) ဆူ၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရ ဆုတောင်းပြည့်စေတီတော်၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်နှင့် ရွှေလွမ်းတောင်စေတီတော်မြတ်များ၌ လက်လုပ်တောင်တောရတွင် တရားကျင့်ကြံ အားထုတ်လျက်ရှိသည့် ယောဂီ ၇၀၀ ကျော်နှင့် ဓမ္မချစ်ခင်သူတော်စင်များပေါင်းစုပြီး ဝိပဿနာတရားများ ကျင့်ကြံ၍ တရားဘာဝနာများ ရှုမှတ်ပွားများခြင်း၊ ခင်ပွန်းကြီး(၁၀)ပါး ဝန်ချတောင်းပန်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့နှင့်တကွ မဟာသရဏံဂုဏ်တော်ကြီး၊ မဟာသမယသုတ်၊ ပရိတ်တရားတော်၊ ပဋ္ဌာန်းတရားတော်၊ အနတ္တလက္ခဏာသုတ်တော်များအား နံနက် ၅ နာရီမှ ညနေ ၃ နာရီအထိ ပေါင်းစုကုသိုလ်ပြုကြသည်။

**ဒါနပြုလှူဒါန်း**

အဆိုပါ ယောဂီ ၇၀၀ ကျော်အတွက် နံနက်စာနှင့် နေ့လယ်စာများကို ဦးအောင်ဘိုဘိုက ဒါနပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး တံတား(ဒလ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားမှု၊ စီမံကိန်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်ဘက်ခြမ်းတွင် တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုရီးယား – မြန်မာချစ်ကြည်ရေးတံတား(ဒလ)ကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် စံနမူနာပြတံတားကြီးအဖြစ် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးအဆင့်မြင့်နည်းပညာများ၊ ပုံစံ ထုတ်လုပ်ခြင်းနှင့် ကြီးကြပ်ခြင်းများကို မြန်မာအင်ဂျင်နီယာများအား လေ့လာဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်သည့်နေရာသည် ရေကြောင်းသွားလာမှုများသော ရန်ကုန်မြစ်နှင့် လူစည်ကားသော ရန်ကုန်မြို့တွင်းသို့ ဆက်သွယ်ထားသည့်အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ Sheet Pile များရိုက်ပြီးမှ တံတားဘိုးပိုင်တူးပါက လူနေအိမ်များ၊ အဆောက်အဦများကို ထိခိုက်မှုမရှိစေဘဲ ကာကွယ်ရာရောက်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ပြီးစီးရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

**မှာကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် ကိုရီးယား –မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)သည် အရေးပါသကဲ့သို့ နည်းပညာများ ဖလှယ်ခွင့်ရရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအောင်မြင်စွာပြီးစီးရေး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နှစ်နိုင်ငံတာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ဘက်ခြမ်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်အဖွဲ့သည် ဒလဘက်ခြမ်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လူနေအိမ်များ၊ အဆောက်အဦများ အန္တရာယ်ကင်းရှင်းရေးအတွက် စက်ယန္တရားဖြင့် Sheet Pile ရိုက်နေမှုအခြေအနေ၊ ဒလဘက်ခြမ်း ဘိုးပိုင်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ကိုရီးယား –မြန်မာချစ်ကြည်ရေးတံတား (ဒလ) အမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး စုစုပေါင်း တံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ ( ၆၁၄၄ ပေ)၊ ပင်မတံတားအရှည် ၅၉၀ မီတာ (၁၉၃၆ ပေ)ရှိပြီး အကျယ် ၂၆ ဒသမ ၅ မီတာ (၈၇ ပေ) ယာဉ်လေးလမ်းသွားဖြစ်သည်။ ရန်ကုန်ဘက်ကမ်းမှ ချဉ်းကပ်တံတားအရှည် ၆၁၇ ဒသမ ၅) မီတာ (၂၀၁၆ ပေ)၊ အကျယ် ၁၄ ဒသမ ၃ မီတာ (၄၇ ပေ) နှင့် ဒလဘက်မှ ချဉ်းကပ်တံတားအရှည် (၆၅၅) မီတာ (၂၁၈၂ ပေ)၊ အကျယ် ၂၀ ဒသမ ၉ မီတာ (၆၈ ပေ)ရှိသည်။ ဆင်ခြေလျှောတံတားမှာ ၇ ဒသမ ၁ မီတာ(၂၃ ပေ)တစ်လမ်းသွားဖြစ်သည်။ တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (ပေ ၁၆၀)၊ ရေလမ်းကင်းလွတ်အကျယ် ၂၅၁ မီတာ (၈၂၄ ပေ) ရှိပြီး တံတား၏ခံနိုင်ဝန်မှာ(၇၅)တန်ဖြစ်သည်။

အဆိုပါ တံတားကြီးပြီးစီးသွားပါက ဒလဘက်ကမ်းနေပြည်သူများ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


❂ ရှေ့ဖုံးမှ


ဆောင်ရွက်ခဲ့ကြောင်း တည်ဆောက်ရေး အဖွဲ့(၃)မှ စီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းလင်းကပြောသည်။ ကြိုးတံတားဖြုတ်သိမ်းသော ပေ ၄၀၀ ခန်းဖွင့်အတွက် ရေလယ်တွင် ၁ ဒသမ ၂ မီတာအချင်းရှိ လွန်တူးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်တစ်ခုတည်ဆောက်ခဲ့ပြီး ခန်းဖွင့် ပေ ၂၀၀ နှစ်ခန်းပါဝင်သော Steel Box Girder ဖြင့် အစားထိုးတပ်ဆင်ခဲ့ကြောင်းလည်း သိရသည်။

မဲဇလီတံတား အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစသဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ မဲဇလီတံတား တည်ဆောက်မှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အထင်ကရဘုရားများဖြစ်သော ရွှေစက်တော်ဘုရား၊ မကွေးမြသလွန်ဘုရား၊ နဂါးပွက်တောင် စသည့်တန်ခိုးကြီးဘုရားများကို အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူချောမွေ့ မြန်ဆန်လာစေရန်အတွက် အထောက်အကူပြုစေမည့် တံတားဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**ပွင့်သစ္စာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာ ကော်မရှင်နာနှင့် တွေ့ဆုံဆွေးနွေးပြီး ဂျပန်ရင်သွေးရုပ်ရှင်ဇာတ်ကားပြသမှုအစီအစဉ် တက်ရောက်

**တိုကျို အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံ ယဉ်ကျေးမှုရေးရာဌာန၌ ယဉ်ကျေးမှုရေးရာ ကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့မှု၊ ရုပ်ရှင်ဖလင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းသည် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါမှု၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးစေလိုမှုတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ယဉ်ကျေးမှုရေးရာဌာန၌ ဂျပန်အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်မှ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ထိန်းသိမ်းခဲ့သည့် ဂျပန်ရင်သွေးအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကား ပြသမှုအစီအစဉ်သို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ ဂျပန်အမျိုးသားရုပ်ရှင်မော်ကွန်းတိုက် ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာဌာနမှ ကော်မရှင်နာ မစ္စတာ မီရတကိုဟေနှင့် ဂျပန်ရုပ်ရှင်မော်ကွန်းတိုက်မှ ညွှန်ကြားရေးမှူး မစ္စတာ အိုကဂျီးမားဟီဆာရှီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဂျပန်နိုင်ငံနှင့် ပြည်ပတွင် ပထမဆုံးရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ဖလင်စနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲထိန်းသိမ်းပေးနိုင်ခဲ့ခြင်းသည် မြန်မာနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် ရလဒ်ဖြစ်ပါကြောင်း၊ ထိုပြုပြင်ထိန်းသိမ်းထားသော ရုပ်ရှင်ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ကာလတွင် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ရာ မြန်မာတို့အတွက် တန်ဖိုးရှိသည့် အနုပညာပစ္စည်းတစ်ခု ဖော်ထုတ်ထားရှိမှုကို ပြန်လည်ရရှိခြင်းဖြစ်ပါကြောင်း၊ ထိုဇာတ်ကားကို ပြသနိုင်ခြင်းဖြင့် မြန်မာတို့အတွက် တန်ဖိုးရှိသည့် အနုပညာပစ္စည်းများကို ထိန်းသိမ်းရန် လိုအပ်မှုအသိရရှိကြမည်ဖြစ်၍ အကျိုးကျေးဇူးရှိပါကြောင်း။

ဂျပန်နိုင်ငံအတွက်လည်း ထိုခေတ်ထိုအချိန်က အခြေအနေများကို ပြန်လည်မြင်တွေ့ရပြီး သုံးသပ်ဆောင်ရွက်နိုင်သည့်အပြင် တန်ဖိုးရှိသည့် အနုပညာပစ္စည်းတစ်ခုကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာသည် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုကို ဆောင်ရွက်ပေးနိုင်သည့် Soft Power အဖြစ် နိုင်ငံတကာတွင် သတ်မှတ်ပြောဆိုလျက်ရှိရာ နှစ်နိုင်ငံ၏ ရုပ်ရှင်အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာရန်အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်ရင်သွေးရုပ်ရှင်ဇာတ်ကားပြသမှုနှင့် ၎င်းရုပ်ရှင်ဇာတ်ကားဆိုင်ရာစကားဝိုင်းတွင် အေဝမ်းဖလင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသိန်းထွဋ်နှင့် Save Myanmar Film မှ စီမံကိန်း ဒါရိုက်တာ ဦးဥက္ကာတို့၏ ဆွေးနွေးမှုကို ကြည့်ရှုအားပေးကြသည်။

"ဂျပန်ရင်သွေး"အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကား၏ ဂျပန်အမည်မှာ "နိပွန်မူဆူမီ" (Japanese Daughter) ဖြစ်ပြီး ၁၉၃၅ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာနိုင်ငံမှ မြန်မာအဆွေ-အေဝမ်းဖလင်ကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ပီစီအယ်လ်ကုမ္ပဏီတို့ ပူးပေါင်းရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဒါရိုက်တာ ဦးညီပုနှင့် ဦးမောင်မောင်စိုးတို့သည် ဂျပန်နိုင်ငံတွင် ရုပ်ရှင်ပညာသင်ယူစဉ် ၁၉၃၄ ခုနှစ်အတွင်း ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ရာ ဂျပန်အစိုးရ၏ အကူအညီများစွာရရှိခဲ့ကြောင်း သိရသည်။

"ဂျပန်ရင်သွေး" ရုပ်ရှင်၏ ဇာတ်လမ်းအကျဉ်းမှာ ဂျပန်ရောက် မြန်မာလေယာဉ်မောင်းလူငယ်နှင့် ဂျပန်အမျိုးသမီးငယ်တို့၏ အချစ်ဇာတ်လမ်းဖြစ်ပြီး ဂျပန်နိုင်ငံနှင့် ပြည်ပတွင် ပထမဆုံးရိုက်ကူးခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ အိုလံပီယာနှင့် ဘုရင့်ရုပ်ရှင်ရုံများတွင် "လေးလရာသီဂျပန်ပြည်" ရုပ်ရှင်ဇာတ်ကားနှင့်တွဲ၍ တစ်ပြိုင်နက် ပြသသကဲ့သို့ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း အချိန်ကိုက်ညှိနှိုင်း၍ ရုံတင်ပြသခဲ့ရာ ဂျပန်ပရိသတ်များ စိတ်ဝင်စားစွာဖြင့် အားပေးကြည့်ရှုခဲ့ကြပြီး ဂျပန်သတင်းစာများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။ ထိုဇာတ်လမ်းကို ၁၉၉၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ ရုပ်ရှင်ပွဲတော်တွင်လည်း ပြန်လည်ပြသခဲ့ကာ ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင်လည်း ၎င်းဇာတ်ကားကို ပြသရန်စီစဉ်ထားကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း**

ယင်းနောက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ၏ အကြီးဆုံးသတင်းစာဖြစ်သည့် ယူမီယူရီရှင်ဘွန်းသတင်းစာမှ သတင်းထောက်ဖြစ်သူ မစ္စ လီဆယူနေမနှင့် အင်န်အိတ်ချ်ကေ ရုပ်သံလိုင်း မြန်မာဘာသာ အစီအစဉ်မှ ထုတ်လုပ်သူ ဒေါ်ခင်အေးငယ်တို့၏ တွေ့ဆုံမေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။

ညနေပိုင်းတွင် တိုကျိုမြို့ရှိ ဂျပန်ဘောလုံးပြတိုက် (Japan Football Museum) သို့ ရောက်ရှိကြပြီး ၎င်းတွင် ဂျပန်နိုင်ငံ တိုကျိုစက်မှုတက္ကသိုလ်သို့ ၁၉၂၀ ပြည့်နှစ်က ပညာသင်ယူရန် ရောက်ရှိခဲ့သည့် ဦးကျော်ဒင်၏ ဘောလုံးပညာသင်ကြားပေးမှု၊ ထူးချွန်သည့်ဘောလုံးသမားများ ရှာဖွေဖွဲ့စည်းပြီး ၁၉၃၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် အရှေ့အာရှဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်စဉ် ချန်ပီယံဆုရရှိအောင် အားထုတ်ကြိုးပမ်းပေးခဲ့မှုအပါအဝင် နိုင်ငံတကာဘောလုံးဆိုင်ရာ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုကျိုမြို့ရှိ နာမည်ကျော်နေရာဖြစ်သော Ginza တစ်ဝိုက်ရှိ စာအုပ်ဆိုင်များတွင် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာဌာန ယဉ်ကျေးမှုရေးရာကော်မရှင်နာ မစ္စတာ မီရတကိုဟေတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်ရင်သွေးရုပ်ရှင်ဇာတ်ကားပြသမှုအစီအစဉ်တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

## တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်းသတင်းဌာန ၂၁ ခုမှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စစ်ပွဲဆိုင်ရာဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ရှင်းလင်းချက်များ၊ စစ်ပွဲဆိုင်ရာဥပဒေ (အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ)၏ အခြေခံသဘောတရားများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တပ်မတော်ကဏ္ဍ၊ AA အဖွဲ့၏ လုပ်ရပ်များအပေါ် စစ်မှုထမ်းဟောင်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်၊ ရခိုင်ပြည်နယ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များအား ဖမ်းဆီးခေါ်ဆောင်သွားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့်သတင်းဌာနများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး တိုးတက်ဆောင်ရွက်မှုဖိုရမ် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**
စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး တိုးတက်ဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိုင်ယွမ်မြို့၌ ရောက်ရှိနေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ထိုင်ယွမ်မြို့ Parkview Hotel ခန်းမဆောင်၌ ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဟန်ကျင်းက ဖိုရမ်သို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ကြိုဆိုနှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက်၈ နာရီခွဲတွင် ထိုင်ယွမ်မြို့ ကျောက်မီးသွေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည့် ကမ္ဘာ့စွမ်းအင်တော်လှန်ရေးပြပွဲကို ကြည့်ရှုလေ့လာပြီး စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး တိုးတက်ဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်ယွမ်မြို့ရှိ လင်ဟွာဟိုတယ်၌ စင်းရှီပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာလင်းဝူနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စင်းရှီပြည်နယ်၏ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်သုံးစွဲမှု၊ ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေရေးဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု၊ စွမ်းအင်ကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် စင်းရှီပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၃ ရက်တွင် ထိုင်ယွမ်မြို့ရှိ TISCO သံမဏိစက်ရုံ၊ ရှီဂွမ်းကျောက်မီးသွေးသုံးအပူနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အောက်တိုဘာ ၂၄ရက်တွင် စင်းရှီပြည်နယ်ရှိ ချင်မင်းဆက်လက်ထက် ချောင်မိသားစုအိမ်တော်နှင့် ပင်ယောင်းရှေးဟောင်းမြို့တို့ကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ထိုင်ယွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်အတွင်း ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့များ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၆**
ကရင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများနှင့် လူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် လူမှုကဏ္ဍအကျိုးပြုလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကိုယ်ဝန်ဆောင်ချိန်မှ သက်ကြီးရွယ်အိုအထိ စီမံချက်များချမှတ်ပြီး ဖွံ့ဖြိုးမှုအညွှန်းကိန်းများအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို ဖော်ထုတ်ကာ ပံ့ပိုးကူညီပေးလျက်ရှိပြီး မသန်စွမ်းရန်ပုံငွေတစ်ရပ်ကို အစိုးရက ထူထောင်ပေးထားပါကြောင်း၊ ဝန်ကြီးဌာနသည် လူနှင့် သဘာဝကြောင့်ဖြစ်သော ဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူမှုဒုက္ခများနှင့် ဘေးအန္တရာယ်ဆိုင်ရာများတွင် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် မသန်စွမ်းသူ ၅၇၆၂ ဦးအတွက် ထောက်ပံ့ငွေကျပ်၁၇၃ ဒသမ ၇၆သန်း၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တွင် ဖွင့်လှစ်ထားသော မိခင်ဝိုင်း ၂၂ ဝိုင်းအတွက် ဝိုင်းခေါင်းဆောင်ဂုဏ်ပြုငွေနှင့် ကလေးသူငယ်များ၏ နေ့လယ်စာအာဟာရ သုံးလစာအတွက် ထောက်ပံ့ငွေကျပ် ၁၁ ဒသမ ၂၂ သန်း၊ လူမှုအားမာန်အဖွဲ့ ၁၁ ဖွဲ့အတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၁၀၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော စိုက်ပျိုးသီးနှံဧက ၁၆၀၄၆ အတွက် ထောက်ပံ့ငွေကျပ် ၁၆၀၄၆၀၀၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးငယ်များကို အာဟာရမုန့်များနှင့် ကစားစရာများ ပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၌ ကလေးသုံးမွှာပူးမွေးဖွားသည့် မိခင်တစ်ဦးအား ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ကြသည်။

ထို့နောက် ဘားအံမြို့နယ် ငှက်ပျောတောကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ပြည်နယ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ သောက်သုံးရေများပေးဝေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေ့လျားရေသန့်စင်စက်၊ မော်တော်ယာဉ်ဖြင့် ရေသန့်များဖြန့်ဝေပေးနေမှုနှင့် စက်ရေတွင်းများတူးဖော်၍ ရေသန့်စင်စက်များ တပ်ဆင်ပေးရန် ဆောင်ရွက်နေမှု၊ National Health Laboratory၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့က ရေအရည်အသွေးဆန်းစစ်မှုများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



# အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**
မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာစာရေးဆရာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**




# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၆**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၇ ခုနှစ် ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရ "မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)" ရေးသားသည့် "ကယားတို့၏ ဘဝခရီး" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၉ ခုနှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့ လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေဖြတ်သူတစ်ယောက်မဖြစ်စေဖို့ တို့တစ်တွေအားလုံးကြိုးစားစို့

ပါမောက္ခဒေါက်တာဖြူဖြူလေး

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့သည် ''ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့'' ဖြစ်ပါသည်။ လေဖြတ်ရောဂါသည် အသက်ကြီးငယ်မရွေး၊ ကျား၊ မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အချိန်မရွေး၊ နေရာဒေသမရွေး ဖြစ်ပွားနိုင်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လေဖြတ်ရောဂါသည် အသက်ဆုံးရှုံးစေသောရောဂါများတွင် ဒုတိယမြောက်အဆိုးဆုံးရောဂါဖြစ်ပြီး အသက်မဆုံးရှုံးဘဲကျန်ခဲ့လျှင်လည်း မသန်မစွမ်းဖြစ်စေသောရောဂါများတွင် အဓိကဦးဆောင်နေသောရောဂါတစ်ခုလည်းဖြစ်ပါသည်။

ယခုနှစ် ''ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့'' ၏ ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Don't be the one " ဖြစ်ပြီး ၎င်းနှင့်ဆီလျော်အောင် ဘာသာပြန်ဆိုထားသောဆောင်ပုဒ်မှာ ''လေဖြတ်သူတစ်ယောက် မဖြစ်စေဖို့ တို့တစ်တွေအားလုံး ကြိုးစားစို့''ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဝတစ်သက်တာတွင် လူလေးယောက်လျှင် တစ်ယောက်သည် လေဖြတ်နိုင်ခြေရှိပါသည်။ သို့သော် လေဖြတ်ရောဂါသည် ကာကွယ်နိုင်သဖြင့် သင်သည် လူလေးယောက်ထဲမှ လေဖြတ်ရောဂါခံစားရမည့်တစ်ယောက် မဖြစ်စေရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ဖောင်းပေး၍ ယခုနှစ်အတွက် ဆောင်ပုဒ်ကို သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး (World Stroke Organization) က လတ်တလော ထုတ်ပြန်ထားသော အညွှန်းကိန်းများအရ ကမ္ဘာပေါ်တွင် လေဖြတ်ရောဂါခံစားနေရသူများမှာ ၁၄ ဒသမ ၅ သန်းမျှရှိပြီး လေဖြတ်ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၅ ဒသမ ၅ သန်းမျှရှိပါသည်။ လေဖြတ်ရောဂါခံစားရပြီး အသက်ရှင်ကျန်ရစ်သူများမှာ သန်း ၈၀ ခန့် ရှိပါသည်။ လေဖြတ်ရောဂါသည် ဦးနှောက်အတွင်း သွေးသွားလာမှု ရုတ်တရက်ရပ်ဆိုင်းပြီး ဦးနှောက်ဆဲလ်များပျက်စီးခြင်းနှင့် သေဆုံးခြင်းတို့ကြောင့် ဖြစ်ပွားခြင်းဖြစ်ပါသည်။ လေဖြတ်ခြင်းကြောင့်ဖြစ်ပေါ်လာသော ရေတို၊ ရေရှည် ဆိုးကျိုးများသည် ဦးနှောက်အတွင်းရှိ မည်သည့်အစိတ်အပိုင်းကို ထိခိုက်မိသည်၊ မည်မျှလျင်မြန်ထိရောက်စွာကုသနိုင်သည်ဆိုသည့် အချက်များပေါ်တွင် တည်မှီနေပါသည်။

လေဖြတ်ရောဂါကို အဓိကအားဖြင့် နှစ်မျိုးနှစ်စား ခွဲထားပါသည်။ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းနှင့် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းတို့ ဖြစ်ပါသည်။

**ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း**

ဤအမျိုးအစားသည် ဦးနှောက်အတွင်းရှိသွေးကြောများ ပိတ်သွားခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ဦးနှောက်အတွင်းသွေးကြောများ ကျဉ်းမြောင်း၍ သွေးစီးဆင်းမှုနှေးကွေးသွားကာ သွေးခဲများဖြစ်ပေါ်လာပြီး ပိတ်ဆို့သွားခြင်းကို Cerebral Thrombosis ဟုခေါ်ပါသည်။

ဦးနှောက်သွေးကြောနံရံများတွင် အဆီများစုပုံခြင်းကြောင့် ဦးနှောက်သွေးကြောများ မာကျောသွားခြင်းသည် ၎င်းကိုဖြစ်စေသော အဓိကအကြောင်းရင်းဖြစ်ပါသည်။

ထို့ပြင် နှလုံးနှင့် လည်ပင်းရှိ သွေးကြောကြီးများမှ သွေးခဲများပြုတ်ထွက်၍ ဦးနှောက်သွေးကြောများတွင် လာရောက်ပိတ်ဆို့ခြင်းကြောင့်လည်း ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းကို ဖြစ်ပေါ်စေပါသည်။ ၎င်းကို Cerebral Embolism ဟုခေါ်ပါသည်။ ၎င်းကိုဖြစ်စေသောအဓိကအကြောင်းရင်းမှာ Atrial Fibrillation ဟုခေါ်သော နှလုံးခုန်မမှန်ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်း**

ဦးနှောက်အတွင်းရှိသွေးကြောနံရံများ ပါးလွှာ၍ သွေးကြောပေါက်ပြီး ဦးနှောက်အတွင်း သွေးယိုခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ၎င်းသည် ရုတ်တရက် သွေးပေါင်ချိန် မြင့်တက်ခြင်းကြောင့် လည်းကောင်း၊ သွေးကြောနံရံများ ပါးလွှာ၍ ဘောလုံးကဲ့သို့ဖောင်းကားလာခြင်းကြောင့် လည်းကောင်း၊ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောအထုံးများ၊ ကွန်ရက်များ ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း ဖြစ်ပွားနိုင်ပါသည်။

**❂လေဖြတ်ရောဂါသည် ဦးနှောက်အတွင်းသွေးသွားလာမှု ရုတ်တရက် ရပ်ဆိုင်းပြီး ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းနှင့် သေဆုံးခြင်းတို့ကြောင့် ဖြစ်ပွားခြင်းဖြစ်**

**❂လေဖြတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရေတို၊ ရေရှည် ဆိုးကျိုးများသည် ဦးနှောက်အတွင်းရှိမည်သည့်အစိတ်အပိုင်း ကို ထိခိုက်မိသည်၊ မည်မျှလျင်မြန်ထိရောက်စွာကုသနိုင်သည် ဆိုသည့် အချက်များပေါ်တွင် တည်မှီနေ**

**အသေးစားလေဖြတ်ခြင်း**

၎င်းသည် ဦးနှောက်အတွင်းရှိ သွေးကြောများသွေးသွားလာမှု ခေတ္တခဏပြတ်တောက်ခြင်းကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ ၎င်း၏လက္ခဏာများမှာ အကြီးစားလေဖြတ်ခြင်းလက္ခဏာများအတိုင်းပင် ဖြစ်ပါသည်။ ၎င်းကိုဖြစ်ပေါ်စေသော အကြောင်းအရာများမှာလည်း အကြီးစားလေဖြတ်ခြင်းကို ဖြစ်ပေါ်စေသော အကြောင်းအရာများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်၎င်းလက္ခဏာများသည် ၂၄ နာရီအတွင်း ပျောက်ကင်းသွားပါသည်။ ထို့ကြောင့် လူနာများသည် ၎င်းကို အလေးမမူမိဘဲ အရေးတယူကုသခြင်းမပြုလုပ်ခဲ့လျှင် တစ်ပတ်အတွင်း (သို့) တစ်လအတွင်း အကြီးစားလေဖြတ်ခြင်းကို ဖြစ်ပေါ်စေပါသည်။ သို့ပါ၍ အသေးစားလေဖြတ်ခြင်း (TIA) ကိုခံစားရလျှင် တတ်ကျွမ်းနားလည်သောဆရာဝန်နှင့်ပြသ၍ TIA ကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို ရှာဖွေပြီး တွေ့ရှိလျှင် ကြိုတင်ကုသထားခြင်းဖြင့် အကြီးစားလေဖြတ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လေဖြတ်ခြင်းကြောင့် ရေရှည်ဆိုးကျိုးတစ်ခုဖြစ်သော အသိဉာဏ်၊ မှတ်ဉာဏ်၊ စွမ်းဆောင်ရည် ကျဆင်းခြင်း (Vascular Dementia)ကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**လေဖြတ်ခြင်း၏ လက္ခဏာများ**

လေဖြတ်ရောဂါ၏ အဓိကလက္ခဏာများကို အလွယ်တကူမှတ်မိသိရှိစေရန်အတွက် FAST ဟုသတ်မှတ်ထားပါသည်။ ၎င်းအတွက် အောက်ပါမေးခွန်းသုံးခု ပါဝင်ပါသည်-

(၁) Face - သွားစိခိုင်း၊ ပြုံးခိုင်းပါက မျက်နှာတစ်ခြမ်းရွဲ့နေပါသလား။
(၂) Arms - လက်နှစ်ဖက်ကို မြှောက်ခိုင်းပါက တစ်ဖက်အားနည်းနေပါသလား။
(၃) Speech - စကားပီပီသသပြောနိုင်ပါသလား၊ ပြောသောစကားကို နားလည်ပါသလား။
(၄) Time - အထက်ပါ လက္ခဏာများထဲမှ တစ်ခုခုကိုတွေ့ရှိပါက အလျင်အမြန် ဆေးရုံအရေးပေါ်ကားခေါ်၍ ဆေးရုံသို့စေလွှတ်ပါ။

လေဖြတ်ရောဂါလက္ခဏာများကို ဆောလျင်စွာတွေ့ရှိသတိပြုမိပြီး ဆေးရုံသို့အလျင်အမြန်ပို့ဆောင်ခြင်း၊ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့် စနစ်တကျ အချိန်မီအရေးပေါ်ကုသခြင်းတို့ဖြင့် အသက်ကိုကယ်တင်နိုင်ရုံမက ပြန်လည်သန်စွမ်းရေးတွင်လည်း ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။

လေဖြတ်ပြီးအသက်မသေဘဲ ကျန်ရစ်သူများသည် လေဖြတ်ခြင်းကြောင့်ဖြစ်ပေါ်သော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရပါသည်။ ၎င်းတို့မှာ ခြေလက်အင်္ဂါမသန်မစွမ်းဖြစ်ခြင်း၊ စကားပြောဆိုဆက်သွယ်ရာတွင် အခက်အခဲဖြစ်ခြင်း၊ ၎င်းတို့၏တွေးခေါ်မှု၊ မှတ်ဉာဏ်၊ အသိဉာဏ်များ ပြောင်းလဲလျော့နည်းလာခြင်း၊ ဝမ်းသာလွယ်ခြင်း၊ ဝမ်းနည်းလွယ်ခြင်း၊ ဒေါသဖြစ်လွယ်ခြင်း၊ စိတ်ပူပန်မှုပိုများလာခြင်း စသောစိတ်ခံစားမှုများ ပိုဖြစ်လာခြင်းတို့ကြောင့် အလုပ်မလုပ်နိုင်တော့ခြင်း၊ ဝင်ငွေမရရှိခြင်းနှင့် လူမှုပေါင်းသင်းဆက်ဆံရေးများ ဆုံးရှုံးခြင်း စသည်တို့ကို ရင်ဆိုင်လာရပါသည်။

ထို့ကြောင့် လေဖြတ်ရောဂါမဖြစ်ပွားစေရန် ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး (WSO) က ဦးဆောင်၍ လေဖြတ်ရောဂါ ကာကွယ်ခြင်းလုပ်ငန်းများကို မူဝါဒများချမှတ်၍ အဓိကဆောင်ရွက်နေပြီး ၂၀၃၀ တွင် လေဖြတ်ရောဂါကို ၉၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်မည်ဟု ထုတ်ပြန်ထားပါသည်။ အဓိကအားဖြင့် လေဖြတ်ရောဂါအဖြစ်များသော Low and Middle income Countries များအတွက် အဓိကထား ဦးတည်၍ ဆောင်ရွက်နေပါသည်။

၎င်းမူဝါဒများမှာ-

(၁) လေဖြတ်ရောဂါဖြစ်စေသော အကြောင်းတရားများရှိသော၊ လေဖြတ်နိုင်ခြေရှိသော သူများအား လေဖြတ်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် ဆေးများကို မီလီဂရမ်ပါဝင်မှု နည်းနည်းနှင့် နှစ်မျိုး၊ သုံးမျိုး ပေါင်း၍ပေးခြင်းကို ရရှိရန် (ဥပမာ-သွေးကျဲဆေး၊ သွေးတွင်းအဆီကျဆေး၊ သွေးပေါင်ကျဆေး စသည်ဖြင့်)၊
(၂) လေဖြတ်ရောဂါကို စနစ်တကျ ကုသစောင့်ရှောက်မှုပေးနိုင်အောင် ကျန်းမာရေးဝန်ထမ်းများ ပြုစုပျိုးထောင်ပိုမိုထုတ်လုပ်ပေးရန်၊
(၃) လေဖြတ်ခြင်းကို ကာကွယ်နိုင်မည့်သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် ဆန်းသစ်တီထွင်ထားသော အလွယ်တကူ သယ်ယူဖြန့်ဖြူးနိုင်မည့် နည်းပညာများကို ရရှိရန်တို့ဖြစ်ပါသည်။

လေဖြတ်ရောဂါ၏ ၉၀ ရာခိုင်နှုန်းသည် ကာကွယ်နိုင်ပါသည်။ ထိုသို့ကာကွယ်နိုင်ရန်အတွက် အဓိကလုပ်ဆောင်ရမည့် ပထမခြေလှမ်းမှာ လူတစ်ယောက်တွင်ရှိသော လေဖြတ်နိုင်စေသော အကြောင်းတရားများကို ရှာဖွေရန်၊ ကာကွယ်ရန်နှင့် ကုသရန်တို့ဖြစ်ပါသည်။

လေဖြတ်ရောဂါကို ကာကွယ်ရန်အတွက် လေဖြတ်ခြင်းကိုဖြစ်စေသော အဓိကအကြောင်းရင်း ၁၀ ချက်ကို ရှာဖွေ၍ကာကွယ်ထားရန်၊ ကုသထားရန်လိုအပ်ပါသည်။ ၎င်း ၁၀ ချက်မှာ-

(၁) သွေးပေါင်ချိန်ထိန်းညှိခြင်း၊
(၂) လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊
(၃) ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ခြင်း၊
(၄) ခန္ဓာကိုယ်အလေးချိန်ထိန်းခြင်း၊
(၅) နှလုံးခုန်မမှန်ခြင်းကိုကုသခြင်း၊
(၆) ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၇) အရက်အလွန်အကျွံ သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) သွေးတွင်းအဆီဓာတ် ထိန်းညှိခြင်း၊
(၉) ဆီးချို၊ သွေးချို ထိန်းညှိခြင်း၊
(၁၀) စိတ်ဖိစီးမှုလျှော့ချခြင်းနှင့် စိတ်ဓာတ်ကျခြင်းကို ကုသခြင်းတို့ဖြစ်ပါသည်။

**(၁) သွေးပေါင်ချိန်ထိန်းညှိခြင်း**

ကမ္ဘာပေါ်တွင် လေဖြတ်လူနာဦးရေ၏ထက်ဝက်ခန့်သည် သိသာထင်ရှားသော လက္ခဏာများမရှိဘဲ သွေးတိုးရောဂါကို တိတ်တဆိတ်ခံစားနေရပြီး လေဖြတ်ရောဂါကို ခံစားရသောအခါမှသာ သွေးတိုးရောဂါရှိမှန်း သိကြပါသည်။ ထို့ကြောင့်သွေးပေါင်မှန်မှန်ချိန်ခြင်းဖြင့် သွေးတိုးရောဂါရှိ၊ မရှိကိုသိရှိနိုင်ပြီး အကယ်၍သွေးတိုးရောဂါရှိနေလျှင် လူနေမှုဘဝပုံစံပြောင်းလဲခြင်း၊ သင့်လျော်သော သွေးပေါင်ထိန်းညှိဆေးများ မှီဝဲခြင်းဖြင့် သွေးတိုးရောဂါကို ကုသနိုင်ပါသည်။

**(၂) လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း**

နှစ်စဉ် လေဖြတ်ရောဂါလူနာအားလုံး၏ သုံးပုံတစ်ပုံသည် ကိုယ်လက်အင်္ဂါလှုပ်ရှားမှုနည်းခြင်းနှင့် ဆက်စပ်နေပါသည်။ လေ့ကျင့်ခန်း တစ်ကြိမ်လုပ်လျှင် မိနစ် ၂၀ မှ ၃၀ ခန့်နှင့် တစ်ပတ်လျှင် ငါးကြိမ်ခန့် ပြုလုပ်လျှင် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ပါသည်။

**(၃) ကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်ခြင်း**

လေဖြတ်လူနာအားလုံး၏လေးပုံတစ်ပုံခန့်သည် ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ မှန်ကန်သောစားသောက်မှုပုံစံကို အနည်းငယ်မျှ ပြောင်းလဲပေးခြင်းသည်ပင်လျှင် လေဖြတ်ခြင်းကို လျှော့ချနိုင်သည့် ကြီးမားသောအကျိုးကျေးဇူးကို ရရှိနိုင်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သောစားသောက်ခြင်းများကို (ဥပမာ- ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသများတွင် စားသုံးသည့်ပုံစံဖြစ်သော ငါး၊ လတ်ဆတ်သော ရောင်စုံဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံနှင့် အစေ့အဆန်များ) ရွေးချယ်စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ထိန်းညှိပေးခြင်း၊ သွေးပေါင်ထိန်းညှိပေးခြင်း၊ သွေးတွင်းအဆီဓာတ်များလျှော့ချပေးခြင်းတို့ကို ဖြစ်စေပြီး လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

**(၄) ခန္ဓာကိုယ်အလေးချိန်ထိန်းခြင်း**

လေဖြတ်လူနာ ငါးယောက်လျှင် တစ်ယောက်သည် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထက်များနေခြင်း (Over Weight) ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထက်များနေခြင်းသည် လေဖြတ်ရောဂါကို ၂၂ ရာခိုင်နှုန်း ဖြစ်ပွားစေပြီး အဝလွန်ခြင်း (Obese) သည် လေဖြတ်ရောဂါကို ၆၄ ရာခိုင်နှုန်း ဖြစ်ပွားစေသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အလေးချိန် များလွန်းလျှင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ သွေးတွင်းအဆီများခြင်းနှင့် ဆီးချိုရောဂါအမျိုးအစား (၂)တို့ကို ဖြစ်ပွားစေပြီး လေဖြတ်နိုင်ခြေများပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းညှိပေးထားခြင်းဖြင့် လေဖြတ်နိုင်ခြေကို လျှော့ချနိုင်ပါသည်။

**(၅) နှလုံးခုန်မမှန်ခြင်းကို ကုသခြင်း**

Atrial Fibrillation ဟုခေါ်သော နှလုံးခုန်စည်းချက်မမှန်ခြင်းသည် လူအများစုက သတိမမူမိဘဲ ကြိုတင်ကုသကာကွယ်ထားခြင်းနည်းပါးသဖြင့် လေဖြတ်ရောဂါခံစားရသောအခါမှသာလျှင် သိရှိကြသော လေဖြတ်စေနိုင်သည့် အဓိကအရေးကြီးသော အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ နှလုံးခုန်ခြင်းပုံမှန်ရှိသောလူများနှင့် နှိုင်းယှဉ်လျှင် နှလုံးခုန်မှုပုံမှန်မရှိသောလူများသည် လေဖြတ်နိုင်ခြေ ငါးဆခန့် ပိုများပါသည်။ ၎င်းလူနာများ လေဖြတ်လျှင် မသန်မစွမ်းဖြစ်မှု ပို၍ပြင်းထန်ပြီး သေဆုံးမှုနှုန်းလည်း ပိုများပါသည်။ သို့သော်လည်း နှလုံးခုန်မမှန်ခြင်းကြောင့်ဖြစ်သော လေဖြတ်ခြင်းကို ကာကွယ်၍ ရပါသည်။

**(၆) ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ခြင်း**

လေဖြတ်သောလူနာ ၁၀ ယောက်လျှင် တစ်ယောက်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် ဆက်စပ်နေပြီး ဆေးလိပ်မသောက်သူများနှင့် နှိုင်းယှဉ်လျှင် တစ်နေ့စီးကရက် အလိပ် ၂၀ သောက်သူများသည် လေဖြတ်နိုင်ခြေခြောက်ဆခန့် ပိုများပါသည်။ အကယ်၍သင်သည် ဆေးလိပ်သောက်နေသူဖြစ်ပါက နောက်မကျသေးပါ။

စာမျက်နှာ ၇ သို့ ❖

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ (၆/၂၀၁၉) အစည်းအဝေးကျင်းပ

**ရန်ကုန်   အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) (၆/၂၀၁၉)အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့် အမှာစကားပြောကြားရာတွင်(**ယာပုံ**) ယခုအစည်းအဝေး၌ စက်မှုပိုင်းဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပြီးခဲ့သည့် (၅/၂၀၁၉)အစည်းအဝေးမှတ်တမ်းအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ထိုကိစ္စများကို မဆွေးနွေးမီ ပထမဦးစွာ မီဒီယာများအနေဖြင့် မိမိတို့၏ အစီအစဉ်များကို ရေးသားထုတ်လွှင့်ဖော်ပြကြသည့်အခါ မီဒီယာကျင့်ဝတ်များကို မိမိတို့အသိနှင့်လိုက်နာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ တည်ဆဲဥပဒေများနှင့် နိုင်ငံတော်အစိုးရချမှတ်ထားသည့် မူဝါဒများကို ဆန့်ကျင်သည့်သဘော မသက်ရောက်စေရန် သတိထားဆင်ခြင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဒီမိုကရေစီလူ့ဘောင်တွင် မီဒီယာလုပ်ငန်းကို နိုင်ငံပိုင်မီဒီယာ တစ်ခုတည်းက လုပ်ဆောင်၍မရပါကြောင်း၊ မီဒီယာပေါင်းစုံရှင်သန်ရပ်တည် နိုင်ရေးအတွက် မိမိတို့အားလုံးဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာ ချောမွေ့ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အမုန်းတရားများ တားဆီးကာကွယ်ရေးအပါအဝင် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစဉ်များ၊ ငွေကြေးပေးသုံးမှုကိစ္စရပ်များ၊ စာချုပ်များ ပြင်ဆင် ရေးကိစ္စရပ်များ၊ ရှမ်းပြည်နယ် ဂုတ်တွင်း၌ ချယ်ရီ FM ထုတ်လွှင့်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးဇေယျာမင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး(၅/၂၀၁၉)၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် FM ရေဒီယို အသံလွှင့်လုပ်ငန်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (၁) အတွင်း လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော်   အောက်တိုဘာ ၂၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ အလှူရှင်များမှ ခေတ်ဟောင်း(အင်္ဂလိပ်/ မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း ရွှေကမ္ဘာတာဝါ အမှတ်(၁၇၈)(၁၈၀)နေ ဦးဝင်းမြင့် မိသားစုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) အခွေ ၁၄၀၊ အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အမှတ်(၈၅)နေ ဦးမင်းလွင် မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြားအချပ် ၃၀၊ အောက်တိုဘာ ၁၁ ရက်တွင် မွန်ပြည်နယ် သထုံမြို့ လိပ်အင်း ရွာဦးတာလမ်း အမှတ်(၁၀၃၃)နေ ဦးစံထိုက် မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၂၃ ချပ်၊ အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ် (၁၆၂)လမ်း အမှတ် (၁၆) သုံးလွှာနေ ဒေါ်ချိုချိုအုန်း မိသားစုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) ၅၆ ခွေ၊ တေးစီးရီး CD အချပ် ၃၀၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဓမ္မာရုံဖြတ်လမ်းအမှတ်(၄၀)နေ ဖခင်ကြီး ဦးထွန်းအေး+မိခင်ကြီး ဒေါ်မြဝင်းအားရည်စူး၍ သားသမီးမြေးမြစ်တစ်စုက ကက်ဆက်ခွေ (တရားတော်+တေးစီးရီး) ၈၆ ခွေ၊ တေးစီးရီး CD ၂၄ ချပ်၊ Sony ကက်ဆက် တစ်လုံး၊ Panasonic VCR တစ်လုံး၊ Sony DVD တစ်လုံး၊ Samsung VCD တစ်လုံး၊ ဂြိုဟ်တုစလောင်း တစ်ခု၊ အောက်တိုဘာ ၁၆ ရက်တွင် ရောဂတီတိုင်းဒေသကြီး မအူပင်မြို့ ၆ ရပ်ကွက် ခိုင်စံပယ်လမ်း အမှတ်(၅၆)နေ (ဦးတင်ဝင်း)+ ဒေါ်ကြည် မိသားစုက (တရားတော်+ တေးစီးရီး)ကက်ဆက်ခွေ ၄၉ ခွေ၊ အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၁) ရပ်ကွက် မြရတနာလမ်း အမှတ်(၅၇၆)နေ ဗိုလ်မှူးဒေါ်ခင်မျိုးနွယ်(အငြိမ်းစား) မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၃၆ ချပ်၊ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ချမ်းသာပလာဇာ (၁၁)လွှာ အခန်း(၄)နေ ဒေါ်စန်းရီ မိသားစုက တရားတော်ကက်ဆက်ခွေ ၂၈ ခွေ၊ အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်း (အလယ်) ယူနိုက်တက်ကွန်ဒို အမှတ် (၁၂၆/၁၂၈)နေ ဦးဝင်းမြင့် [ဒု–မန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း Export]+ ဆရာမကြီးဒေါ်ခင်မျိုးယဉ်၊ သမီး မခင်သူဇာဝင်း မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ရှစ်ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၂၆ ချပ်တို့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းခဲ့ကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ)ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများ ရှိပါက ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး (မှတ်တမ်း) ဖုန်း ၀၆၇–၇၉၂၈၀၀၊ ၀၉–၂၅၂၄၁၂၈၁၃၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း) နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း ၀၉–၄၂၀၂၅၂၀၆၈ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **စာမျက်နှာ ၆ မှ**

ယခုချက်ချင်းဖြတ်လိုက်လျှင် သင်အပါအဝင် သင်နှင့် အတူတကွနေထိုင်သောသူများတွင်ပါ လေဖြတ်နိုင်ခြေနှင့် အခြားဆက်နွယ်နေသော ရောဂါများကိုလည်း လျှော့ချပေး နိုင်မည် ဖြစ်ပါသည်။

**(၇) အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း**

ကမ္ဘာနှင့်တစ်ဝန်းတွင် နှစ်စဉ် အရက်အလွန်အကျွံ သောက်သုံးခြင်းကြောင့် လေဖြတ်ရောဂါခံစားရသူ တစ်သန်းကျော်ရှိကြောင်း သိရှိရပါသည်။

**(၈) သွေးတွင်းအဆီဓာတ် ထိန်းညှိခြင်း**

ပြည့်ဝဆီများသော အစားအသောက်များစားသောက် ခြင်းဖြင့် သွေးတွင်းအဆီများ မြင့်တက်နိုင်ပါသည်။ လေဖြတ်လူနာ လေးယောက်လျှင် တစ်ယောက်သည် LDL Cholesterol များခြင်းနှင့် ဆက်နွယ်နေပါသည်။ ထို့ကြောင့် သွေးတွင်းအဆီဓာတ်များTotal Cholesterol၊ LDL နှင့် Triglyceride စသော မကောင်းသောအဆီများ များနေခြင်း ရှိ၊ မရှိကို မှန်မှန်စစ်ဆေး၍ လူနေမှုပုံစံ ပြောင်းလဲခြင်းဖြင့် လည်းကောင်း၊ မိမိနှင့် သင့်လျော်သော သွေးတွင်းအဆီကျဆေးများ သောက်သုံးခြင်းဖြင့်လည်း ကောင်း သွေးတွင်းအဆီဓာတ်ကို ထိန်းညှိထားနိုင်ပါ သည်။

**(၉) ဆီးချို/သွေးချိုထိန်းညှိခြင်း**

လေဖြတ် လူနာငါးယောက်လျှင် တစ်ယောက်သည် ဆီးချို၊ သွေးချိုဝေဒနာခံစားနေရပြီး ၎င်းရောဂါမရှိသော လေဖြတ်လူနာများနှင့် နှိုင်းယှဉ်လျှင် လေဖြတ်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားရကြောင်း တွေ့ရှိရ ပါသည်။ ထို့ကြောင့် ဆီးချို၊ သွေးချိုရောဂါ ရှိ၊ မရှိ မှန်မှန် စစ်ဆေးပြီး ကုသမှုကိုခံယူရမည်ဖြစ်ပါသည်။ ဆရာဝန် ညွှန်ကြားသည့် မိမိနှင့်သင့်လျော်သော ဆီးချို၊ သွေးချို ကျဆေးများ၊ အစာအာဟာရများနှင့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုကို ထိန်းညှိထားနိုင်ပါ သည်။

**(၁၀) စိတ်ဖိစီးမှုလျှော့ချခြင်းနှင့် စိတ်ဓာတ်ကျခြင်းကို ကုသခြင်း**

လေဖြတ်လူနာခြောက်ဦးလျှင် တစ်ဦးသည် စိတ် ကျန်းမာရေးနှင့် ဆက်နွယ်နေသည်ကို တွေ့ရှိရပါသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်းတွင်ဖြစ်သော အကြီးစားနှင့် အသေးစား လေဖြတ်ရောဂါနှစ်မျိုးစလုံးသည် စိတ်ဖိစီးမှုများ ခြင်းနှင့်စိတ်ဓာတ်ကျခြင်းရောဂါများ၊ ဒေါသကြီးခြင်း၊ စိတ်ပူပန် မှုများခြင်း စသည်တို့နှင့် ဆက်နွယ်နေသည်ကို တွေ့ရပါ သည်။ ၎င်းတို့သည် စိတ်ကျန်းမာရေးကောင်းသောသူများ နှင့် နှိုင်းယှဉ်လျှင် နှစ်ဆခန့်ပိုများနေသည်ကို တွေ့ရှိရပါ သည်။ ထို့ကြောင့် ၎င်းရောဂါလက္ခဏာများကို ရှာဖွေ၍ တွေ့ရှိလျှင် ကုသမှုပေးထားခြင်းဖြင့် လေဖြတ်ခြင်းကြောင့် သေဆုံးမှုနှုန်းကို လျှော့ချနိုင်ပြီး ပြန်လည်သန်စွမ်းလာမှု ကိုလည်း အထောက်အကူပြုပါသည်။

အထက်ပါလေဖြတ်စေနိုင်သော အဓိကအကြောင်း တရား ၁၀ ချက်ကို ကောင်းစွာသိရှိနားလည်ပြီး ရှာဖွေ၊ ကာကွယ်၊ ကုသထားခြင်းဖြင့်–

(၁) လေဖြတ်နှုန်းကို ထိရောက်စွာနှင့် အဆများစွာ လျှော့ချနိုင်ခြင်း၊

(၂) လေဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးခြင်းနှင့် ခန္ဓာကိုယ်မသန်စွမ်းဖြစ်ခြင်းတို့ကို လျှော့ချနိုင် ခြင်းတို့အပြင်

(၃) ကမ္ဘာနှင့်တစ်ဝန်းတွင် အဓိကရည်မှန်းချက် ဖြစ်သော နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချို၊ သွေးချိုရောဂါနှင့် အသက်ဆုံးရှုံးခြင်း၏ အခြားသောအဓိက အကြောင်းရင်းများနှင့် နာတာရှည်ရောဂါ ဝေဒနာများဖြစ်ပွားနှုန်းကို လျှော့ချနိုင်ရန် စီမံချက်ချ၍ လုပ်ဆောင် အကောင်အထည် ဖော်မှုများတွင်လည်း တစ်တပ်တစ်အား ပါဝင်နိုင်မည်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ယခုနှစ် ကမ္ဘာ့လေဖြတ် ရောဂါကာကွယ်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော ''လေဖြတ် သူတစ်ယောက်မဖြစ်စေဖို့၊ တို့တစ်တွေ အားလုံးကြိုးစား စို့'' ဟူသောဆောင်ပုဒ်နှင့်အညီ လေဖြတ်ရောဂါခံစားရ ခြင်းမှ ကင်းဝေးစေရန်နှင့် ကျန်းမာသောဘဝကို ပိုင်ဆိုင် ရရှိစေရန် အစွမ်းကုန် ဝိုင်းဝန်းပါဝင်ကြိုးစားကြပါရန် တိုက်တွန်းနှိုးဆော်ရင်း ယခုနှစ် ''ကမ္ဘာ့လေဖြတ် ရောဂါကာကွယ်ရေးနေ့'' ကို ကြိုဆိုဂုဏ်ပြုလိုက်ပါ သည်။ ။

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးမြင့်စိုး B.A (Cinema)

## ဒဂုန်မြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း(ဒုတိယပိုင်း)

**ကြည်စိုးထွန်း။** ။အခု ဆရာကြီးနဲ့ ကျွန်တော် နိုင်ငံတကာ ရုပ်ရှင်ပေါ်ပေါက်လာပုံအကြောင်း တွေကိုလည်း ပြောခဲ့ပြီးပါပြီ။ မြန်မာ့ရုပ်ရှင်သမိုင်းကိုစတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေကို ကျွန်တော်စဉ်းစားတယ်။ သူတို့ ရုပ်ရှင်ဘယ်တုန်းကစပေါ်တာလဲဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အိမ်နီးနားချင်းနိုင်ငံဆိုရင် အိန္ဒိယရှိမယ်၊ တရုတ်ရှိမယ်၊ နောက်တစ်ခါ ထိုင်းပေါ့။ ဟိုဘက်က လာအို၊ ကမ္ဘောဒီးယားက ကျွန်တော်တို့ထက် အများကြီးနောက်ကျပါတယ် ဆရာ။ တကယ်တမ်းကျတော့ ဒီနေ့ခေတ်စားနေတဲ့ကိုရီးယားနိုင်ငံတောင်မှ သူတို့ကိုရီးယားစစ်ပြီးတော့မှ ရုပ်ရှင်ကို ပြန်စရတော့ ၁၉၅၀ ပြည့်နှစ်ကျော်မှ သူတို့က စနိုင်တယ်။ ကျွန်တော်တို့သူတို့ထက် အများကြီးစောတယ်ဆရာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လောကက ရှေးတုန်းက ပညာသည် ဦးအုန်းမောင်တို့၊ ဦးမောင်မောင်တို့၊ ဦးညီပုတို့ ကျွန်တော်လေးစားတာ။

**ကြည်စိုးထွန်း။** ။မြန်မာလူမျိုးတွေက ကိုယ့်အားကိုယ်ကိုးပြီးတော့ ခက်ခက်ခဲခဲနဲ့ မြန်မာ့ရုပ်ရှင်လောကကို တည်ဆောက်လာရတာ။ ပိုက်ဆံကြည့်တာလည်းမဟုတ်ဘူး။ ပိုက်ဆံလိုချင်တာလည်း မဟုတ်ဘူး။ ဝါသနာအရင်းခံပြီးတော့ အမျိုးသားရေးစိတ်ဓာတ်နဲ့ လုပ်ခဲ့တာကို ကျွန်တော်သွားမြင်တယ် ဆရာ။ ၁၉၂၀ မှာ အိမ်နီးနားချင်းနိုင်ငံတွေကို ကြည့်လိုက်တဲ့အခါကျတော့ ထိုင်းက ထိုင်းလူမျိုးကိုယ်တိုင်ရိုက်တာ၊ ၁၉၂၇ ကျမှ ရိုက်နိုင်တယ်ဆရာ။

**ကြည်စိုးထွန်း။** ။ ကျွန်တော်တို့က ၁၉၂၀ ကတည်းက ကျွန်တော်တို့လူမျိုးနဲ့ ကျွန်တော်တို့ ရိုက်နိုင်နေတာ၊ ကျွန်တော်တို့ရှေးက ပညာသည်ကြီးတွေကို လေးစားစရာ တစ်ချက်ပါတယ်လို့ ကျွန်တော် မြင်တာပေါ့ ဆရာရယ်။

**ဦးမြင့်စိုး။** ။ ဇ ရှိတယ်ပေါ့။ အနုပညာ ဇရှိတယ်။ ကြိုးစားချင်စိတ်ရှိတယ်။


ဦးအုန်းမောင်


ဦးမောင်မောင်


ဦးညီပု

**ကြည်စိုးထွန်း။** ။စီးပွားရေး လည်း မဟုတ်ဘူး ဆရာ။ စီးပွားရေးမဟုတ်လို့လည်း ဦးအုန်းမောင်ဟာ အစပိုင်းမှာ ကသောင်းကနင်းဖြစ်သွားတယ်။ ဆိုပါတော့ ဆရာရယ်။ ဦးထွန်းရှိန် ဈာပနဟာဆိုရင် ပိုက်ဆံလေးတစ်ထောင်၊ နှစ်ထောင်နဲ့ စီးပွားရေးသမားကို ရောင်းလိုက်ရတယ်။ ရုပ်ရှင်လောကဟာ တကယ့်အနုပညာစိတ်နဲ့ တည်ဆောက်လာတာဆရာ။ တကယ်လည်း ရိုသေလေးစားစရာကောင်းတာပေါ့။

**ဦးမြင့်စိုး။** ။ ဗမာ့ရဲ့ ဇပေါ့ဗျာ။ တရုတ်က ၁၈၉၆ ခုနှစ်မှာဆိုရင် သူ့ဆီကို ရုပ်ရှင်တွေ ဝင်လာပြီ။ နောက်ပြီး ၁၉၀၈ ခုနှစ်မှာ ပထမဆုံး ဘာရိုက်လဲဆိုတော့ ရှိပြီးသား အော်ပရာတွေကို တည်ပြီးတော့ရိုက်တာ။ ကျွန်တော်တို့နဲ့ မတူဘူး။ ကျွန်တော်တို့က ရိုက်တာ "မေတ္တာနဲ့သူရာ" ဆိုပါတော့။ "မေတ္တာနဲ့ သူရာ" ဆိုရင် အဓိပ္ပာယ်အများကြီး ရှိတယ်။ အရက်ဟာ မကောင်းဘူး၊ လောင်းကစားဟာ မကောင်းဘူး၊ မေတ္တာတရားဟာ အင်မတန် မွန်မြတ်တယ် ဒီလို ရည်ရွယ်ချက်နဲ့စတာ။ တကယ့်ရှိပြီးသား လွယ်လွယ်ကူကူကို ရိုက်တာမဟုတ်ဘူး။ တရုတ်နိုင်ငံမှာဆိုရင် နိုင်ငံခြားသားတွေက ဦးစီးပြီးတော့ တရုတ်အမျိုးသားတွေရိုက်တာ။ ၁၉၂၂ ခုနှစ်မှ ရိုက်နိုင်တယ်။ ကျွန်တော်တို့ထက် နှစ်နှစ်နောက်ကျတယ်။ ထိုင်းက ကျွန်တော်တို့ထက် ခုနစ်နှစ်နောက်ကျတယ်။ နောက်ကျွန်တော်တို့ စပုံစနည်းချင်းကလည်း ကွာတယ်။ ကျွန်တော်တို့စတာက တကယ့်အမျိုးသားရေးစိတ်ဓာတ်နဲ့ တကယ့်အနုပညာနဲ့ စခဲ့တာဆိုတော့ ကျွန်တော်က အများကြီးဂုဏ်ယူတယ်။ ပညာပေးပါတာပေါ့။

**ကြည်စိုးထွန်း။** ။အဲဒီဟာ ကတော့ ကျွန်တော်တို့ဟာ အစကတော့ကောင်းခဲ့တာပေါ့။ အဲဒီအနှောင်းကတော့ ကျွန်တော်တို့ ဆက်ပြီးတော့ပြောကြတာပေါ့ ဆရာရယ်။ ဦးအုန်းမောင် ပရိုဂျူဆာလို့ ခေါ်မှာပေါ့ဆရာ၊ နောက်တစ်ခါကျတော့ ဦးညီပု။ ဒီထဲမှာတော့ သူက အဓိကဇာတ်ဆောင်ပေါ့။ ဦးမောင်မောင်ကတော့ အဓိက Director of Photography လို့ ပြောရမှာပေါ့နော် ဆရာ။ နောက်အဲဒီထဲမှာပါတာက ကြည့်မြင်တိုင်သူမအေးကြည်တဲ့။ အဲဒီနေရာမှာလည်း တစ်ချက်ပေါ့လေ။ ကျွန်တော် ဘာသွားတွေ့သလဲဆိုတော့ အိန္ဒိယနဲ့ကျွန်တော်တို့နဲ့ကွာတာ သွားတွေ့တယ်ဆရာ။ အိန္ဒိယက ၁၉၁၃ ခုနှစ်လောက်မှာ သူက ရာဇဝင်ကားရိုက်တယ် ဆရာ။ အဲဒီခေတ်က အင်မတန်ကို ဇာတ်ခွဲခြားမှုစနစ်က ကြီးပြီး တော့ မိန်းမတွေ အင်မတန် ဣန္ဒြေထိန်းရတာပေါ့ ဆရာ။ ရုပ်ရှင်မင်းသမီး မပါတော့ ယောကျ်ားကနေပြီး မင်းသမီးလုပ်တယ်ဆရာ။

**ကြည်စိုးထွန်း။** ။မင်းသမီး လုပ်မယ်ဆိုတော့ နှုတ်ခမ်းမွေးကြီးနဲ့မဖြစ်တော့ နှုတ်ခမ်းမွေးကြီးကို ရိတ်ပစ်လိုက်ရတယ် ဆရာ။ ရိတ်ပြီးတော့ အဲဒီထဲမှာ သူက အမျိုးသမီးသရုပ်ဆောင်အနေနဲ့ ပါတာပေါ့။ ဟိုတုန်းက ကျွန်တော်တို့ ရုပ်သေးတို့ ဘာတို့မှာဆိုရင် အမျိုးသမီး စင်ပေါ်မတက်ရသလိုနေမှာပေါ့ ဆရာရယ်။ နောက် ရှိတ်စပီးယားခေတ်က ရှိတ်စပီးယားရဲ့ ဇာတ်တွေဆိုရင် ဟို... မိန်းမတွေ မတက်ရသလိုနေမှာပေါ့။ အိန္ဒိယက ရုပ်ရှင်အစဟာလည်း အဲဒီလိုပဲ ဆရာ။ မင်းသမီးနေရာကို ယောကျ်ားကနေ ပြီးတော့ မိန်းမပုံစံနဲ့ သရုပ်ဆောင်ရတာပေါ့။

**ဦးမြင့်စိုး။** ။ခေါင်းမြီးခြုံလို့ရတာကိုး။ အဲဒါ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က တစ်ပန်းသာတယ်။ အမျိုးသမီးအခွင့်အရေးကို ပြန်စဉ်းစားမယ်ဆိုရင် မအေးကြည်တို့ စပြီးတော့မင်းသမီးဖြစ်စဉ်ကတည်းက တကယ့်အမျိုးသမီးတွေနဲ့ ကျွန်တော်တို့ ရိုက်နိုင်ခဲ့တယ်။ ဒါ၀မ်းသာစရာတစ်ခုပါပဲ။ နောက်တစ်ခါ ထူးခြားတာက အဲဒီထဲမှာ ကျောင်းသားတွေပါလာတာ။ မြန်မာ့ရုပ်ရှင်အစမှာ ကျောင်းသား နှစ်ယောက်ပါတယ်။ တစ်ယောက်က ကောလိပ်တောင်ရောက်နေပြီထင်တယ် မောင်မောင်ချစ်ဆိုတာ။ ဘောလုံးသမားမောင်မောင်ချစ်ဆိုတာ ကောလိပ်ကျောင်းသားပဲ။ ဦးညီပုကလည်း ဟိုက်စကူးကျောင်းသား။ ကျောင်းသားတွေပါလာတာကလည်း ကျွန်တော်တို့ ဂုဏ်ယူစရာလေးတွေပါပဲ။ မြန်မာ့ရဲ့ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသတွေပေါ့။

**ကြည်စိုးထွန်း။** ။ကျွန်တော်တို့မြန်မာရုပ်ရှင်ကားအစကတော့ ဂုဏ်ယူစရာကောင်းတဲ့ အစပါပဲလို့ ကျွန်တော်မြင်ပါတယ် ဆရာ။ "မေတ္တာနဲ့ သူရာ" ပထမဆုံးမြန်မာရုပ်ရှင်ကားပေါ့။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ရုံတင်လိုက်တာ အဲဒီနေ့မှာ မြန်မာပရိသတ်ကလည်း မြန်မာကားကိုတစ်ခါမှ မကြည့်ရဖူးဘူးဆိုတော့ သူ့အရင်ကတော့ ဦးထွန်းရှိန်ဈာပနတော့ ရှိတာပေါ့။

**ကြည်စိုးထွန်း။** ။ဦးထွန်းရှိန် ဈာပနကတော့ ဒီလို ဇာတ်လမ်းမျိုးလည်းမဟုတ်ဘဲ မှတ်တမ်းတင်ကားပေါ့ ဆရာရယ်။ Documentary ခေါ်မှာပေါ့။ ဒီဟာကတော့ Feature Film ပေါ့ဆရာရယ်။ တကယ့် ဇာတ်လမ်းနဲ့ ဘာနဲ့ဆိုတော့ ပရိသတ်က အင်မတန် သဘောကျကြတာ။ သဘောကျနှစ်ခြိုက်ကြတာ။ ဦးအုန်းမောင်ရဲ့ အားထုတ်မှုပေါ့။ ဒီကနေ့တော့ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်ဆိုပြီးတော့ တလေးတစားနဲ့ ရုပ်တုထုပြီး မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှာ ထားတာပေါ့။ အဲဒီလို ရုပ်တုထုပြီး ထားရအောင်လည်း ရုပ်ရှင်ကို တကယ်မြတ်နိုးပြီးတော့ တကယ့်ကို ကြိုးကြိုးစားစားလုပ်ကိုင်ခဲ့တာကိုလည်း ကျွန်တော်သွားတွေ့တယ် ဆရာ။ ဆိုပါတော့ ဆရာရယ်၊ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာဆိုရင် ထိုင်းဆိုရင်တော့ ဟောလီးဝုဒ်ကနေလာပြီးတော့ အကူအညီပေးတာရှိတယ်။ အကူအညီပေးတာတောင်မှ သူတို့က ၁၉၂၇ ကျမှ ရုပ်ရှင်ကို စနိုင်တယ်။ တရုတ်ပြည်မှာလည်း ဒီသဘောလေးတွေရှိတယ်။ သို့သော် ကျွန်တော်တို့ကျတော့ ကျွန်တော်တို့အမျိုးသားတွေကိုယ်တိုင်ကိုက ရုပ်ရှင်ကို စပြီးတော့ လုပ်နိုင်ခဲ့တာပေါ့။

**ဦးမြင့်စိုး။** ။အနုပညာဇ ရှိတယ်။ တီထွင်နိုင်တဲ့ သတ္တိရှိတယ်ဗျာ။ အဲဒါအတွက် ကျွန်တော်တို့က အင်မတန်ကို ဂုဏ်ယူတယ်၊ ဝမ်းလည်းသာတယ်။ တကယ်တမ်းလုပ်ခဲ့ရတော့ ဦးအုန်းမောင်က တော်တော့်ကို ကြိုးကြိုးစားစား လုပ်ခဲ့ရတာ။ သူများနိုင်ငံက ရိုက်တဲ့ ရုပ်ရှင်ကားတွေသူ ကြည့်တယ်။ ရုပ်ရှင်ရိုက်ချင်တဲ့အခါကျတော့ ကင်မရာရှာတယ်။ သူ့မှာ ဓာတ်ပုံဆိုင်တစ်ဆိုင်ကနေပြီးတော့ ကင်မရာလေး တစ်လုံးရလာတယ်။ သူများသုံးပြီးသား ကင်မရာလေး။

စာမျက်နှာ ၉ သို့ ❖


တရုတ်အော်ပရာ


အိန္ဒိယရုပ်ရှင်

❖ စာမျက်နှာ ၈ မှ

ရလာတော့ ဝမ်းသာအားရနဲ့အဲဒီကင်မရာလေး ရိုက်မယ်လို့ကြည့်လိုက်ရော၊ အဲဒီကင်မရာမှာ မှန်ဘီလူးပါမလာဘူး။ ဘေဘီအင်ဇိုင်း (Baby Ensign) ကင်မရာလေးပေ့ါ။ အဲဒါနဲ့ နောက်ထပ် လိုက်ရှာရပြန်တယ်။ နောက်တစ်နေရာမှာ အဲဒါနဲ့အလားတူတဲ့ ဟာလေးကို သွားတွေ့တယ်။ နှစ်လုံးကို ပေါင်းလိုက်တော့မှ ကင်မရာတစ်လုံးစာ ဖြစ်သွားတယ်။

**ဦးမြင့်စိုး။** ။ကင်မရာ တစ်လုံး ရသွားတဲ့အခါမှာ ဖလင်မရှိဘူး။ ဖလင်မရှိတော့ နိုင်ငံခြားကားတွေလာလာပြနေတဲ့အိန္ဒိယက ကိုယ်စားလှယ် တစ်ယောက်ဆီကနေ အဲဒီဖလင်ကို မှာလိုက်ရော။ မှာလိုက်တော့ ဖလင်က ပေ ၂၀၀ စာပါတယ်။ ဆံ့တာက ၅၀ ပဲ ဆံ့တာဆိုတော့ အဲဒီမှာ ဖြတ်ပြီးတော့ လုပ်တယ်။ ဦးမောင်မောင်တို့ ဦးညီပုတို့နဲ့ တွေ့ပြီးရိုက်ကြတော့ Actor တွေကလည်း တစ်ခါမှရိုက်ဖူးတာမဟုတ်တော့ အခုခေတ်လို ကားတွေဘာတွေလည်းမရှိဘူး၊ ဟိုတယ်တွေ ဘာတွေလည်းမရှိတော့ တစ်ခါတည်း လှည်းတွေနဲ့ သွားတယ်လို့ကြားဖူးတာပေ့ါ။ ဟိုတုန်းကတော့ ကန်တော်ကြီးလောက်ဆိုရင် တကယ့်တောဖြစ်နေပြီ။ ရိုက်တဲ့အခါကျတော့လည်း ဖလင်ရဲ့ ဆွဲအားကလည်း ကျွဲကော်ဖလင်ဆိုတော့ ညံ့သေးတာကိုး။ မဲတူးပြီးတော့ ဘယ်လိုမှ သုံးမရပြီး အဲလိုပုံစံကနေမှ နောက်တဖြည်းဖြည်း သူတို့ကင်မရာကို ပြောင်းတယ်။ ကင်မရာကို သူတို့အခြေအနေအရ ရလိုက်တဲ့အခါ ဆင်ကလဲယား ထင်တယ်။ ဆင်ကလဲယား ကင်မရာနဲ့ ရိုက်တဲ့အခါကျမှ ဒီ"မေတ္တာနဲ့သူရာ"ဆိုတဲ့ ကားက ထွက်လာတယ်။ ဆိုလိုတာက ဦးအုန်းမောင်ရဲ့ ဖွဲ့ပေ့ါ။ ကျွန်တော်တို့က တစ်ခါတစ်ခါကျညည်းတာပေ့ါ။ ငါတို့ဆီက စက်တွေက စုတ်နေတာပဲ။ အညံ့စားတွေ ဘာညာ ကျွန်တော်တို့က ညည်းဖူးတာပေ့ါ။ ဒါပေမယ့် ကျွန်တော်တို့ညည်းတဲ့ကင်မရာက ဦးအုန်းမောင်ရဲ့ ကင်မရာနဲ့စာရင် အများကြီးကောင်းသေးတယ်။ ဦးအုန်းမောင်ကတော့ မှန်ဘီလူးမရှိတဲ့ကင်မရာဝယ်မိတယ်။ မှန်ဘီလူးရှိတော့ နောက်ဖလင်မရှိပြန်ဘူး။ ရိုက်ပြန်တော့လည်း မှန်ဘီလူးက ကျွတ်ကျ၊ နောက်တစ်ခါကျတော့ ဖလင်ကကုန်သွား၊ မိုးကအုံ့လာ၊ ဒီပြဿနာတွေနဲ့ သူဟာ နှစ်နှစ်၊ သုံးနှစ်လောက် ကြိုးပမ်းပြီးတော့ "မေတ္တာနဲ့သူရာ"ကို ရုံတင်လိုက်တဲ့အခါကျတော့လည်း ဝက်ဝက်ကွဲ အောင်မြင်သွားတော့ နောက်တစ်ကား သူဆက်မှန်းတယ်။

**ကြည်စိုးထွန်း။** ။သူက နောက်တစ်ကားအနေနဲ့ "ကျေးတောသူမနု" ဆိုတဲ့ ဟာလေးပေ့ါလေ။ ဒီဝတ္ထုလေးကလည်း ကျွန်တော်သိသလောက် ဆရာတို့ဖခင် ဦးတင်နွယ်ကနေပြီးတော့ ဒီဝတ္ထုလေးကောင်းတယ်ဆိုပြီးတော့ ပြောတာနဲ့ သူတို့ ဒုတိယအကြိမ် ရိုက်လိုက်ကြတယ်လို့ ပြောတယ်ဆရာ။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ပြောပါဦး ဆရာ။

**ဦးမြင့်စိုး။** ။ရှင်းရှင်း ပြောရရင် ပီမိုးနင်းပေ့ါ။ ဆရာကြီးပီမိုးနင်းက "မနုကျေးတောသူ"ဆိုတာက နာမည်မစားဘူးပေ့ါဗျာ။ "ကျေးတောသူမနု"လို့ ပြောင်းလိုက်တော့ မင်းသားက ဦးညီပုပဲ။ အဲဒီမှာ မင်းသမီးမရှိဘူး။ မင်းသမီးကို သူတို့ရှာတယ်ပေ့ါဗျာ။ ရှာတော့ဗျာ စမ်းချောင်းမြို့နယ်မှာ အရပ်ယိမ်းမှာကတဲ့ ယိမ်းသမတစ်ယောက်ပေ့ါ။ နှာတံပေါ်ပေါ်လေး။ ကိုယ်လုံးလေးက ကျစ်ကျစ်လျစ်လျစ် မငွေမြိုင်ပါ။ နာမည်က တွေ့တော့ကာ ရွေးလိုက်ရော ။ ရွေးလိုက်တော့ကာ ဇာတ်လမ်းအရဆိုရင် ဦးညီပုက မောင်မြင့်နေရာမှာ။ မငွေမြိုင်က မနုရဲ့နေရာမှာ၊ လူကြမ်းက ဦးတုတ်ကြီး၊ ဦးပါကြီးက မနုရဲ့အဖေ။ အဲဒီမှာ ရိုက်တော့ကာ စတူဒီယိုမရှိဘူးဗျ။ အတွင်းခန်းတွေ ရိုက်ချင်တာ Indoor ပေ့ါဗျာ။ စတူဒီယိုမရှိတော့ဘာလုပ်လဲ ဆိုတော့ ပြည်မြို့ထန်းတောမှာ အောက်ခြေက သုံးထပ်သားခင်း၊ တိုင်တွေစိုက်၊ ပိတ်ဖြူမိုးပြီးတော့ကာ ရိုက်တယ်။ ပိတ်ဖြူမိုးတော့ နေရောင်က တိုက်ရိုက်မဖြစ်ဘူးပေ့ါ။ ရှင်းရှင်းပြောလို့ရှိရင် Filter ခံပြီးသား။ အဲဒီမှာ ကျွန်တော်တို့ ဇာတ်ကားကို သုံးလတည်းနဲ့ အပြီးရိုက်တာ။ သုံးလအပြီးဆိုတော့ ရှေးတုန်းကတော့ မြန်တယ်ခေါ်တာပေ့ါ။ အခုခေတ်ဆိုလို့ရှိရင်တော့ ကြာတယ် ခေါ်တာပေ့ါ။ ဒါပေမယ့် ဟိုတုန်းကတော့ မြေစမ်း ခရမ်းပျိုးကြတာ။ အဲဒါ ဘယ်မှာပြသလဲဆိုတော့ကာ ၁၉၂၁ ခုနှစ် မတ်လ စီနီမာဒီပဲရစ်ရုံမှာပဲ ပြတယ်။ အမှန်က နာမည်က မငွေမြိုင်၊ ဇာတ်ကားထဲ မှာကတော့ မနု။ အဲဒီကနေစပြီးတော့မင်းသမီးခင်ခင်နုဆိုပြီးတော့ နာမည်ကျော်သွားတယ်။

**ကြည်စိုးထွန်း။** ။ဩော် သူ့ဇာတ်ကားထဲက နာမည်က တစ်ခါတည်း အပြင်နာမည်ပါဖြစ်သွားတာပေ့ါ။ ဒါဆို ဦးကျောက်လုံးလိုပေ့ါ ဆရာရယ်။ ဦးကျောက်လုံးနာမည်က ဦးအောင်ကြီးဆရာ။ ဒါပေမယ့် "ဤလူ့ဘောင်တွင်" မှာထင်တယ်၊ သူက ဦးကျောက်လုံးတဲ့ ဇာတ်ကောင်နာမည်က။ "ဦးကျောက်လုံးက"က သိပ်အောင်မြင်တဲ့အခါကျတော့ ဦးအောင် ကြီးနာမည်ပျောက်သွားပြီး ဦးကျောက်လုံးဆိုပြီး ဖြစ်သွားတယ်။ အဲဒီလိုနေမှာပေ့ါဆရာ။ အခု ခင်ခင်နုလည်း မငွေမြိုင်ပျောက်ပြီး "ခင်ခင်နု" ဖြစ်သွားတယ်။

**ဦးမြင့်စိုး။** ။ဘယ်လောက်တောင် ပရိသတ်က အစွဲကြီးသလဲဆိုလို့ရှိရင် အဲဒီအစွဲကို ယူပြီးတော့ သူ့နာမည်ပါ ပြောင်းပစ်ရတယ်။ "ခင်ခင်နု" ဖြစ်သွားတယ် မငွေမြိုင်လည်း။

**ကြည်စိုးထွန်း။** ။အဲဒီမှာဆရာ၊ ထူးခြားတာတစ်ခုက ကားပြတဲ့အခါမှာ ကျွန်တော်တို့ တီးလုံးနဲ့ပေ့ါ ဆရာ။ အရင်က ကျွန်တော်ကြားဖူးတာကတော့ မေတ္တာနဲ့ သူရာမှာ စန္ဒရားတစ်လုံးတည်းနဲ့ ဇာတ်ပို့တာပေ့ါ။ ဒီဟာကျတော့ တိုးလာတယ် ပြောတယ်ဆရာ။ အဲဒီအကြောင်းလည်း ပြောဦးဆရာ။

**ဦးမြင့်စိုး။** ။တိုးတာကတော့ ကျွန်တော်ထင်တယ်တီးလုံးပေ့ါဗျာ။ တီးလုံးဆိုတာကတော့ နောက်က ပို့ပေးတာပေ့ါ။ ပြေးတယ် လိုက်တယ်ဆိုရင် မြန်မာ့ဂီတသံစဉ်အရ ဗိန်းဗောင်းတီးတာပေ့ါ။ ရိုးရိုးချစ်ခန်းဆိုရင် တယောလေးတီးတာပေ့ါဗျာ။ အဲဒါမျိုးတွေပါ။ သူ့ရဲ့ လှုပ်ရှားမှုရဲ့ သဘောသဘာဝအရ ကျွန်တော်တို့ နောက်ခံပေးတဲ့ ဂီတလည်း ပြောင်းလာတဲ့အပိုင်းလေးတွေရှိတာပေ့ါ။ ဒါကတော့ ကျွန်တော်ထင်တယ်လေ... မြန်မာ့ ဇာတ်သဘင်တို့ရဲ့ ထုံးတမ်းစဉ်လာအရ ဖြစ်လာတာကိုး။ မြန်မာရဲ့ မူရင်းဇာစ်မြစ်ပေ့ါဗျာ၊ မြန်ရင် မြန်တယ်၊ ဗိန်းဗောင်းတီးတယ်။ အလွမ်းခန်းတွေ ဘာတွေဆိုရင် တယောလေးနဲ့ ချွဲချွဲပျစ်ပျစ်။ ဒါကတော့ ဖြစ်စဉ်ရဲ့ သဘာဝအရ တီးလုံးက သရုပ်ဖော်ပေးရတယ်၊ ပံ့ပိုးပေးရတယ်။ "မေတ္တာနဲ့သူရာ" တုန်းကတော့ ရုပ်ရှင်တီးလုံးရယ်လို့ မရှိဘူး။ ကျပန်းဇာတ်သဘင်တီးလုံးတွေယူပြီးတော့ တီးတယ်၊ စန္ဒရားတစ်လုံးပဲ။ "ကျေးတောသူမနု" ကျတော့ကာ ဘာပါလာလဲဆိုရင် စန္ဒရားအပြင် တယောတို့ မယ်ဒလင်တို့ ပံ့ပိုးပေးနိုင်တဲ့ဟာ၊ ရုပ်ရှင်ရဲ့ ပုံရိပ်ရသကို ပိုပြီးတော့ကြွအောင် ဖန်တီးပေးနိုင်တာလေးတွေ သုံးလာတယ်။ မြန်မာ့ရဲ့တေးဂီတ တူရိယာပိုင်းရဲ့ညဉ်ပေ့ါဗျာ။

**ကြည်စိုးထွန်း။** ။ဆရာ အဲဒီမှာ အဆိုတော်လည်း ပါလာတယ်ထင်တယ်။

**ဦးမြင့်စိုး။** ။အဆိုတော်လည်း ပါလာတယ်။ အဆိုတော်ပါလာတာက ဘာလို့တုန်းဆိုတော့ အမှန်တော့ တီးလုံးချည်းပဲဆိုရင် ငြီးငွေ့တယ်ပေ့ါနော်။ အဲဒီထဲမှာ အဆိုလည်းပါတယ်၊ လွမ်းလို့ရှိရင်လွမ်းချင်းပေ့ါဗျာ၊ အမှန်ကတော့ ချွဲတယ်ပေ့ါဗျာ။

**ကြည်စိုးထွန်း။** ။မြန်မာ့ ရုပ်ရှင်မှာတော့ ဒီကားမှာ စပြီးတော့ သီချင်းဆိုတာ ပထမဆုံးပေ့ါ။

**ဦးမြင့်စိုး။** ။အဆိုတော်ကလည်း ဘယ်သူလဲဆိုတော့ ဦးဖြိုးတဲ့ ကိုဖြိုးတဲ့။

**ကြည်စိုးထွန်း။** ။ဒါ ဦးဖြိုးကတော့ ပထမဆုံးအဆိုတော်ပေ့ါ ရုပ်ရှင်မှာ။

**ဦးမြင့်စိုး။** ။မြန်မာ့ ရုပ်ရှင်ရဲ့ ပထမဆုံး နောက်ခံတေးဂီတအဆိုတော်ပေ့ါဗျာ။ အဆိုတော်ဆိုတော့လည်း သိတဲ့အတိုင်းပေ့ါဗျာ။ မြန်မာ့ရုပ်ရှင်ရဲ့ လှုပ်ရှားမှုကို တေးဂီတနဲ့ ပံ့ပိုးပေးတာပေ့ါဗျာ။ မြန်မာတင်မဟုတ်ဘူးပေ့ါဗျာ၊ ဘယ်တိုင်းပြည်မှာပဲဖြစ်ဖြစ် တေးဂီတရဲ့ ရသက အဖြစ်အပျက်ကိုပို့ပေးနိုင်တယ်ပေ့ါ။ ။

(ဆက်လက်ဖော်ပြပါမည်)



ပီမိုးနင်း



ဦးထွန်းရှိန်



မောင်မောင်ချစ်



မရီ(ခ)မအေးကြည်



Baby Ensign ကင်မရာ



"ကျေးတောသူမနု" ဇာတ်ကားတွင် စတင်ပါဝင်သူ မငွေမြိုင်(နောင်တွင် ခင်ခင်နု) နှင့် ဒါရိုက်တာ ဦးပါကြီး။



ခင်ခင်နု

# မိုးမိုး (အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မိုးမိုး (အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာ ပွဲတော် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။



ဆရာမဂျူး စာဖတ်ခြင်းအနုပညာခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

### ဝိုင်းဖွဲ့ဆွေးနွေး

ယနေ့ပွဲတော် ဒုတိယနေ့တွင် ဒါရိုက်တာ ကြည်စိုးထွန်းက "စာပေမှသည် ရုပ်ရှင်သို့"ခေါင်းစဉ်ဖြင့် မိုးမိုး (အင်းလျား)ဝတ္ထုများ ရုပ်ရှင်ရိုက်ကူးသည့် အတွေ့ အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ ကဗျာဆရာမ မအိနှင့်အဖွဲ့က ကဗျာရွတ်ဆိုခြင်း၊ "ငယ်ကျွမ်းဆွေတို့ စကားဝိုင်း" ခေါင်းစဉ်ဖြင့် ဆရာမ စမ်းစမ်းတင်၊ ဆရာမ မေအောင်စိုး၊ ဆရာမ ခင်အုန်းမြင့် (ဒိုက်ဦး)၊ ဆရာမ မာလာတင်တို့က ဝိုင်းဖွဲ့ ဆွေးနွေးခြင်း၊ "ဝက်ပါထဲက တံခါးတစ်ချပ်" ခေါင်းစဉ်ဖြင့် ဆရာမ ယမင်းမြတ်အေးနှင့် "စာဖတ်ခြင်းအနုပညာ" ခေါင်းစဉ်ဖြင့် ဆရာမဂျူးတို့က ဟောပြောခြင်း၊ "ဝတ္ထုတို ဆိုသည်မှာ"ခေါင်းစဉ်ဖြင့် ဆရာမ ခင်မြဇင်၊ ဆရာမ မိချမ်းဝေ၊ ဆရာမ နှင်းဝေငြိမ်းတို့က ဝိုင်းဖွဲ့ ဆွေးနွေးခြင်းတို့ ပြုလုပ်ကြသည်။

ဆရာမ မိုးမိုး (အင်းလျား)နှင့် ပတ်သက်ပြီး ဆရာမကြီး စမ်းစမ်းတင်က "မိုးမိုးနဲ့ ကျွန်မက အခင်ဆုံးသူငယ်ချင်းတွေပါ။ သူ့မွေးနေ့က အောက်တိုဘာ ၂၄ ရက် ကုလသမဂ္ဂနေ့၊ သူဆုံးတာက မတ် ၁၃ ရက် ဖုန်းမော်နေ့ပေါ့။ သူဆုံးတဲ့ကာလတုန်းက ရန်ကုန်မှာ စစ်အုပ်ချုပ်ရေးကြေညာထားတယ်။ ဒါပေမယ့် သူဆုံးတာလည်းကြားရော ရန်ကုန်မြို့မှာ ရှိသမျှစာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေ စုဝေးကြတယ်လေ။ သူက အဲဒီလောက်အထိ စာပေနယ်ပယ်ကရော၊ အနုပညာနယ်ပယ်ကရော သူ့ကို အမြတ်တနိုးထားတာပေါ့နော်။ သူ့ရဲ့ ၇၅ နှစ်ပြည့်လုပ်မယ်ဆိုတော့ ဥရောပခရီးစဉ်ကိုဖျက်ပြီး သူ့ကိုအထူးသဖြင့် ဂုဏ်ပြုတဲ့ အနေနဲ့လာတာပါ။ သူ့ရဲ့အမှတ်တရတွေက အများကြီးပါ။

''သူကိုယ်တိုင် မြင်တွေ့ရတာ၊ ခံစားရတာတွေ၊ လူတွေရဲ့စိတ်ကို ဖောက်ထွင်းမြင်ရတာတွေကို ရေးဖွဲ့ခဲ့ပါတယ်။ စာရေးဆရာတွေ၊ ဝေဖန်ရေးဆရာတွေက သူ့ကို ဘဝသရုပ်ဖော် စာရေးဆရာလို့ ပြောလိုက်တဲ့အတွက်ကြောင့် ငါ့ကိုယ်ငါ စည်းဝိုင်းထဲဝင်သွားတယ်လို့ သူကပြောပါတယ်။ စာရေးဆရာ၊ ကဗျာဆရာ ဖြစ်တဲ့အတွက် စိတ်ခံစားမှုကတော့ ဖြစ်ကြတာပါပဲ။ သူ့ရဲ့ပုဂ္ဂလိကခံစားချက်တွေကိုကျတော့ ရေးရင်ရေးမယ်။ ဒါပေမယ့် မဂ္ဂဇင်းတိုက်တွေ၊ လူထုစာဖတ်



ဆရာမ စမ်းစမ်းတင်၊ မေအောင်စိုး၊ သီသီစိုးတို့က ငယ်ကျွမ်းဆွေတို့ စကားဝိုင်းခေါင်းစဉ်ဖြင့် ဝိုင်းဖွဲ့ ဆွေးနွေးကြစဉ်။

ပရိသတ်တွေကို ချပြဖို့အတွက်ကျတော့ တွန့်ဆုတ်သွားတယ်လေ။ အဲဒါက အင်မတန်မှ လေးစားထိုက်တယ်။ အတုယူထိုက်တယ်။ သူ့ရဲ့အတွေးအခေါ်၊ သူ့ရဲ့အယူအဆပေါ့။ ကိုယ်ရေးတဲ့စာကိုယ်တာဝန်ယူရမယ်ဆိုပြီးတော့ အမြဲတမ်းပြောလေ့ရှိပါတယ်။ ဒါတွေကို သူ့ဆီကနေ ကျွန်မလည်း သင်ယူရပါတယ်။

ဒီနေ့မှာ "ငယ်ကျွမ်းဆွေတို့ စကားဝိုင်း" ခေါင်းစဉ်နဲ့ ဝိုင်းဖွဲ့ပြီးတော့ သူနဲ့ ကြုံခဲ့ရတဲ့၊ ရင်းရင်းနှီးနှီးနေခဲ့ရတဲ့ကာလလေးတွေကို ဦးဆောင်ဆွေးနွေးတဲ့သူက ပေးတဲ့အပေါ်မူတည်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ မိုးမိုး (အင်းလျား)လို ရိုးသားပြီး ဖြောင့်မတ်တဲ့ စာရေးဆရာမျိုး များများပေါ်ထွန်းပါစေလို့ ဆုတောင်းချင်ပါတယ်။ အဲဒီလိုလည်း ကြိုးစားစေချင်ပါတယ်။ လူတွေကို ဖြတ်လမ်းလိုက်တာတို့၊ နာမည်ကြီးချင်တာတို့၊ ကိုယ့်အရည်အချင်းမရှိဘဲနဲ့ မတန်မရာမှန်းတာတို့ အဲဒါမျိုးတွေ မရှိဘဲနဲ့ ရိုးရိုးသားသားနဲ့ ကြိုးစားစေချင်ပါတယ်။ ကိုယ်လည်းကြိုးစား နေရပါတယ်" ဟုပြောသည်။

ဆရာမကြီး နီတာယဉ်ယဉ်မေ (မေအောင်စိုး)က "မိုးမိုးနဲ့ တက္ကသိုလ်ကတည်းက ခင်ကြတာပါ။ အိမ်ထောင်ကျတဲ့အထိလည်း စာပေနဲ့ပတ်သက်ပြီး ကျွန်မတို့ ဆုံဖြစ်ကြတယ်။ မိုးမိုးကစည်းကမ်းရှိတယ်။ မိတ်ဆွေပေါင်းသင်းတဲ့အခါမှာလည်း ရွေးပေါင်းတယ်။ မိန်းမလည်းပီသတယ်။ ချက်ပြုတ်တာ၊ အိမ်အထားအသိုကအစ ချစ်ဖို့ကောင်းတာတွေ အများကြီးပါ။ ကျွန်မတို့ တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ ရင်းရင်းနှီးနှီးနေခဲ့ကြတယ်။ သူဆုံးသွားတာ ကျွန်မအတွက် ဘယ်လိုမှ မယုံနိုင်ဘူး။ အခု သူ့ရဲ့ ၇၅ နှစ်ပြည့်ဆိုတော့ ဂုဏ်ပြုတဲ့အနေနဲ့ သွားမှဖြစ်မယ်ဆိုပြီး စမ်းစမ်းတင်နဲ့တိုင်ပင်တယ်။ တကယ်လို့ သူ့ရဲ့ နှစ် (၁၀၀) ပြည့်ကိုသူ့မိသားစု၊ သူ့သားသမီးတွေက လုပ်ရင်တောင် အဲဒီအချိန် ကျွန်မတို့ရှိမှာ မဟုတ်တော့ဘူး။ ဒီပွဲကို သွားမှဖြစ်မယ်ဆိုပြီး စမ်းစမ်းတင်က အမေရိကကနေ၊ ကျွန်မက အင်္ဂလန်ကနေ အလုပ်တွေခွင့်ယူပြီးလာကြတာပါ။ ဒီနေ့ လာရတာ ဝမ်းနည်း၊ ဝမ်းသာဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတစ်ခုလုပ်ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ သူ့ကိုလည်းသိပ်ရှိစေချင်တယ်။ သူသာရှိရင် အလွန်ဝမ်းသာမှာပဲ" ဟု ပြောသည်။

### စိတ်ဓာတ်ခွန်အားတွေရ

ပွဲတော်သို့ လာရောက်သည့် တောင်ဥက္ကလာပမြို့နယ်မှ မသော်သော်မိုးဦးက "မိုးမိုး (အင်းလျား)နဲ့ ပတ်သက်တဲ့ စာပေဟောပြောပွဲ ရှိတယ်ဆိုတော့ သင်တန်းတက်ရင်းနဲ့ လာဖြစ်တာပါ။ ဆရာမကြီးရဲ့ စာအုပ်တွေ တော်တော်များများဖတ်ဖြစ်ပါတယ်။ မှတ်မိသလောက်ဆိုရင် ပျောက်သောလမ်းမှာ စမ်းတဝါး၊ ငြိမ်းကိုရှက်ပါ၊ ရွှေတိဂုံကို မြင်လျှင်၊ နာမကျန်းသည်အိုနှင်းဆီ၊ သုံးလွန်းတင်မှကြိုး၊ အဲဒီအထဲက ပျောက်သော လမ်းမှာစမ်းတဝါးနဲ့ နာမကျန်းသည် အိုနှင်းဆီစာအုပ်ကို ပိုကြိုက်ပါတယ်။ ဆရာမကြီး မိုးမိုး(အင်းလျား)စာအုပ်တွေကို ဖတ်တဲ့အခါ အချစ်မှာဆို အချစ်ကိုပဲရေးဖွဲ့တာ မဟုတ်ဘဲနဲ့ အပြင်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောတရားတွေ၊ လူတွေကိုအထူးပြုပြီး ရေးတာလို့ မြင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိတာတွေကို ထုတ်ဖော်ရေးသားတာ တွေ့ရတယ်။ မိုးမိုး (အင်းလျား)၊ ဂျာနယ်ကျော်မမလေးတို့လို ဝတ္ထုတွေ ဖတ်ဖြစ်တယ်။ တချို့က အဲဒီလို စာအုပ်တွေ မဖတ်ချင်ဘဲ သူတို့အတွက် ခွန်အားဖြစ်စေတဲ့ စာအုပ်တွေပဲ ဖတ်ချင်ကြတယ်။ အဲဒီလိုဖတ်မှ တိုးတက်မယ်လို့ အခုလူငယ်ပိုင်း တော်တော်များများတွေ့ရတယ်။ ဒီလိုသဘာဝအတိုင်းရေးထားတဲ့ စာရေးဆရာတွေရဲ့ အတွေးအမြင်တွေကို ဖတ်မယ်ဆိုရင်လည်း စိတ်ဓာတ်ခွန်အားတွေ ရစေတယ်လို့မြင်ပါတယ်။ ဆရာမ မိုးမိုး(အင်းလျား) ကွယ်လွန်သွားပြီ ဖြစ်သော်လည်း အမှတ်တရအနေနဲ့ ဒီပွဲတော်ကို လုပ်ပေးတဲ့အတွက် စာမဖတ်ဖြစ်တဲ့လူငယ်တွေလည်း စာဖတ်ဖြစ်မယ်။ စာအုပ်တွေဝယ်ဖြစ်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ပွဲတော်တွင် ခေတ်အဆက်ဆက်မှ စာရေးဆရာ၊ ဆရာမကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ခဲစာလုံးပုံနှိပ်ခေတ်ပြပွဲ၊ စာရေးသူ စာဖတ်သူ စကားဝိုင်း၊ ပန်းချီပြခန်း၊ ပန်းချီလက်တွေ့ရေးဆွဲခြင်း၊ ကာတွန်းပုံများပြသခြင်း၊ ပုံတူရုပ်ပြောင်များရေးဆွဲပေးခြင်း၊ စာပေအနုပညာရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ ဆိုင်ခန်းများ၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါ မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၇ ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်း – မီမီဖြိုး၊ ဓာတ်ပုံ – ရဲထွန်း**

## မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ၏ လက်ရှိပိုင်ရှင်၊ အမည်၊ နေရပ်လိပ်စာ တိကျမှန်ကန်စွာ မှတ်တမ်းတင်နိုင်ရန် အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များ၏ ပိုင်ရှင်၊ အမည်၊ နေရပ်လိပ်စာ တိကျမှန်ကန်ရေးသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် စည်းကမ်းဥပဒေနှင့်ညီညွတ်သည့် မော်တော်ယာဉ်များဖြစ်စေရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် Radio Frequency Identification(RFID) စနစ်နှင့်ချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် များစွာအရေးပါပါသည်။

၂။ မော်တော်ယာဉ်(၁)စီးအတွက် ယခင်ကောက်ခံခဲ့သည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်နှုန်းသည် အနိမ့်ဆုံး ၁၅ % မှ အမြင့်ဆုံး ၃၀ % အထိ ဖြစ်ပါသည်။ ယခု ၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက် ဥပဒေ ပုဒ်မ– ၂၅ အရ ယာဉ်ပိုင်ရှင်တိုင်း အခွန်ပေးဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်ရာ အခွန်သက်သာခွင့် ကန့်သတ်ကာလအတွင်းယာဉ်ပိုင်ရှင်တိုင်း ယာဉ် လက်ဝယ်ရှိသူအမည်၊ နေရပ်လိပ်စာမှန်ကန်စွာ ပြောင်းလဲ မှတ်တမ်းတင်နိုင်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

၃။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ (ကနဦးမှတ်ပုံတင်ခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ ယာဉ်မှန်/ မမှန်စစ်ဆေးခြင်း၊ နယ်ဝင်/ နယ်ထွက်ခြင်း၊ ခရီးလွန်စစ်ဆေးခြင်း၊ စက်/ ဆေး/...ပြောင်းလဲခြင်း၊ မှတ်ပုံတင်အထောက်အထား ပျောက်ဆုံးခြင်းစသည်ဖြင့်) ဆောင်ရွက်ပါက အမည်ပေါက်ယာဉ်ပိုင်ရှင်ကိုယ်တိုင်(သို့မဟုတ်) အမည်ပေါက်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ပြနိုင်ခြင်းမရှိပါက ယာဉ်လက်ဝယ်ရှိသူ၏အမည်သို့ပြောင်းရန် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်စေမည်ဖြစ်ပါသည်။

၄။ နောင်နှစ်များတွင်လည်း မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ယာဉ်အမည်ပေါက်ပိုင်ဆိုင်သူ မှန်ကန်မှသာ သက်တမ်းတိုး ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မိမိပိုင်ယာဉ် မိမိအမည်ပေါက်မှန်ကန်စေရေးအတွက် အခွန်သက်သာခွင့် ကန့်သတ်ကာလအတွင်း ယာဉ်ပိုင်ရှင်များအားလုံး အလေးထားပူးပေါင်း ဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# လူထုအတွင်း ညီမျှခြင်း ထင်လင်းရှိစေရာ

■ ကိုရင်သြ

ယခုရက်သတ္တပတ်များကာလအတွင်းကမ္ဘာတစ်ဝန်းရှိအသီးသီးအသကဖြစ်သော မြို့ကြီးများ၌လူထုဆန္ဒပြပွဲများ အုတ်အော်သောင်းတင်းဖြစ်ပေါ်နေရခြင်းသည် နိုင်ငံရေးခေါင်းဆောင်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုနည်းပါးနေခြင်းထင်ဟပ်နေပြီး ပြည်သူ့အသံကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများက ပိုမို၍နားထောင်ပေးသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတာရက်က မှတ်ချက်ပြုပြောကြားလိုက်သည်ဆိုသောသတင်းတစ်ပုဒ်ကို အောက်တိုဘာ ၂၅ ရက်တွင် ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာတစ်လွှားတွေ့မြင်နေရသည့် လူမှုရေးမညီမျှမှုများကိုငဲ့စောင်းကြည့်မိလေ၏။

"သာမန်ပြည်သူများ၏ပကတိပြဿနာများကို ကမ္ဘာတစ်ဝန်းရှိနိုင်ငံ့ခေါင်းဆောင်တို့က ဂရုစမ္မပြု၍နားထောင်သင့်ကြောင်း"ကုလသမဂ္ဂအကြီးအကဲက အောက်တိုဘာ ၂၅ ရက်တွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ သတင်းထောက်များအားပြောကြားခဲ့လေသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် ဆန္ဒပြပွဲများ၏နောက်ကွယ်တွင် မတူကွဲပြားသောအကြောင်းခြင်းရာ အမျိုးမျိုးရှိနိုင်သော်လည်း ဆန္ဒပြပွဲများဖြစ်ပွားနေသည့် နိုင်ငံများအတွင်း တူညီသောအကြောင်းတရားတစ်ရပ်မှာ နိုင်ငံသားများနှင့် နိုင်ငံရေးလူတန်းစားလွှာအကြားတည်ရှိနေသော "လူမှုရေးပဋိညာဉ်ပျက်ပြားစေရန်ခြိမ်းခြောက်မှုများမြင့်တက်လာခြင်း"ပင်ဖြစ်ကြောင်း သူကဝိတ္ထာရချဲ့ပြောကြားသည်။

နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ဘဏ္ဍာရေးနှင့် လူမှုရေးစနစ်များအရ တန်းတူညီမျှမှုရှိရေးကိုသာလိုလားကြကြောင်း၊ ပြည်သူများသည်အခွင့်ထူးခံလူတန်းစားများကိုမလိုလားဘဲ တန်းတူရည်တူရိုးသားသောယှဉ်ပြိုင်မှုများကိုသာရှိစေလိုကြောင်း၊ ၎င်းအပြင် ပြည်သူတို့သည်၎င်းတို့၏ လူ့အခွင့်အရေးများကိုပြည့်ပြည့်ဝဝရရှိလိုကြပြီး မိမိတို့နှင့် တိုက်ရိုက်ပတ်သက်နေသောရေးရာကိစ္စရပ်များတွင် မိမိကိုယ်တိုင်ဆုံးဖြတ်ချက်များကိုချမှတ်လိုကြကြောင်း ဂူတဲရက်ရှိကဆက်လက်ရှင်းပြသည်။

လတ်တလောဖြစ်ပေါ်နေသည့်လူထုဆန္ဒပြပွဲကြီးများကိုဘိုလီဗီးယား၊ ချီလီ၊ ဟောင်ကောင်၊ အီကွေဒို၊ အီဂျစ်၊ ဂီနီ၊ ဟေတီ၊ အီရတ်နှင့်လက်ဘနွန်နိုင်ငံတို့တွင် ကျွန်ုပ်တို့တွေ့မြင်နိုင်ကြသည်။

ထို့အပြင် အယ်လ်ဂျီးရီးယား၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွါ၊ မာလာဝီ၊ ရုရှား၊ ဆူဒန်၊ ဇင်ဘာဘွေ၊ ပြင်သစ်၊ စပိန်နှင့် ယူကေနိုင်ငံတို့တွင်လည်း ယခုနှစ်အတွင်း ကြီးကြီးမားမားဆန္ဒပြပွဲများအုံနှင့်ကျင်းနှင့် ဖြစ်ခဲ့လေသည်။

ဘိုလီဗီးယားနိုင်ငံ၌ ဆန္ဒပြပွဲများဖြစ်ပွားစဉ်ရဲတပ်ဖွဲ့က အင်အားသုံး၍ နှိမ်နင်းခဲ့သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ တင်းမာမှုများလျှော့ချရေးအတွက် နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သင့်ပုံကို ထောက်ပြပြောဆိုခဲ့သည်။

ကျော်မကောင်းကြားမကောင်း ဆန္ဒပြပွဲများဖြစ်ပွားနေဆဲနိုင်ငံမှာ အရှေ့အလယ်ပိုင်းဒေသရှိ အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ဖြစ်သည်။ ဘဂ္ဂဒက်ဆန္ဒပြပွဲများတွင် ၁၅၇ ဦး ထက်မနည်းသေဆုံးခဲ့ရပြီး လူပေါင်း ၅၅၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ဆန္ဒပြသူများ သေဆုံးရမှုများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုထင်ဟပ်နေသည်ဆို၏။

ဆန္ဒပြပွဲများအတွင်း အင်အားအလွန်အကျွံသုံးကာနှိမ်နင်းခြင်းအပါအဝင် အာဏာပိုင်များကိုယ်တိုင်က သတင်းအမှောင်ချမှုကိုလည်း ပြုလုပ်လေ့ရှိသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဒွန်တွဲဖြစ်ပေါ်နေသည်ဟု ပြောစမှတ်ပြုနေကြသည့်ဆန္ဒပြပွဲများအနက် သာဓကထုတ်ဆောင်ရသော် ချီလီနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆန္ဒပြပွဲများဖြစ်သည်။

ဤဆောင်းပါးရေးသားနေချိန်အောက်တိုဘာ ၂၆ ရက်မှာပင် ယင်းနိုင်ငံ၏မြို့တော် ဆန်တီယေဂိုမြို့၌ လူပေါင်းတစ်သန်းခန့်အထိ ပါဝင်ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒပြပွဲတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြပြီး မြို့တော်အတွင်း မိုင်ပေါင်းများစွာလှည့်ပတ်၍ လမ်းလျှောက်ဆန္ဒပြခြင်း၊ ဒယ်အိုးဒန်အိုးများကို ရိုက်ပုတ်တီးခတ်ခြင်း၊ အလံများဝှေ့ယမ်းခြင်း၊ ပြုပြင်ပြောင်းလဲရေးပြုလုပ်ပေးရန်ဟစ်ကြွေးခြင်းတို့ ပြုလုပ်လျက်ရှိကြလေသည်။

မိမိတို့နိုင်ငံတွင် ရက်ပေါင်းအတန်ကြာမျှ ဆန္ဒပြမှုများပြုလုပ်နေခြင်းသည် နိုင်ငံ့သမိုင်းတွင် ထူးခြားသော ကာလတစ်ခုပင်ဖြစ်ကြောင်း ဆန်တီယေဂိုအုပ်ချုပ်ရေးမှူးက ပြောကြားသည်။ တရားမျှတမှုရှိပြီး စုစည်းညီညွတ်သော နိုင်ငံတော်အဖြစ်ထူထောင်ရန်သူတို့၏မျှော်လင့်ချက်ကို ဖော်ထုတ်နေခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးက တွစ်တာတွင်ရေးသားလိုက်သည်။

ချီလီနိုင်ငံဗယ်ပါရီဆိုမြို့ရှိ ဒေသဆိုင်ရာ ပါလီမန်အဆောက်အဦကိုအောက်တိုဘာ ၂၅ ရက်အစောပိုင်းက ဆန္ဒပြသမားများဝိုင်းခဲ့ရာ အမတ်များကိုလုံခြုံရေးတပ်ဖွဲ့ဝင်များကဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသေးသည်။

ချီလီနိုင်ငံတွင် ဆန္ဒပြမှုများစတင်စေခဲ့သော အကြောင်းတရားတစ်ရပ်မှာ မြေအောက်ရထားစီးနင်းခဈေးတက်မှုဖြစ်သည်။ အမှိုက်ကစပြာသာဒ်မီးလောင်ဟူဘိသို့ သေးငယ်သော အကြောင်းတရားလေးမှသည် လူထု၏ ကာလကြာရှည်မြိုသိပ်လာခဲ့ရမှုများ အန်ထွက်ကုန်သည်။ လူနေမှုစရိတ်ကြီးလေးခြင်းနှင့်စီးပွားရေးနှင့်လူမှုရေးတို့အရ တန်းတူညီမျှမှုတို့ကင်းမဲ့နေသည်ဟုဆိုကာ ဆန္ဒပြသူများတိုးပွားလာခဲ့ပြီး အင်တိုက်အားတိုက် ဆန္ဒပြပွဲကြီးများအဖြစ်သို့ ရောက်ရှိစေသည်။

လူမှုရေး မငြိမ်မသက်မှုများနှင့်အတူ လုယက်မှုများနှင့် မီးရှို့မှုများဖြစ်ပေါ်ခဲ့ပြီး ရက်သတ္တတစ်ပတ်အတွင်းမှာပင် ပြည်သူ ၁၆ ဦးထက်မနည်းသေဆုံးခဲ့ရပြီး လူရာပေါင်းများစွာ ထိခိုက်ဒဏ်ရာများရရှိကာ လူပေါင်း ၇၀၀၀ ထိန်းသိမ်းခံခဲ့ကြရသည်။

အခြေအနေကိုထိန်းသိမ်းနိုင်ရန် မြို့တော်ဆန်တီယေဂိုတွင် စစ်ဘက်ကလုံခြုံရေးတာဝန်ယူပေးခဲ့ရသည်။ ယခုအခါတွင်မူ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားဆဲဖြစ်ပြီး နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်ထားကာ လမ်းများပေါ်တွင် ရဲတပ်ဖွဲ့ဝင် ၂၀၀၀၀ က ကင်းလှည့်စောင့်ကြပ်နေကြသည်။

ဧကန်မုကားချီလီနိုင်ငံသည် လက်တင်အမေရိကတိုက်တွင် ကြွယ်ဝအချမ်းသာဆုံးနိုင်ငံများတွင်ပါဝင်သည်။ သို့ရာတွင် လူမှုရေးမညီမျှမှုများဆိုးရွားလာခဲ့ခြင်း၏ ရလဒ်အဖြစ်လူထုမငြိမ်မသက်မှု ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယင်းနိုင်ငံတွင် ဝင်ငွေမညီမျှမှုနှုန်းထားမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)နိုင်ငံ ၃၆ နိုင်ငံအနက်အမြင့်ဆုံးဖြစ်သည်ဆို၏။

ချီလီသမ္မတကမူ ဆန္ဒပြသူများကိုဖျောင်းဖျသည့်အနေဖြင့် ပြုပြင်ပြောင်းလဲရေးများတသီတတန်းပြုလုပ်ပေးပါမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ပင်စင်လစာငွေတိုးမြှင့်ပေးရေး၊ အနိမ့်ဆုံးလုပ်ခတိုးပေးရေးတို့မှာပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် ပါဝင်သည်။

သို့ရာတွင် ဆန္ဒပြသမားများမှာသမ္မတ၏ဖျောင်းဖျမှုကို နာခံခြင်းမရှိကြဘဲ ဒေါသအမျက်ဆက်လက်ထွက်ကြလျက်ဆန္ဒပြနေကြဆဲဖြစ်လေသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်ဆန္ဒပြပွဲကြီးမှာလည်း ကြားရသူအပေါင်း ရင်ခုန်စရာကောင်းလှ၏။ ယင်းနိုင်ငံတစ်ဝန်း၌ သည်းသည်းလှုပ်လှုပ်ဆန္ဒပြခဲ့ကြရာတွင် လူ ၄၀ ထက်မနည်းသေဆုံးခဲ့ရပြီးလူအများအပြားဒဏ်ရာရရှိသည်။

မြို့တော်ဘဂ္ဂဒက်မှသည် နိုင်ငံတစ်ဝန်းသို့ဆန္ဒပြပွဲများကူးစက်သွားခဲ့သည်။ ဘဂ္ဂဒက်မြို့လယ်ရှိတာရီးရင်ပြင်တွင် အောက်တိုဘာ ၂၅ ရက်က လူသိန်းနှင့်ချီ၍ စုဝေးခဲ့ကြပြီး မြို့တော်အတွင်းရှိ လုံခြုံရေးအထူးတင်းကြပ်လှသော "အစိမ်းရောင်ဇုန်"ဆီသို့ဦးတည်ကာစုဝေးချီတက်ခဲ့ကြသည်။ ယင်းဇုန်နယ်မြေတွင် အစိုးရရုံးအဆောက်အအုံများနှင့် နိုင်ငံခြားသံရုံးများတည်ရှိသည်။ ဆန္ဒပြသူများရည်မှန်းချက်ပန်းတိုင်မရောက်မီ ရဲတပ်ဖွဲ့ဝင်များက အယ်လ်ဂမ်ဟူရီယာ တံတားထိပ်မှပိတ်၍တားဆီးခဲ့ကြသည်။

အစိုးရတာဝန်ရှိသူများအဂတိလိုက်စားမှုနှင့်စီးပွားရေးကျဆင်းနေမှုတို့ကို ကန့်ကွက်ဆန္ဒပြကြသည်။ လူအုပ်ကို မထိန်းနိုင်သည့်အဆုံး ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများသုံး၍လူစုခွဲသည်။ သို့ရာတွင် ယခင့်ယခင်ဆန္ဒပြပွဲများတွင် သေနတ်ဖြင့်ပစ်ခတ်၍ လူစုခွဲသည့်နည်းလမ်းကိုမူ ယခုတစ်ကြိမ်တွင် ပြုလုပ်ခြင်းမရှိပေ။

ကျွန်ုပ်တို့၏ အာရှတိုက်၌လတ်တလောလူမှုရေးမငြိမ်မသက်ဖြစ်မှု၏ သာဓကကို ဟောင်ကောင်ပြည်သူလူထုက ထုတ်ဖော်လျက်ရှိသည်။ တရားခံလွှဲပြောင်းပေးရေးပြင်ဆင်ချက်ဥပဒေကို ဆန့်ကျင်ကြရာမှ လူထုလှုပ်ရှားမှုကြီးပေါ်ပေါက်လာခဲ့သည်။ တရုတ်နိုင်ငံ၏အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်တွင်ဖြစ်ပေါ်နေသည့်ဆန္ဒပြပွဲမှာ ဒီမိုကရေစီအရေးတောင်းဆိုသည့် ဆန္ဒပြပွဲ အသွင်ဆောင်လာသည်။

ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးဟု ပြောစမှတ်ပြုခဲ့ကြသောဆန္ဒပြပွဲမှာ ဗြိတိန်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သောဆန္ဒပြပွဲဖြစ်သည်။ ယင်းနိုင်ငံ၌အောက်တိုဘာ ၁၉ ရက်က နိုင်ငံ့သမိုင်းတွင် ကြီးကျယ်ဆုံးသော ဆန္ဒပြပွဲကြီးဖြစ်ပွားခဲ့သည်။ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေးဆိုင်ရာပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ပြုလုပ်ပေးရန်ပါလီမန်အမတ်များအား တောင်းဆိုသည့်အနေဖြင့် ပါလီမန်အဆောက်အအုံပြင်ပတွင် ပြည်သူတစ်သန်းခန့်က စုဝေးချီတက်ဆန္ဒပြခဲ့ကြသည်။

ဗြိတိန်၏အနာဂတ်အရေးနှင့်ပတ်သက်၍အမတ်များ ဆွေးနွေးငြင်းခုံနေကြစဉ်ပြည်သူများက အင်အားထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။ လူထုလူတန်းစားအလွှာအသီးသီးမှဖြစ်သောဆန္ဒပြသမားများကိုဦးဆောင်သူတစ်ဦးမှာ လန်ဒန်မြို့တော်ဝန်ဆဒီးခန်းဖြစ်သည်။ အစိုးရရုံးများရှိရာ ရပ်ကွက်ကိုဖြတ်သန်း၍ သူတို့ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ယနေ့ကာလ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့်ဆန္ဒပြပွဲများသည် အရင်းစစ်အမြစ်မြေကဟူဘိသို့ လူမှုရေးမညီမမျှမှုရှိသည်ဟု လူထုခံစားချက်များကအခြေခံထားသည်။ နိုင်ငံရေးသမားများပေးခဲ့သည့်ကတိစကားများအတိုင်းလုပ်ဆောင်ပေးနိုင်ခြင်းမရှိဟုလည်း လူထုအမြင်များ ပေါ်ထွက်လာတတ်သေးသည်။ နိုင်ငံသားအခွင့်အရေး၊ လွတ်လပ်စွာပြောဆိုခွင့်၊ လူမှုရေးအရသာတူညီမျှဖြစ်မှုတို့သည် လူ့အဖွဲ့အစည်းအတွင်း လူမှုရေးတည်ငြိမ်မှုများ ကောင်းမွန်ရေးတွင် ပဓာနကျလှသည်ဟု ကျွန်ုပ်တွေးတောမိရင်း "လူထုအတွင်း ညီမျှခြင်း ထင်လင်းရှိစေရာ " ဟု ကျူးရင့်မိပါသတည်း။ ။

Ref: Protests around the world: Politicians must address 'growing deficit of trust', urges Guterres



(UN News) ; PHOTO IMAGE: Wikipedia

**ချီလီနိုင်ငံတွင် ဆန္ဒပြမှုများစတင်စေခဲ့သော အကြောင်းတရားတစ်ရပ်မှာ မြေအောက်ရထားစီးနင်းခဈေးတက်မှုဖြစ်သည်။ အမှိုက်ကစပြာသာဒ်မီးလောင်ဟူဘိသို့သေးငယ်သောအကြောင်းတရားလေးမှသည် လူထု၏ကာလကြာရှည်မြိုသိပ်လာခဲ့ရမှုများ အန်ထွက်ကုန်သည်။ လူနေမှုစရိတ်ကြီးလေးခြင်းနှင့် စီးပွားရေးနှင့်လူမှုရေးတို့အရ တန်းတူညီမျှမှုတို့ကင်းမဲ့နေသည်ဟုဆိုကာ ဆန္ဒပြသူများတိုးပွားလာခဲ့ပြီး အင်တိုက်အားတိုက်ဆန္ဒပြပွဲကြီးများအဖြစ်သို့ ရောက်ရှိစေသည်။ မြို့တော်ဆန်တီယေဂိုမြို့၌ လူပေါင်းတစ်သန်းခန့်အထိက ပါဝင်ဆန္ဒပြခဲ့ကြ**

✻ ကျောဖုံးမှ

ပုဂံနေဝင်ဆည်းဆာကြည့်ရှုရန် ပြည်ပခရီးသွားများသာ စိတ်ဝင်စားမှုရှိခဲ့ရာမှ ယခုအခါ ပြည်တွင်းဘုရားဖူးများပါ ပုဂံနေဝင်ချိန်ဆည်းဆာအလှအား စိတ်ဝင်စားမှုမြင့်တက်လာခဲ့ကြောင်းသိရကာ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့လာရောက်သည့် ခရီးသွားများသည် ယခုအခါ နေဝင်ဆည်းဆာကြည့်ရှုနိုင်ရန် ခရီးစဉ်များရေးဆွဲကာ ညအိပ်ညနေလာရောက်ကြကြောင်း နတ်မောက်မြို့ ဘုန်းတော်ပြည့်ကျေးရွာမှဦးသန်းဝင်းနိုင်က ပြောပြသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ယခင်ကဘုရားစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများပေါ်မှ ပုဂံနေဝင်ဆည်းဆာအားကြည့်ရှုခဲ့ကြရာမှ ရှေးဟောင်းယဉ်ကျေးမှုတန်ဖိုးများ ထိန်းသိမ်းသည့်အနေဖြင့် နေဝင်ဆည်းဆာကြည့်တောင်ကုန်းတုများဖန်တီးကာ ကြည့်ရှုစေခဲ့ကြောင်း သိရသည်။ နေဝင်ဆည်းဆာကြည့်တောင်ကုန်းတုများတွင် ညနေပိုင်းအချိန်တိုင်းလာရောက်ကြည့်ရှုသူများနေကြောင်းနှင့် ပုဂံ-ညောင်ဦးဒေသရှိ ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများကြားမှ နေဝင်ဆည်းဆာအလှသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ တန့်ကြည်တောင်တန်းအပေါ်မှ တဖြည်းဖြည်းနေလုံးကျဆင်းလာပြီး တောင်တန်းကြီးပေါ်နေလုံးမေးတင်အချိန်မှ နေလုံးကြီးတန့်ကြည်တောင်တန်းအကွယ်အထိ ကောင်ကင်ပေါ် တိမ်ရောင်စုံများမြင်နေရသည့် အရသာသည် အခြားဘယ်နေရာမှယှဉ်လို့မရသည့် ပုဂံနေဝင်ဆည်းဆာဖြစ်ကြောင်း ရန်ကုန်မြို့မဘုရားဖူးလာရောက်သည့် မန္တယ်နီထွန်းက ပြောပြသည်။ ထို့ပြင်ဆောင်းဦးပေါက်တွင် ပုဂံနေဝင်ဆည်းဆာကြည့်ရှုမှုပိုများကြောင်း သိရသည်။

ကိုထိန်(ငှါသရောက်)

# ရုရှားသမ္မတ ဗလာဒီမာပူတင် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်မည်




**မနီလာ အောက်တိုဘာ ၂၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ လာရောက်လည်ပတ်ရန် ဖိတ်ကြားချက်ကို လက်ခံခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး အိုင်ဂေါ်ခိုဗေ့ဘ်က ယနေ့ပြောကြားလိုက်သည်။

"ဒီခရီးစဉ်စီစဉ်ဖို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးပမ်းပါမယ်။ ဖိလစ်ပိုင်နိုင်ငံမှာ သမ္မတ ပူတင်ကို ကြိုဆိုဖို့က ကျွန်တော့်ရဲ့ အိပ်မက်တစ်ခုဖြစ်ပါတယ်" ဟု အိုင်ဂေါ်က ဖိုရမ်တစ်ခု၌ ပြောကြားသည်။ သို့သော်လည်း အသေးစိတ်ကိုမူ ၎င်းက ပြောပြခဲ့ခြင်းမရှိပေ။ သမ္မတ ဒူတာတေးက ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်ရန် သမ္မတ ပူတင်ကို တရားဝင်ဖိတ်ကြားခဲ့ပြီး ဒူတာတေး၏ ဖိတ်ကြားချက်ကို ပူတင်ကကျေးဇူးတင်စွာဖြင့် လက်ခံခဲ့ကြောင်း ၎င်းက ဆိုသည်။

"ဒီအချိန်မှာဒီခရီးစဉ်ကို မကြာမီလာရောက်မယ်ဆိုတဲ့ မျှော်လင့်ချက်ကိုပဲ ကျွန်တော်ပြောနိုင်ပါသေးတယ်။ ခရီးစဉ်က ဘယ်အချိန်လဲဆိုတာ ကျွန်တော်မသိပါဘူး။ ဒါပေမယ့် ခရီးစဉ်အတွက် ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်သွားပါမယ်"ဟု သူကပြောသည်။ သမ္မတ ပူတင်ကို "အနှစ်သက်ဆုံးသူရဲကောင်း"အဖြစ် သဘောထားသည့် ဒူတာတေးသည် ၂၀၁၆ ခုနှစ် ဇွန်လတွင် သမ္မတအဖြစ် စတင်တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ နှစ်ကြိမ်သွားရောက်ခဲ့သည်။

၂၀၁၇ ခုနှစ် မေလတွင် ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ဒူတာတေး၏ ပထမအကြိမ် ခရီးစဉ်မှာ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မြို့တော်တစ်ခု၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် တိုတောင်းခဲ့ရသည်။ ယခုလအစောပိုင်းတွင် ဒူတာတေးသည် ရုရှားနိုင်ငံသို့ နောက်တစ်ကြိမ် သွားရောက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန် – ကျော်ထိုက်စိုး

# သမ္မတ ရှီကျင့်ဖျင်၏ ဂျပန်ခရီးစဉ်မှာ သမိုင်းမှတ်တိုင်ဖြစ်လာမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ပြောကြား

**ပေကျင်း အောက်တိုဘာ ၂၆**

လာမည့်နွေဦးရာသီတွင် ဂျပန်နိုင်ငံသို့ သွားရောက်မည့် သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ် အမှန်တကယ်ဖြစ်လာပါက နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာလိမ့်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

ဂျပန်နိုင်ငံမှ အကျိုးအမြတ်မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သော The Genron NPO နှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ပုံနှိပ်လုပ်ငန်းအုပ်စု (CIPG) တို့က ဖိတ်ကြားခဲ့သည့် ပညာရှင်များက နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ပေကျင်းမြို့တော်၌ ကျင်းပသော အဆိုပါဖိုရမ်တွင် ဝမ်ယိက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နှင့် ဂျပန်တို့မှာ ကမ္ဘာပေါ်တွင် ဒုတိယနှင့် တတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံများဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအပေါ် များစွာသြဇာလွှမ်းမိုးပါကြောင်း၊ အဆိုပါနှစ်နိုင်ငံ၏ တာဝန်ဝတ္တရားများမှာ ပိုမိုအရေးပါလာကြောင်း ဝမ်ယိက ပြောကြားသည်။



ယုံကြည်မှုမှာ နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်လာမှုနှင့် ဖွံ့ဖြိုးလာစေရေးတွင် အရေးပါကြောင်း၊ သမိုင်းကြောင်းများနှင့် တရုတ်(တိုင်ပေ)ကိစ္စရပ်ကို သင့်တင့်လျောက်ပတ်စွာ ဖြေရှင်းရန် အထူးအရေးကြီးကြောင်း ဝမ်ယိက ပြောသည်။ လာမည့်နွေဦးရာသီတွင် နိုင်ငံတော်အဆင့် ဧည့်သည်တစ်ဦးအဖြစ် ဂျပန်နိုင်ငံသို့ လာရောက်မည့် သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ်အတွက် လမ်းဖွင့်ပေးမည့် ကောင်းမွန်သော အခြေအနေတစ်ရပ်ဖန်တီးရန် နှစ်နိုင်ငံစလုံးက ကြိုးပမ်းရမည်ဟု ၎င်းကဆိုသည်။ ဂျပန်ဝန်ကြီးချုပ်ဟောင်း ယာဆူအိုဖူကူဒါလည်း အဆိုပါဖိုရမ်၌ မိန့်ခွန်းပြောကြားခဲ့သည်။

ဖူကူဒါကယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်ခရီးစဉ်များ တိုးချဲ့ဆောင်ရွက်ရန် တောင်းဆိုခဲ့ပြီး နှစ်နိုင်ငံပြည်သူများကြား ယုံကြည်မှုပြုစုပျိုးထောင်ခြင်းမှာ နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန် – ကျော်ထိုက်စိုး



# ဂျပန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၁၀ ဦး သေဆုံး

**တိုကျို အောက်တိုဘာ ၂၆**

လေဖိအားနည်းရပ်ဝန်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးပြီး အနည်းဆုံး လူ သုံးဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ချီဘာစီရင်စုနှင့် အီဘာရာကီစီရင်စုတို့တွင် ၁၂ နာရီ အချိန်ကာလအတွင်း မိုးရေချိန် ၂၀၀ မီလီမီတာကျော် ရွာသွန်းခဲ့သည်။ ၎င်းပမာဏသည် အောက်တိုဘာလ တစ်လလုံးအတွက် ပျမ်းမျှမိုးရေချိန် ပမာဏထက် ပိုမိုသည်။

ချီဘာစီရင်စုရှိ မြစ်များတွင် မြစ်ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး လမ်းများနှင့် လူနေရပ်ကွက်များစွာ ရေလွှမ်းခဲ့သည်။ ကယ်ဆယ်ရေးဆောင်ရွက်သူများက ရေလွှမ်းမိုးမှုကြောင့် အခြားနေရာဒေသများသို့ သွားဖို့အခက်အခဲတွေ့ရကြောင်း ပြောသည်။ ဒေသခံအများအပြားသည် ၎င်းတို့၏ အိမ်အတွင်းမှ ရွှံ့ရေများကို စတင်ဖယ်ရှားနေကြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချီဘာစီရင်စုတွင် မြေပြိုမှုများဖြစ်ပွားခဲ့ရာ နေအိမ်များ ပျက်စီးခဲ့ပြီး လူလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ဇော်လင်း

# အမေရိကန်နှင့် တရုတ် ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူးများ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ပေကျင်း အောက်တိုဘာ ၂၆**

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုတွင် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးမှုခေါင်းဆောင်ဖြစ်သည့် လျူဟဲသည် အမေရိကန်၏ မေတ္တာရပ်ခံချက်အရ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်တို့နှင့်အတူ တယ်လီဖုန်းဖြင့် ယနေ့ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့် အမေရိကန်ကိုယ်စားလှယ်များသည် ဆက်သွယ်ဆွေးနွေးစဉ် ကုန်သွယ်ရေးဆိုင်ရာ နှစ်နိုင်ငံ၏ စိုးရိမ်ပူပန်မှုများကို လျော်ကန်စွာ ကိုင်တွယ်ဖြေရှင်းရန် သဘောတူခဲ့ကြသလို နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူချက် စာသားအစိတ်အပိုင်းအပေါ် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း အခြေခံအားဖြင့် အပြီးသတ်ပြီဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။

နှစ်နိုင်ငံကိုယ်စားလှယ်များသည် ဆက်သွယ်ဆွေးနွေးစဉ် မကြာမီ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုတစ်ခုပြုလုပ်ရန်နှင့် အခြားဆွေးနွေးမှုများအတွက် ၎င်းတို့၏ ကြိုးပမ်းလုပ်ဆောင်မှုများကို ဆက်လက်ပြီး အရှိန်မြှင့်လုပ်ဆောင်ကြရန် သဘောတူခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်လျူသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရိုအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တရုတ်နှင့် အမေရိကန်အကြား ဘက်စုံမဟာဗျူဟာမြောက်စီးပွား ရေးနွေးဆွေးပွဲတွင် တရုတ်ဘက်မှ ဆွေးနွေးမှုခေါင်းဆောင်တစ်ဦးဖြစ်သည်။

အဆိုပါဆွေးနွေးမှုတွင် တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကြောင်ရှန်း၊ တရုတ်ပြည်သူ့ဘဏ်ဥက္ကဋ္ဌ ယီဂန်နှင့် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ နင်ဂျီဇဲတို့လည်း ပါဝင်ကြကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ

# အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ တရုတ်၊ ရုရှား၊ အမေရိကန်၊ ပါကစ္စတန် ဆွေးနွေး

**မော်စကို အောက်တိုဘာ ၂၆**

တရုတ်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် နယ်ပယ်ဂုဏ်သိက္ခာအပေါ် ၎င်းတို့၏လေးစားမှုကို အောက်တိုဘာ ၂၅ ရက်က ထပ်လောင်းအတည်ပြုခဲ့ကြပြီး ရေရှည်တည်တံ့ခိုင်မြဲသော အာဖဂန်ငြိမ်းချမ်းရေးရရှိရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးသည် အာဖဂန်ပြည်သူများ၏ အလိုအပ်ဆုံးအရာဖြစ်မည်ဟု ယုံကြည်ကြောင်း ဖော်ပြပါလေးနိုင်ငံ ကိုယ်စားလှယ်များက မော်စကိုမြို့တွင်ကျင်းပသော ဒုတိယအကြိမ်မြောက် လေးပွင့်ဆိုင်ဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လေးနိုင်ငံမှ ကိုယ်စားလှယ်များသည် တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံရေးနှင့် သံတမန်ရေးအရ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် အာဖဂန်ပြဿနာအား ထိရောက်စွာကိုင်တွယ်ဖြေရှင်းရေးအပါအဝင် လက်ရှိအာဖဂန်နစ္စတန်နိုင်ငံရေး အခြေအနေအပေါ် ပြန်လည်သုံးသပ်ခဲ့ကြပြီး နိုင်ငံရေးအရ ညှိနှိုင်းခြင်းမှသာလျှင် အာဖဂန်နစ္စတန်နိုင်ငံ၌ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့ကြသည်။

တရုတ်၊ ရုရှားနှင့် ပါကစ္စတန်နိုင်ငံတို့သည် အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား စေ့စပ်ညှိနှိုင်းမှုများကို ပြန်လည်စတင်ရန် ထောက်ခံအားပေးကြသလို နှစ်ဖက်အကြား သဘောတူချက်တစ်ရပ်လည်း မကြာမီရရှိမည်ဟု မျှော်လင့်ကြသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

လေးနိုင်ငံမှ ကိုယ်စားလှယ်များသည် အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး၊ အာဖဂန်ပြည်သူများ၏ အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းပေးရေးအတွက် အာဖဂန်အစိုးရနှင့် အာဖဂန်ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို အကူအညီပေးရန် ကတိကဝတ်ပြုခဲ့ကြသည်။

စေ့စပ်ညှိနှိုင်းမှုများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် အာဖဂန်နစ္စတန်နိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကို ချက်ချင်းလျှော့ချရန် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးကိုလည်း လေးနိုင်ငံကိုယ်စားလှယ်များက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် လေးနိုင်ငံကိုယ်စားလှယ်များသည် ထိန်းသိမ်းခံထားရသော အကျဉ်းသားများကိုလည်း လဲလှယ်ကြရန် အာဖဂန်အစိုးရနှင့် တာလီဘန်အုပ်စုအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# ကျူးဘားနိုင်ငံရှိ မြို့များသို့ လေကြောင်းပျံသန်းမှု အမေရိကန်တားမြစ်




**ဝါရှင်တန် အောက်တိုဘာ ၂၆**

ကျူးဘားနိုင်ငံအား ဖိအားပေးသည့်အနေဖြင့် ယခုနှစ် ဒီဇင်ဘာလမှစတင်ကာ အမေရိကန်လေကြောင်းလိုင်းအားလုံးသည် ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ပါး ကျူးဘားရှိမည်သည့် လေဆိပ်အားလုံးသို့ ဆက်သွယ်ပျံသန်းမှုကို တားမြစ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

ယင်းသို့ လုပ်ဆောင်ခြင်းသည် ကျူးဘားအစိုးရက အမေရိကန်လေကြောင်းခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များ ရရှိနေခြင်းကို ကာကွယ်ရန်ရည်ရွယ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိမြို့ပေါင်းများစွာမှ ကျူးဘားနိုင်ငံ ဆန်တာကရာလာမြို့၊ ဆန်တီယာဂိုနှင့် ဟိုလ်ဂျီယံမြို့များ အပါအဝင် ခရီးသွားနေရာကိုးခုသို့ သွားရောက်သည့် ခရီးသည်တင် လေကြောင်းခရီးစဉ်များကိုလည်း ဆိုင်းငံ့ထားမည်ဟု အမေရိကန်သတင်းဌာနများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၏ ခရီးသွားလာမှု တားမြစ်ခြင်းက အမေရိကန်ပြည်သူများ၏ လွတ်လပ်မှုနှင့် ပြည်သူအချင်းချင်း ဆက်သွယ်မှုများကို ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်ကြောင်း ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘရူဒါနိုဒရီဂွက်စ်က အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုအပေါ် ရှုတ်ချကြောင်း တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ကျူးဘားနိုင်ငံထံမှ မည်သို့သော လိုက်လျောမှုကိုမျှ အမေရိကန်တို့ ရရှိမည်မဟုတ်ကြောင်းနှင့် ယင်းအခြေအနေကို မိမိတို့ ကျော်လွှားမည်ဟု ၎င်းက ဆက်လက်ရေးသားခဲ့သည်။

ကျူးဘား-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အစိုးရလက်ထက်တွင် ဆိုးရွားလာခဲ့သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဇော်ဝင်း**

# ဂရိနိုင်ငံမှအိုလံပစ်မီးရှူးတိုင်အား ဂျပန်အားကစားသမားများ သွားရောက် သယ်ဆောင်မည်

**တိုကျို အောက်တိုဘာ ၂၆**

ဂရိနိုင်ငံမှ အိုလံပစ်မီးရှူးတိုင်အား ၂၀၂၀ တိုကျိုအိုလံပစ်တွင် အသုံးပြုရန်အတွက် ဂျပန်အားကစားရွှေတံဆိပ်ဆုရှင် နှစ်ဦး သွားရောက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ တိုကျိုအိုလံပစ်အားကစားပွဲအား စီစဉ်သူများက ပြောကြားရာတွင် အိုလံပစ်ချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့သော ဂျူဒိုအားကစားသမား တာဒါဟီရိုနိုမူရာနှင့် နပန်းအားကစားသမား ဆာအိုရီယိုရှီဒါတို့က အိုလံပစ်မီးရှူးတိုင်အား သွားရောက်သယ်ဆောင်မည်ဟု ပြောကြားခဲ့သည်။

မတ်လ ၁၂ ရက်၌ အိုလံပီယာတွင် မီးထွန်းညှိသည့် အခမ်းအနားပြုလုပ်ပြီးနောက် အဆိုပါအားကစားသမားနှစ်ဦးက အိုလံပစ်မီးရှူးတိုင်အား မီးပုံးထဲတွင် ထည့်သွင်းပြီး အထူးလေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့သယ်ဆောင်လာမည်ဖြစ်သည်။ အဆိုပါမီးရှူးတိုင်အား သယ်ဆောင်လာမည့် လေယာဉ်သည် ၂၀၁၁ ခုနှစ်က မြေငလျင်နှင့်ဆူနာမီဒဏ်ခံစားခဲ့ရသော မီယာဂျီခရိုင်၊ ဟိုက်ဂါရှိ မက်ဆူရှိမာမြို့ရှိ လေတပ်စခန်းတွင် ဆင်းသက်မည်ဖြစ်ပြီး ဟိုက်ဂါရှိ မက်ဆူရှိမာမြို့၊ အိုက်ရှီနိုမာကီမြို့နှင့် အိုနာဂါဝါမြို့တို့မှ ကလေးများက မီးရှူးတိုင်ဆိုက်ရောက်သည့် အခမ်းအနားကို တက်ရောက်မည်ဖြစ်သည်။

ဟီရိုနိုမူရာက ယခုကဲ့သို့တန်ဖိုးရှိသော အိုလံပစ်မီးရှူးတိုင်ကို သွားရောက်သယ်ဆောင်ရသည့်အတွက် ဂုဏ်ယူသည့်အပြင် အားကစားသမားတစ်ဦး ဖြစ်ရသည်ကိုလည်း ဂုဏ်ယူကြောင်းပြောကြားသည်။ ယိုရှီဒါက မိမိအနေဖြင့် အိုလံပစ်မီးရှူးတိုင်အား သေချာစွာကိုင်တွယ်သယ်ဆောင်မည်ဖြစ်ပြီး ဂျပန်ရှိ ပြည်သူများ၏ မျက်နှာပေါ်တွင် အပြုံးများဖူးပွင့်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- စိုးသူရ**

# စက်မှုထိပ်သီးနိုင်ငံ ၂၀မှ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ကျင်းပ




စက်မှုထိပ်သီးနိုင်ငံ၂၀မှ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ကျင်းပနေစဉ်။

**တိုကျို အောက်တိုဘာ ၂၆**

စက်မှုထိပ်သီးနိုင်ငံ၂၀မှ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၏ နှစ်ရက်ကြာ အစည်းအဝေးကို ဂျပန်မြောက်ပိုင်း ဟော့ကိုင်းဒိုးခရိုင် ကတ်ချန်မြို့တွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေး၏ နောက်ဆုံးနေ့တွင် တာဝန်ရှိသူများက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အအုံကဏ္ဍတို့အပေါ်တွင် ဖိအားများ များပြားလာခြင်းကဲ့သို့သော စိန်ခေါ်မှုများရှိလာကြောင်း သတိပေးခဲ့သည်။ ယခုကြေညာချက်တွင် စက်မှုထိပ်သီးနိုင်ငံများအနေဖြင့် ခရီးသွားများအား သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်စေရန်အတွက် ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ပြီး ခရီးသွားများအား နာမည်ကြီး အပန်းဖြေဒေသများသာမက နေရာစုံသို့ သွားရောက်နိုင်စေရေး ဝိုင်းဝန်းဆောင်ရွက်ရန် ဖော်ပြထားသည်။

သက်ဆိုင်ရာနိုင်ငံများမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများအနေဖြင့် သတင်းအချက်အလက်များ စုဆောင်းမျှဝေရေးနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ခရီးသွားများအား စိတ်အေးချမ်းသာစွာ ခရီးသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

အစည်းအဝေးတွင် ဘုံပြဿနာများဖြစ်သော ခရီးသွားလုပ်ငန်းတွင် ဒေသခံများအတွက် ထည့်သွင်းစဉ်းစားခြင်းနှင့် စဉ်ဆက်မပြတ်အောင်မြင်သော ခရီးသွားလုပ်ငန်းဖြစ်လာစေရေးတို့ကို ဆွေးနွေးခဲ့ကြောင်း ဂျပန်မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ကာဇူယိုရှိ အေကာဘာက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊**

**ဘာသာပြန်- စိုးသူရ**

# သတင်းဖြန့်ဖြူးရေး အပလီကေးရှင်းတစ်ခုကိုဖေ့စ်ဘွတ်ထူထောင်

**နယူးယောက် အောက်တိုဘာ ၂၆**

လူမှုဆက်သွယ်ရေးကွန်ရက်တစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်က သတင်းအမှားများကို တားဆီးရေးကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များနှင့်ပူးပေါင်းပြီး သတင်းဖြန့်ဖြူးရေး အပလီကေးရှင်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေ့စ်ဘွတ်သတင်းများဟု အမည်ပေးထားသော အဆိုပါသတင်းဖြန့်ဖြူးရေး အပလီကေးရှင်းကို အမေရိကန်ပြည်ထောင်စုတွင် သောကြာနေ့က စတင်ခဲ့ကြောင်း ဖေ့စ်ဘွတ်၏အမှုဆောင်အရာရှိချုပ် မတ်ဇူကာဘတ်က ပြောကြားသည်။ အဆိုပါ အပလီကေးရှင်းတွင် သည်ဝေါစထရိစ်ဂျာနယ်၊ သည်ဝါရှင်တန်ပို့စ်နှင့်ဖောက်စ်နယူးစ်ကဲ့သို့သော နာမည်ကြီးသတင်းစာနှင့် ဂျာနယ်များအပါအဝင် သတင်းအရင်းအမြစ်ပေါင်း ၂၀၀ ခန့်မှ ဆောင်းပါးနှင့်သတင်းများအား စုစည်းဖော်ပြထားကြောင်း သိရသည်။

ထိုအပလီကေးရှင်းရှိ ယနေ့သတင်းများကဏ္ဍမှ သတင်းခေါင်းစဉ်များအား သတင်းထောက်များပါဝင်သော အဖွဲ့တစ်ဖွဲ့က ရွေးချယ်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွင်းကဖြစ်ပွားခဲ့သော သတင်းအမှားများဖော်ပြသော ပြဿနာအား ဖြေရှင်းပေးရန် ဖေ့စ်ဘွတ်အား တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဆီးရီးယားမြောက်ပိုင်း၌ နေရပ်စွန့်ခွာထွက်ပြေးရသူပေါင်း နှစ်သိန်းနီးပါးရှိဟုဆို



**ကုလသမဂ္ဂ အောက်တိုဘာ ၂၆**

တူရကီတပ်ဖွဲ့များက ကာ့ဒ်လူမျိုးစုတပ်ဖွဲ့များအပေါ် ထိုးစစ်ဆင်မှုများအား အောက်တိုဘာ ၉ ရက်တွင် စတင်ခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဒေသခံပြည်သူ ၁၈၀၀၀၀ ကျော်မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဌာန လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် အာဆူလာမူလာက အောက်တိုဘာ ၂၄ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မိန့်ခွန်းပြောကြားရာတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တူရကီတပ်ဖွဲ့များ၏ ထိုးစစ်ဆင်မှုအတွင်း နေအိမ်စွန့်ခွာထွက်ပြေးသူများထဲတွင် ကလေးငယ်ဦးရေ ၈၀၀၀၀ ခန့်ရှိပြီး လူပေါင်း ၁၀၀၀၀ ကျော်သည် ဆီးရီးယားနိုင်ငံ၏ အိမ်နီးချင်း အီရတ်နိုင်ငံပိုင်နက် နယ်မြေအတွင်း ဝင်ရောက်ခဲ့ရကြောင်း မီးစ်မူလာက ပြောကြားသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးတကြီး လိုအပ်နေကြောင်းမှာ မှန်ကန်သော်လည်း ယင်းတို့ လက်တွေ့အဓိကလိုအပ်နေခြင်းမှာ စစ်မက်ဘေးမှ ကင်းဝေးစေရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားရာ၌ တူရကီထိုးစစ်များအတွင်း နေရပ်စွန့်ခွာထွက်ပြေးရသည့် ဆီးရီးယားလူမျိုးဦးရေသည် ၂၅၀၀၀၀ ခန့်ရှိနိုင်သည်ဟု ဆိုသည်။

ကာ့ဒ်လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ထိုးစစ်ဆင်မှုများအား တူရကီစစ်ဘက်မှ အောက်တိုဘာ ၂၃ ရက်တွင် ရပ်ဆိုင်းခဲ့ပြီး ယင်းဒေသတွင်း၌ ကာ့ဒ်လူမျိုးစုတပ်ဖွဲ့များ ရှင်းလင်းရေးအတွက် တူရကီအစိုးရနှင့် သဘောတူညီမှုအရ ရုရှားတပ်ဖွဲ့များက ကင်းလှည့်စောင့်ကြပ်မှုများ လုပ်ဆောင်နေသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ဇော်ဝင်း**

# ရသေ့တောင်မြို့နယ်၌ တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း နှစ်ဦးနှင့် အရပ်သား ၁၃ ဦးတို့အား AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်ထား



**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း နှစ်ဦးနှင့် အရပ်သား ၁၃ ဦး စုစုပေါင်း ၅၈ ဦးအား ယနေ့ နံနက်ပိုင်းက AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့မှ နံနက် ၇ နာရီတွင် ထွက်ခွာလာသည့် ရွှေနဒီ အမြန်ရေယာဉ်သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရသေ့တောင်မြို့ အမြန်ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိကာ ခရီးသည်များ တင်ဆောင်ပြီး ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ထို့နောက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရသေ့တောင်မြို့နယ် ကျောက်တန်းချောင်းဝနှင့် ပြိန်းတောင်ကျေးရွာကြား ရေမျက်ကျေးရွာဖောင်ဆိပ်အရောက်၌ AA အဖွဲ့မှ အင်အား ၃၀ ခန့်က ကမ်းစပ်မှ သေနတ်ပစ်ခတ်တားဆီး၍ ကမ်းစပ်သို့ ခေါ်ဆောင်ရပ်တန့်စေခဲ့ကြောင်း။

ယင်းရေယာဉ်ပေါ်တွင် ခရီးသည် ၁၆၅ ဦးနှင့် တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးတို့ ပါဝင်ပြီး ယင်းတို့အနက် ၅၈ ဦးအား ခေါ်ဆောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေနဒီအမြန်ရေယာဉ်သည် နံနက် ၁၁ နာရီတွင် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကနဦးသတင်းရရှိသည်။ **သတင်းစဉ်**

## သထုံမြို့၌ ချဲထီ/နှစ်လုံးထီ လောင်းကစားပြုလုပ်သူအား လောင်းကြေးငွေနှင့်အတူ ဖမ်းမိ

**သထုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက် ရန်ကင်းလမ်းရှိ နေအိမ်ရှေ့ ကုန်စုံဆိုင်၌ ချဲထီ/နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နန်းဆွေနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ဦးထွန်းလင်းဦးအား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၃၄၇၃၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ချဲထီ/နှစ်လုံးထီ လောင်းကစားပြုလုပ်သူ ဦးထွန်းလင်းဦးအား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယနေ့နံနက်ပိုင်းက ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်-၁၉၈/၅ နှင့် ၁၉၈/၆အကြား ယာဉ်မောင်းကိုရန်မျိုးအောင် မောင်းနှင်လာသည့် အောင်ဇေယျခရီးသည်တင်ယာဉ်မှာ ယနေ့နံနက် ၁ နာရီခန့်က လမ်းဖြတ်ကူးသူကိုဝင်တိုက်မိ၍ လမ်းဖြတ်ကူးသူ အမျိုးသားမှာ သေဆုံးသွားခဲ့သည်။

အလားတူ ယနေ့နံနက် ၅နာရီတွင် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၃၀/၁ နှင့် ၃၃၀/၂ အကြား ယာဉ်မောင်း(စိစစ်ဆဲ)မောင်းနှင်လာသည့် ပရဟိတ လူမှုကူညီရေးအသင်းယာဉ်မှာ လမ်းလယ်ကျွန်းသို့ တိုက်ပြီး လမ်းတစ်ခြမ်း ပိတ်ဆို့သွားခဲ့၍ အမြန်လမ်းရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ရသည်။ အဆိုပါ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်ခဲ့၍ စစ်ဆေးရာ ယာဉ်မှာတရားမဝင်ယာဉ်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ၎င်းဖြစ်စဉ်များအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အရေးယူစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **ညီညီသန်း(နေပြည်တော်)**



## ရေတာရှည်မြို့နယ်တွင် ယာဉ်မတော်တဆမှုဖြစ်

**ရေတာရှည် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်း မြောက်နန်ချွန်ကျေးရွာအနီးနှင့် ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက်တို့တွင် ယနေ့နံနက်ပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ဇော်မင်းဦး တမံတလင်းကျေးရွာ ကျောက်ဆည်မြို့နေသူမောင်းနှင်လာသည့် ၁၀ ဘီးကုန်တင်ယာဉ်သည် ရေတာရှည်မြို့ အမှတ် ၂ ရပ်ကွက် မိုင်တိုင် ၁၇၆/၆ နှင့် ၇ အကြားအရောက် အရှိန်လွန်၍ မျက်နှာချင်းဆိုင်ဘက်မှ စိုးသူ စစ်ကိုင်းမြို့နေသူ မောင်းနှင်လာသော ၂၂ ဘီး ဆီဘောက်ဆာယာဉ်၏ ဝဲဘက်ခြမ်းကို ပွတ်တိုက်မိခဲ့ပြီး ကားလမ်းအနောက်ဘက်ရှိ ဦးမောင်မောင်ရွှေ အမှတ်(၁)ရပ်ကွက်နေသူ၏ ခြံဝင်းအုတ်တံတိုင်းကို ဝင်ရောက်တိုက်မိခဲ့ကာ စင်အောက်၌ ရေဆေးနေသည့် တိုယိုတာ မတ်တူးယာဉ်၏ အမိုးယာဘက်ခြမ်းမှာ အစင်းများထင်၍ အောက်ကိုနိမ့်ကျသွားခဲ့သဖြင့် ယာဉ်မောင်း ဇော်မင်းဦးအား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## တာချီလိတ်၊ မိုးညှင်း၊ ဆီဆိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အိမ်အမှတ်(၄/၃၄)တွင် ငှားရမ်းနေထိုင်သည့် ထိုင်းနိုင်ငံသား Mr.Smokiat Panyabun နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ထိုင်းနိုင်ငံသား Mr.Tanakrit Khonsongsaen ကို တွေ့ရှိရပြီး အိုက်စ် ၁၅ ဂရမ်၊ ကတ်တမင်းဂရမ် ၂၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဧည့်ခန်းနှင့် ကပ်လျက်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်မွန်းမြို့ နတ်ကြီးကုန်း အမှတ်(၁) ရပ်ကွက်နေ ဒေါ်စန်းစန်းမြ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ယင်းနေ့နံနက် ၁၁ နာရီခွဲက ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဖက်နံ-နားစေးစောက်ကျေးရွာသွား ကားလမ်းတွင် တဝင်းမောင်းနှင်ပြီး မောင်လေးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(သ) **ဝန်ဆောင်မှုများ** ဆိုသည်မှာ တိုင်းတာနိုင်သော ရုပ်ဝတ္ထု၊ ထုတ်ကုန်များရရှိစေရန် အထောက်အပံ့ပေးသည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆိုသည်။ ယင်းဝန်ဆောင်မှုများတွင် ရည်ရွယ်ချက်များပြီးမြောက်စေရန် ပစ္စည်းကိရိယာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ပေးမှုများ ပါဝင်သည်။

(ဟ) **အကြံပေးဝန်ဆောင်မှု** ဆိုသည်မှာ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ အသိဉာဏ် ပစ္စည်းပိုင်ဆိုင်မှုနှင့် အကြံဉာဏ်ပေးစွမ်းနိုင်မှု စသည့် သဘောသဘာဝရှိသော လုပ်ငန်းများကိုဆိုသည်။

(ဠ) **တည်ဆောက်ခြင်း** ဆိုသည်မှာ တည်ဆောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ အဆောက်အအုံမွမ်းမံခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊ အဆောက်အအုံပုံစံ သို့မဟုတ် စီမံကိန်းမြေနေရာပြင်ဆင်ခြင်း၊ မြေတူးဖော်ခြင်း၊ တိုင်ထောင်ခြင်း၊ ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ အလှဆင်ခြင်းနှင့် အပြီးသတ်တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကိုဖြစ်စေ၊ ဝန်ဆောင်မှု၏ တန်ဖိုးသည် တည်ဆောက်မှု၏ တန်ဖိုးထက်မပိုသော လွန်တူးခြင်း၊ မြေပုံဆွဲခြင်း၊ ဂြိုဟ်တုဓာတ်ပုံရိုက်ခြင်း၊ မြေသားစစ်ဆေးခြင်းနှင့် အလားတူ ဝန်ဆောင်မှုများ စသည့် တည်ဆောက်မှုနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများကိုဖြစ်စေ ဆိုသည်။

(အ) **ဈေးနှုန်းကမ်းလှမ်းခြင်း** ဆိုသည်မှာ ရောင်းချခြင်း၊ ငှားရမ်းခြင်းများ ဆောင်ရွက်ရာတွင် လေလံခေါ်ယူရန်မလိုဘဲ "နိုင်ငံပိုင်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းဆိုင်ရာကော်မတီ" အနေဖြင့် ပစ္စည်းဝယ်ယူမည့်သူ သို့မဟုတ် ငှားရမ်းမည့်သူများထံသို့ ဈေးနှုန်းကမ်းလှမ်းတင်ပြပေးရန် တောင်းခံသည့် နည်းလမ်းကို ဆိုသည်။

(ကက) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြေညာခြင်းခံရသူကို ဆိုသည်။

(ခခ) **ခုံအဖွဲ့** ဆိုသည်မှာ အစိုးရ၏ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများတွင် တိုင်တန်းမှုအရပ်ရပ်ကို ကြားနာစစ်ဆေးဆုံးဖြတ်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ခုံအဖွဲ့ကို ဆိုသည်။

(ဂဂ) **အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သော စီမံကိန်းများ** ဆိုသည်မှာ အင်ဂျင်နီယာလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ပစ္စည်းကိရိယာများ ဝယ်ယူခြင်းများ ပါဝင်သည့် လုပ်ငန်းကြီးများ သို့မဟုတ် စီမံကိန်းလည်ပတ်ရန်အတွက် အင်ဂျင်နီယာလုပ်ငန်း၊ တည်ဆောက်ခြင်းနှင့် ပစ္စည်းကိရိယာများဝယ်ယူခြင်းများ ပါဝင်သော စီမံကိန်းကို ဆိုသည်။

(ဃဃ) **အရေးပေါ်အခြေအနေ** ဆိုသည်မှာ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းအနေဖြင့် ကန့်သတ်မှုမရှိသောတင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အချိန်လုံလောက်မှုမရှိဘဲ ကြိုတင်မမျှော်မှန်းနိုင်သော ဖြစ်ရပ် ပေါ်ပေါက်လာသည့်အခြေအနေကို ဆိုသည်။

(ငင) **မလွန်ဆန်နိုင်သော ဖြစ်ရပ်များ** ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့်ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိပြီး ထိရောက်အကျိုးရှိသော ဝယ်ယူမှုဖြစ်စေရန်၊

(ခ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများ စံချိန်မီဖြစ်စေရန်၊

(ဂ) အစိုးရ၏ဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများတွင် အရည်အချင်းနှင့် အရည်အသွေးပြည့်မီသော တင်ဒါတင်သွင်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ယှဉ်ပြိုင်မှုများ တိုးတက်ဖြစ်ပေါ်စေရန်၊

(င) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန်၊

(စ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းရေးဆွဲခြင်းနှင့် ယင်းလုပ်ငန်း ဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းတို့အတွက် တာဝန်ရှိသည်။

၆။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများအတွက် တစ်ပြေးညီ စံသတ်မှတ်ထားသော အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် တင်ဒါစာရွက်စာတမ်းများကို ရေးဆွဲပြုစုရမည်၊

(ခ) ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပြီး သုံးစွဲမှုတွင် ထိရောက်အကျိုးရှိစေရေးအတွက် အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကောက်ယူစုစည်းနိုင်ရန် သတင်းအချက်အလက် အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဂ) တင်ဒါနှင့် စပ်လျဉ်းသည့် တိုင်ကြားလာမှုများအပေါ် ဤဥပဒေအရ ဖွဲ့စည်းထားသော ခုံအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်၊

(ဃ) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ကာလလတ်နှင့် ကာလရှည်မူဝါဒများ ချမှတ်နိုင်ရေးအတွက် အကြံဉာဏ်များပေးရန် လေ့လာသုံးသပ်မှုများ၊ နှိုင်းယှဉ်လေ့လာမှုများနှင့် ခန့်မှန်းတွက်ချက်မှုများ ဆောင်ရွက်ရမည်၊

(င) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများရရှိစေရေး သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရမည်၊

(စ) အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နှစ်စဉ် အစီရင်ခံစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ဆ) ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းများအား အကြံဉာဏ်များပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်းတို့ကို ဆောင်ရွက်ရမည်၊

## အခန်း(၄)
## ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဝယ်ယူခြင်းလုပ်ငန်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(ခ) တင်ဒါကော်မတီ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းကော်မတီတို့ကို ဖွဲ့စည်းရမည်၊

(ဂ) ဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခြင်းမပြုမီ ဝယ်ယူရေးအစီအစဉ်များ ရေးဆွဲရမည်၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များကို ဝယ်ယူသည့်ပမာဏနှင့် လျော်ညီစွာ ဆောင်ရွက်ရမည်၊

(င) ဝယ်ယူခြင်းဆိုင်ရာ အစီရင်ခံစာများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့် အချိန်ကာလအတိုင်း ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(စ) ဝယ်ယူခြင်းဆိုင်ရာစာချုပ်များချုပ်ဆိုခြင်းနှင့် စာချုပ်စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရမည်၊

(ဆ) တင်ဒါခေါ်ယူစဉ်က ပစ္စည်းအရည်အသွေးနှင့် တင်ဒါခေါ်ယူပြီး ပစ္စည်းအရည်အသွေးတို့ ကိုက်ညီမှုရှိစေရန်အတွက် တာဝန်ယူ၍ စီမံကြီးကြပ်ရမည်။

၈။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် တင်ဒါကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ဌာနအဖွဲ့အစည်း အကြီးအမှူးက ဦးဆောင်၍ အနည်းဆုံး အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ကိစ္စရပ်အပေါ် မူတည်၍ သက်ဆိုင်သည့် ဌာနက အဖွဲ့ဝင်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၉။ တင်ဒါကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဝယ်ယူရေးအစီအစဉ်ကို အတည်ပြုခြင်း၊

(ခ) ဝန်ကြီးဌာနက စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများနှင့်အညီ ပြုစုထားသည့် စာရွက်စာတမ်းများကို အတည်ပြုခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ အကြီးအမှူးအား အကြံဉာဏ်ပေးခြင်း။

## အခန်း(၅)
## ဝယ်ယူခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်များအားလုံးသည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ခွင့်ပြုငွေနှင့် ဝယ်ယူရေးအစီအစဉ်တွင် ပါဝင်ရမည်။

၁၁။ ဝယ်ယူရေးအစီအစဉ်သည် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးသော နှစ်စဉ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဖြစ်ရမည့်အပြင် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များသည် တင်ဒါကော်မတီက အတည်ပြုထားသော ဝယ်ယူရေးအစီအစဉ်အရသာ ဆောင်ရွက်ရမည်။

၁၂။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်ပေါ် မူတည်၍ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ အစီအစဉ်များ၊ တွက်ချက်မှုပုံစံများ၊ ဒီဇိုင်းများ၊ သတ်မှတ်ချက်များ၊ စမ်းသပ်မှုနှင့် စမ်းသပ်စစ်ဆေးသည့် နည်းလမ်းများ၊ ထုပ်ပိုးမှု၊ အမှတ်အသား သို့မဟုတ် တံဆိပ်ရိုက်နှိပ်မှု သို့မဟုတ် အသိအမှတ်ပြုလက်မှတ်များ၊ သင်္ကေတအမှတ်အသားများနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကို ဖော်ပြရမည်။

၁၃။ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်ပေါ်မူတည်၍ ဖော်ပြချက်များတွင် စံသတ်မှတ်ချက်များကို တိကျပြည့်စုံစွာ မဖော်ပြနိုင်လျှင် "ယင်းနှင့်တူညီသော" ဟူသည့် စကားရပ်ကို ထည့်သွင်းဖော်ပြခြင်းမှအပ ကုန်အမှတ်တံဆိပ်အမည်၊ မူပိုင်ခွင့်၊ ဒီဇိုင်းပုံစံ သို့မဟုတ် အမျိုးအစား၊ တိကျသော မူလဇာစ်မြစ် သို့မဟုတ် ထုတ်လုပ်သူကို ဖော်ပြခြင်း သို့မဟုတ် ရည်ညွှန်းကိုးကားခြင်း မပြုလုပ်ရ။

၁၄။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် ယင်း၏တင်ဒါစာရွက်စာတမ်းများ ပြုစုရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများကို အသုံးပြုရမည်။

၁၅။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် ကန့်သတ်မှုမရှိသောတင်ဒါနှင့် ကန့်သတ်တင်ဒါ တင်သွင်းသည့် တင်ဒါတင်သွင်းသူများအား တင်ဒါအာမခံကြေးကို ပေးသွင်းစေရမည်။ တင်ဒါအာမခံကြေးပမာဏကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြရမည်။

၁၆။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်၏ အကျိုးအကြောင်းဖော်ပြချက်နှင့် ဆက်စပ်မှုရှိသော အကဲဖြတ်မှု စံနှုန်းသတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်ရမည် –

(က) ဈေးနှုန်း၊

(ခ) ပစ္စည်းများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြင်ဆင်ထိန်းသိမ်းမှု ကုန်ကျစရိတ်၊ ပစ္စည်းများပေးသွင်းရန်အချိန်၊ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးရန် သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ပြီးစီးရန် အချိန်၊ ငွေပေးချေမှုနှင့် အာမခံပေးသွင်းမှုဆိုင်ရာ သတ်မှတ်ချက်များ၊


(ဂ) ကန်ထရိုက်တာနှင့် ဝန်ထမ်းများ၏ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်တစ်ရပ်ရပ်အရဖြစ်စေ၊ ထည့်သွင်းစဉ်းစားရန် သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက် တစ်ရပ်ရပ်၊


၁၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(က) ပြည်တွင်းတွင် ထုတ်လုပ်သောပစ္စည်းများ၊ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အလို့ငှာ ပြည်တွင်းမှ တင်ဒါတင်သွင်းသူများအား ဦးစားပေးရွေးချယ်သည့် အခွင့်အလမ်းများ ရရှိစေခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**
















## ရုပ်သံအကူဒိုင်စနစ်မှတစ်ဆင့် အနီကတ်ပြထုတ်ပယ်ခံရတဲ့ ပရီမီယာလိဂ်ပထမဆုံးကစားသမား ရိုင်ယန်ဘာထရန်ဖြစ်လာ

ဆောက်သမ်တန်နောက်တန်းကစားသမား ရိုင်ယန်ဘာထရန်ဟာ VAR လို့ခေါ်တဲ့ ရုပ်သံအကူဒိုင်စနစ်မှတစ်ဆင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရတဲ့ ပရီမီယာလိဂ်ပထမဆုံး ကစားသမားတစ်ဦးဖြစ်လာခဲ့ပါတယ်။

ဘာထရန်ဟာ အောက်တိုဘာ ၂၅ ရက်က ဆောက်သမ်တန်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ပွဲစဉ်မှာ ရုပ်သံအကူဒိုင်စနစ်ကြောင့် ပွဲကစားချိန် ၁၂ မိနစ်မှာ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး ဘာထရန်နဲ့ လက်စတာစီးတီးတိုက်စစ်မှူးပီရက်ဇ်တို့ ဘောလုံးယှဉ်လုစဉ်မှာ ဘာထရန်က ကြမ်းတမ်းစွာကစားခဲ့တာကြောင့် ကွင်းလယ်ဒိုင်ဖြစ်တဲ့မိုက်ဒန်းက အနီကတ်ပြထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

အဲဒီလို ထုတ်ပယ်ခံရတဲ့အချိန်မှာ ဘာထရန်ဟာဒေါသထွက်ခဲ့ပေမယ့် ပြန်လည်ပြသခဲ့တဲ့ ဗီဒီယိုအနှေးပြကွက်မှာတော့ ထုတ်ပယ်သင့်လောက်တဲ့အထိ ဖြစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ လက်စတာစီးတီးအသင်းက ဆောက်သမ်တန်အသင်းကို ကိုးဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိခဲ့တာဖြစ်ပြီး ပီရက်ဇ်နဲ့ဗာဒီတို့ဟာ လက်စတာစီးတီးအသင်းအတွက် ဟက်ထရစ်သွင်းဂိုးတွေကိုယ်စီသွင်းယူနိုင်ခဲ့ကာ ချီဝဲလ်၊ တီလီမန်နဲ့မက်ဒီဆင်တို့ကလည်း တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

## ဒေါက်ဂလပ်လူးဝစ်ဇ် ဘရာဇီးအသင်းနဲ့အတူ ပါဝင်လာမည်

အက်စ်တွန်ဗီလာအသင်းရဲ့ ကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်ဇ်ဟာ လာမယ့်လမှာ ဘရာဇီးအသင်း ယှဉ်ပြိုင်ကစားရမယ့်ပွဲစဉ်တွေမှာ ပါဝင်လာမှာဖြစ်ပြီး ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူးနေမာကတော့ ဒဏ်ရာပြဿနာကြောင့် လွဲချော်မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်ဇ်ဟာဇူလိုင်လအတွင်းက မန်စီးတီးအသင်းကနေ အက်စ်တွန်ဗီလာအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ ရှစ်ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုးနှစ်ဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ အောက်တိုဘာ ၁၃ ရက်က ဘရာဇီးအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ နိုင်ငံတကာပွဲစဉ်မှာတံကောက်ကြောဒဏ်ရာရရှိခဲ့တာဖြစ်လို့ သီတင်းပတ်လေးပတ်ကြာအနားယူရမယ်လို့ သိရပါတယ်။

ဘရာဇီးအသင်းဟာနိုဝင်ဘာ ၁၅ ရက်မှာ အာဂျင်တီးနားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်ကစားပြီး လေးရက်အကြာမှာတော့ တောင်ကိုရီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဘရာဇီးအသင်းနည်းပြတီတီဟာ ရီးယဲလ်မက်ဒရစ်အသင်းမှ အသက် ၁၈ နှစ်အရွယ်ရှိ တိုက်စစ်မှူးရိုဒရိုင်ဂိုကိုလည်း အာဂျင်တီးနားအသင်း၊ တောင်ကိုရီးယားအသင်းတို့နဲ့ ပွဲစဉ်တွေအတွက် ခေါ်ယူထားခဲ့ပြီး ရိုဒရိုင်ဂိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ ကစားခဲ့တဲ့ပွဲစဉ်မှာ ပွဲကစားချိန် ၂ မိနစ်အတွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ လူငယ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ရိုးမားအသင်း ဂိုးသမားဖူဇာတိုနဲ့အသက် ၂၀အရွယ်ရီးယဲလ်ဘတ်တစ်နောက်တန်းကစားသမားအီမာဆင်လည်း ဘရာဇီးအသင်းနဲ့အတူ ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာမှာဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာ ကစားသမားရှစ်ဦးကို ရွေးချယ်ခဲ့ပေမယ့် ဘရာဇီးကလပ်အသင်းတွေက ကစားသမားတွေကိုတော့ ခေါ်ယူထားတာ မရှိဘူးလို့ သိရပါတယ်။

ဘရာဇီးအသင်းက အာဂျင်တီးနားအသင်း၊ တောင်ကိုရီးယားအသင်းတို့နဲ့ ပွဲစဉ်တွေအတွက် ရွေးချယ်ထားတဲ့ ကစားသမားတွေကတော့ ဂိုး-အဲလစ်ဆင်(လီဗာပူး)၊ အီဒါဆင်(မန်စီးတီး)၊ ဖူဇာတို(ရိုးမား)၊ နောက်တန်း-ဒန်နီလို(ဂျူဗင်တပ်)၊ အီမာဆင်(ရီးယဲလ်ဘတ်တစ်)၊ အဲလက်ဆန်ဒရို(ဂျူဗင်တပ်)၊ ရီနန်လိုဒီ(အက်သလက်တီကိုမက်ဒရစ်)၊ သီယာဂိုဆေးလ်ဗား(ပီအက်စ်ဂျီ)၊မာကွင်ဟို(ပီအက်စ်ဂျီ)၊ မီလီတို(ရီးယဲလ်မက်ဒရစ်)၊ ဖီလစ်ပီ(အက်သလက်တီကိုမက်ဒရစ်)၊ ကွင်းလယ်-ကတ်စမဲရိုး(ရီးယဲလ်မက်ဒရစ်)၊ အာသာ(ဘာစီလိုနာ)၊ ကော်တင်ဟို(ဘိုင်ယန်)၊ ဖာဘင်ဟို(လီဗာပူး)၊ ဒေါက်ဂလပ်လူးဝစ်ဇ်(အက်စ်တွန်ဗီလာ)၊ လူးကတ်ပါကွေတာ(အေစီမီလန်)၊ ဝီလီယံ(ချယ်လ်ဆီး)၊ ရှေ့တန်း-ဒေးဗစ်နီရက်စ်(အေဂျက်)၊ ဖာမီနို(လီဗာပူး)၊ ရစ်ချာလီဆင်(အဲဗာတန်)၊ ဂါဘရီယယ်ဂျီးဆပ်(မန်စီးတီး)နဲ့ ရိုဒရိုင်ဂို(ရီးယဲလ်မက်ဒရစ်)တို့ပဲ ဖြစ်ပါတယ်။





## ရီးယဲလ်ဥက္ကဋ္ဌနဲ့ နည်းပြအကြား ဆုံးဖြတ်ရခက်နေတဲ့ ပေါ့ဘာရဲ့အပြောင်းအရွှေ့

မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ လာမယ့်အပြောင်းအရွှေ့ကာလအတွင်းမှာ စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့ဆန္ဒရှိနေပြီး ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကတည်းက စပိန်မြေကို သွားရောက်ကစားဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

အဲဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဇီဒန်းကလည်း ကွင်းလယ်ကစားသမား ပေါ့ဘာကိုခေါ်ယူဖို့ဆန္ဒရှိနေပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်ကတော့ ပေါ့ဘာကိုခေါ်ယူဖို့ထက် အခြားသော ကွင်းလယ်ကစားသမားတစ်ဦးကိုခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

စပိန်သတင်းစာတစ်စောင်ရဲ့ ဖော်ပြချက်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ကွင်းလယ်ကစားသမား ပေါ့ဘာကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ အပြင် တောင်ပံကစားသမားဂါရတ်ဘေးလ်ကိုပါ အလိုက်ပေးဖို့စီစဉ်ထားတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် နည်းပြဇီဒန်းကသာ ပေါ့ဘာကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး အသင်းဥက္ကဋ္ဌဖလော်ရန်တီနိုပီရက်ဇ်ကတော့ ပေါ့ဘာကိုခေါ်ယူဖို့ လက်ရှိအချိန်အထိ ဖွင့်ဟပြောကြားထားတာမရှိတဲ့အတွက် ပေါ့ဘာရဲ့ရီးယဲလ်မက်ဒရစ်အသင်းကိုပြောင်းရွှေ့မယ့် မျှော်လင့်ချက်ဟာ နည်းပြနဲ့ဥက္ကဋ္ဌအကြား ဆုံးဖြတ်ချက်အပေါ်မှာ မူတည်နေတာပဲဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

## ဘာစီလိုနာအသင်းက ခေါ်ယူဖို့စိတ်ဝင်စားနေခြင်းကြောင့် ချယ်လ်ဆီးအသင်းမှ ဝီလီယံထွက်ခွာမည်ဟုဆို

ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဝီလီယံဟာ ဘာစီလိုနာအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေခြင်းကြောင့် စတမ်းဖို့ဒ်ဘရစ်ချ်ကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဝီလီယံရဲ့ လက်ရှိချယ်လ်ဆီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာလည်း အခုဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး ဂျူဗင်တပ်အသင်း၊ ဘာစီလိုနာအသင်းတို့အပါအဝင် ဥရောပကလပ်အသင်း အတော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။

ဝီလီယံရဲ့ ကစားသမားဘဝဟာ ဘရာဇီးကလပ် ကိုရင်သီယန်အသင်းနဲ့ စတင်ခဲ့တာဖြစ်ပြီး ကိုရင်သီယန်အသင်းအနေနဲ့ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဝီလီယံကိုပြန်လည်ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ကစားသမား ကိုယ်တိုင်ကတော့ အနာဂတ်ကစားသမားဘဝကို ဥရောပမှာပဲအဆုံးသတ်မယ်လို့ ပြောကြားထားပါတယ်။

စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ရှိ၊ မရှိဆိုတဲ့မေးခွန်းအပေါ်မှာတော့ ကွင်းလယ်ကစားသမားဝီလီယံက ထိပ်တန်းကလပ်အသင်းတွေရဲ့ စိတ်ဝင်စားမှုခံထားရတာဖြစ်လို့ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့လိုကြောင်းနဲ့ချယ်လ်ဆီးအသင်းမှာဆက်နေရင်လည်း ကာလတိုသာ ဆက်ကစားဖို့ရှိတယ်လို့ ပြောကြားထားပါတယ်။

ကွင်းလယ်ကစားသမားဝီလီယံဟာ အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ငါးပွဲ ကစားပေးပြီးချိန်မှာ တစ်ဂိုးဖန်တီးပေးထားကာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်မှာလည်း တစ်ဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။

ဝီလီယံဟာ ကိုရင်သီယန်အသင်း၊ ရှက်တာဒိုးနက်စ်ခ်အသင်း၊ အန်ဇီအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့မှာ ကစားခဲ့သူဖြစ်ပြီး လက်ရှိကလပ် ချယ်လ်ဆီးအသင်းကို ၂၀၁၃ ခုနှစ်က ရောက်ရှိကာ ၂၀၆ ပွဲအထိပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။



○ **အာရှယူ-၁၉ မှ**

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းကကိုင်တွယ်နေပြီး ကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ပဏာမကစားသမားများအနက် ဟိန်းထက်အောင်နှင့် ပြည့်စုံနိုင်မှာ မြန်မာယူ-၂၂ အသင်းနှင့်အတူ ကာတာခြေစမ်းခရီးစဉ်သို့ လိုက်ပါသွားသောကြောင့် ကျန် ၂၇ ဦးဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် လာအိုအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အောက်တိုဘာ ၃၁ ရက်၌ ပြည်တွင်းခြေစမ်းပွဲ တစ်ပွဲထပ်မံကစားမည်ဖြစ်သည်။

၂၀၂၀ အာရှယူ-၁၉ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(I) ပွဲစဉ်များကိုနိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းအုပ်စုတွင် တောင်ကိုရီးယား၊ တရုတ်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ အာရှခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉အသင်းတွင် **အုပ်ချုပ်သူ-** ဦးရဲဝင်းအောင်၊ **နည်းပြချုပ်-** ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ- ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြ-** ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး-** ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း-** စည်သူမိုးခန့်၊ သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမူး၊ ကောင်းခန့်ကျော် (၁)၊ မျိုးကိုကိုလင်း၊ **အလယ်တန်း-** အောင်ကိုဦး၊ ရန်ကျော်စိုး၊ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ ပြည့်စုံနိုင်၊ **ရှေ့တန်း-** ကောင်းဇင်မိုး၊ လမင်းထွေး၊ ညီညီ၊ စောကျော်အဲ၊ ဩဘာခနှင့် ရဲထက်အောင်တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

❂ **မြန်မာယူ-၂၂ အသင်းမှ**

ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ စောစီးစွာ ဂိုးပေးလိုက်ရသောကြောင့် မြန်မာယူ-၂၂အသင်းချေပဂိုး ပြန်ရရန် ကြိုးပမ်းလာသလို နီပေါအသင်းကလည်းတိုက်စစ်အားပြု ကစားခဲ့သည်။ မိနစ် ၄၀ တွင် မြန်မာအသင်းချေပဂိုးပြန်ရခဲ့ပြီး လွင်မိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် နီပေါအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဆူဘားကသွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သလို ကစားပုံမှာလည်း အချိတ်အဆက်လွဲချော်နေသောကြောင့် ဂိုးရရန်ရုန်းကန်ခဲ့ရသည်။ ၆၇ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး လွင်မိုးအောင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့သည်။

မြန်မာယူ-၂၂အသင်းသည် အောက်တိုဘာ ၃၁ ရက်အထိ ကာတာနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ဒုတိယခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ကာတာကလပ် အယ်လ်အိုဝေနာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များ ပေးအပ်

**ဆီဆိုင် အောက်တိုဘာ ၂၆**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၁) စစ်ဗျူဟာရုံးမှနိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် မြေဧက ၂၀၀ အနက်မှ ၁၇၂ ဒသမ ၃၉ ဧကအား မူလတောင်သူ ၄၄ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များ ပေးအပ်ခြင်းကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစိုင်းလုံကျော်က ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စ တိုင်ကြားစာများ အပေါ်ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် စွန့်လွှတ်မြေများအား မူလတောင်သူများထံပြန်လည်ပေးအပ်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်က ဒေသဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။




ထို့နောက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဆီဆိုင်မြို့နယ် ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကပေးအပ်ခဲ့ကြပြီးတောင်သူများကိုယ်စား တောင်သူ ဒေါ်နန်းချိုချိုဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**



# တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲ စည်ကားစွာကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၂၆**

မိတ္ထီလာ၌ အန္တကူမိုးကောင်းဆုတောင်းပြည့်ရေလယ်စေတီတော်၏(၂၇)ကြိမ်မြောက် တန်ဆောင်တိုင်မီးကြာမျှောပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပမြဲအတိုင်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တန်ဆောင်မုန်းလပြည့်နေ့နဲ့ လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်ကျင်းပမှာ ဖြစ်ပါတယ်။ အန္တကူမိုးကောင်း ဆုတောင်းပြည့်ရေလယ်စေတီတော်အနီးက မိတ္ထီလာကန်ရေပြင်မှာ မီးကြာခွက်မျှောပြီး ဆုတောင်းပူဇော်ကြတဲ့ ဒေသခံတွေ၊ ရပ်ဝေးဒေသကလာတဲ့ဧည့်သည်တွေနဲ့ မိတ္ထီလာ တန်ဆောင်တိုင် မီးကြာမျှောပွဲမှာ စည်ကားလေ့ရှိပါတယ်" ဟု စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက ပြောကြားသည်။

မိတ္ထီလာတွင် ယမန်နှစ်ကတန်ဆောင်တိုင်ဝက်ပါပွဲတော်ကျင်းပခဲ့သော်လည်း ယခုနှစ်ကျင်းပနိုင်ခြင်းမရှိဘဲ နဂါးရုံမဟာဗောဓိစေတီတော်၏ မသိုးသင်္ကန်းရက် ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲ၊ အန္တကူမိုးကောင်းရေလယ်စေတီတော်၏ မီးကြာမျှောပူဇော်ပွဲများ ကျင်းပမြဲအတိုင်း ကျင်းပမည်ဖြစ်သည်။ မိတ္ထီလာရှိ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ သမိုင်းဝင် ရွှေစောလူးစေတီတော်၊ သမိုင်းဝင် ရွှေမြင်တင်စေတီတော်နှင့် အခြားဘုရားစေတီများတွင် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ဟိုင်းကြီးကျွန်းမြို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာတပ်ဆင်ရေး လုပ်ငန်းများစတင်

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ VMS-(Vessel Monitoring System) တပ်ဆင်ရေးနှင့်ပတ်သက်၍ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးအေးနိုင်၊ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမင်းချွန်သူနှင့် King Royal Technologies Co.,Ltd မှ Assistant Business Development Manager ဦးအေးကိုဇင်တို့က ဒေသခံကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ငါးလုပ်ငန်းဦးစီးဌာနရုံး၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် "မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှာ VMS-(Vessel Monitoring System) ကို တပ်ဆင်အသုံးပြုနေကြပြီဖြစ်ပါတယ်၊ အခုမြိတ်မြို့မှာလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်၊ ကိရိယာတပ်ဆင်ထားခြင်းအားဖြင့် ငါးဖမ်းရေယာဉ်တွေဟာ သတ်မှတ် ငါးဖမ်းကွက်ရဲ့အတွင်းမှာလား၊ အပြင်မှာရောက်နေတာလား၊ ပျောက်ဆုံးနေတာလား စသဖြင့် စောင့်ကြည့်ပြီးတော့ လိုအပ်တဲ့ကြီးကြပ်မှုတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှာ Control Center တစ်ခုထားရှိပြီး နိုဝင်ဘာလကစပြီး VMS-(Vessel Monitoring System)ကိုစတင်လည်ပတ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်၊ လက်ရှိ ငါးလုပ်ငန်းဦးစီးဌာနနဲ့ VMS စက်ကိရိယာတွေတပ်ဆင်ရန်အတွက် တင်ဒါအောင်မြင်ထားတဲ့ ကုမ္ပဏီခြောက်ခုရှိပြီး လုပ်ငန်းရှင်နဲ့ ကုမ္ပဏီအကြား ဆွေးနွေးပြီးသွားရင် ပစ္စည်းဝယ်ယူတပ်ဆင်မှုအတွက် စာချုပ်ချုပ်ဆိုကြရမှာ ဖြစ်ပါတယ်၊ စာချုပ်ချုပ်ဆိုထားခြင်းမရှိဘူးဆိုရင်တော့ ကမ်းဝေးငါးဖမ်းခွင့်ကို ခွင့်မပြုပါဘူး၊ စာချုပ်ချုပ်ဆိုထားတဲ့ လုပ်ငန်းရှင်ကိုပဲ စက်ကိရိယာတပ်ဆင်နေစဉ်ကာလအတွင်း တစ်လ ပင်လယ်ထွက်ခွင့် ပြုထားမှာဖြစ်ပါတယ်၊ စက်တပ်ဆင်မှုအားလုံးပြီးစီးမှ ပင်လယ်ပြင်ကို ငါးဖမ်းထွက်ခွာခွင့်ရရှိမှာ ဖြစ်ပါတယ်၊ စက်ပစ္စည်းတွေ တပ်ဆင်မယ်ဆိုရင်လည်း ပစ္စည်းဖိုး၊ တပ်ဆင်ခနဲ့ လစဉ်ကြေးတွေပေးသွင်းပြီး ဆောင်ရွက်သွားကြရမှာဖြစ်လို့ ကုမ္ပဏီနဲ့ ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်" ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က ပြောကြားသည်။

စက်ပစ္စည်း တပ်ဆင်ခြင်းနှင့်ပတ်သက်၍ တပ်ဆင်ခနှင့် အခြေခံပစ္စည်းအပြည့်အစုံ အပါအဝင်ကို US$-1000 ဖြင့်လည်းကောင်း၊ တပ်ဆင်ခ၊ အခြေခံပစ္စည်းအပြည့်အစုံနှင့် Alert Button အပါအဝင်ကို US$-1100 ဖြင့်လည်းကောင်း၊ လစဉ်ကြေးအဖြစ် US$-39 ကျသင့်မည်ဖြစ်ပြီး အခြေခံပစ္စည်းများသာ တပ်ဆင်မည်ဆိုပါက ကနဦးဈေးနှုန်း လျှော့နည်းနိုင်ကြောင်း သိရသည်။ သို့ရာတွင် အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် စက်ကိရိယာတပ်ဆင်လိုပါကလည်း စာချုပ်ချုပ်ဆိုသည့်နေ့တွင် စုစုပေါင်း ကုန်ကျငွေ၏ ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ နှစ်လအကြာတွင် ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ ကိုးလအကြာတွင် ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း ပေးချေသွားရမည်ဖြစ်ကြောင်း King Royal Technologies Co.,Ltd မှ Assistant Business Development Manager ဦးအေးကိုဇင်က ပြောကြားသည်။

ဟိုင်းကြီးကျွန်းဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ကမ်းဝေးငါးဖမ်း ရေယာဉ်များကိုရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်မှု အောင်မြင်ပြီးမြောက်ခဲ့ပါက ငါးလုပ်ငန်းဦးစီးဌာန နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်၊ ရခိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် Control Center များထားရှိပြီး မြန်မာ့ပင်လယ်ပြင်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များကို စောင့်ကြည့်ကြပ်မတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**


# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပဥ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပညာရှင်အဆင့်ပြိုင်ပွဲဆုပေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပဥ္စမပွဲစဉ်) ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ညောင်ဦးမြို့ရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးကျော်ကျော်မြင့်က ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၄၆ ချက်ဖြင့် ဒုတိယရရှိခဲ့သော ဝိုင်းဝိုင်းနှင့် စုစုပေါင်းရိုက်ချက် ၂၃၈ ချက်ဖြင့် ပထမရရှိခဲ့သော ပြုံးပြုံးထွေးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် ပထမရရှိခဲ့သော လှိုင်မင်းထက်တို့အားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် လှိုင်မင်းထက်အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် သက်ကြီးတန်း ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမရရှိခဲ့သော ဦးစိုးကျော်နိုင် (Taylor - made) အား မြန်မာနိုင်ငံ သက်ကြီးတန်းအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သောင်းက ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၇၅ ချက်ဖြင့် ပထမရရှိခဲ့သော ဟိန်းစည်သူ (Phyo Si Thu Teak Plantation & Bago Yoma Eco Resort) အား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌဦးကိုကိုအေးက ဂုဏ်ပြုဆုဖလားနှင့် Phyo Si Thu Teak Plantation & Bago Yoma Eco Resort ဒါရိုက်တာ ဦးကျော်ကိုကိုဟိန်းက ဆုကြေးငွေ ချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။ ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Zwe Mann Co., Ltd, MWD Bank, Telecom International Myanmar Co., Ltd (Mytel), SAE PAING Development Ltd, Phyo Si Thu Teak Plantation & Bago Yoma Eco Resort , INNWA Bank တို့က အဓိကကူညီပံ့ပိုးပေးထားသည်။ **ဖိုးသော်ဇင်**





## The Competence Empowerment Project နှင့် Cooperation Center ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) နှင့် ကိုရီးယားနိုင်ငံ Korea Ministry of Education တို့ ပူးပေါင်းဆောင်ရွက်မည့် The Competence Empowerment Project နှင့် Cooperation Center ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်( မန္တလေး) ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဦးသာထွန်းကျော်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကိုရီးယားနိုင်ငံ Seoul National University မှ Project တာဝန်ခံ Prof. Seung Pyo Lee က Project နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကိုကိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

## အသေးစားငွေရေးကြေးရေးလုပ်ငန်းဖိုရမ် နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေး လုပ်ငန်းနယ်ပယ်အား ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းက ဦးဆောင်ပြုလုပ်မည့် ပထမဆုံးအကြိမ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖိုရမ် (Myanmar Microfinance Forum)ကို နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ PARKROYAL ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံရှိအသေးစားငွေရေးကြေးရေးကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များတွေ့ဆုံပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းနယ်ပယ်အတွင်းရှိ စည်းမျဉ်းဥပဒေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပါအဝင် ပြည်တွင်းရှိအသေးစား ငွေရေးကြေးရေး လုပ်ငန်းနယ်ပယ်အတွင်း ပြောင်းလဲတိုးတက်လာမှုများကို ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး ၎င်းအပြင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (MFIs) များအတွက် လိုက်နာဆောင်ရွက်သင့်သည့် နည်းဗျူဟာများကို ဆန်းစစ်လေ့လာနိုင်ရန် ဝေမျှသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖိုရမ်တွင် တာဝန်သိ ငွေကြေးဝန်ဆောင်မှုဆိုင်ရာ၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ကျင့်ဝတ်စည်းမျဉ်းများနှင့် လူမှုအသိုက်အဝန်း တိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးမှုနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများအကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အသေးစားငွေရေးကြေးရေးကဏ္ဍတိုးတက်လာမှုများနှင့် နိုင်ငံတကာလုပ်ငန်းနယ်ပယ်မှ လေ့လာသင်ယူသင့်သည့် အချက်များ၊ အောင်မြင်မှုရရှိခဲ့သော အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုပုံစံများအကြောင်း၊ မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းနယ်ပယ်ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ အသေးစားငွေကြေးလုပ်ငန်းကူညီမှုအသင်း၏ အခန်းကဏ္ဍနှင့် ပိုမိုတည်တံ့ခိုင်မြဲသည့် အသေးစားငွေရေးကြေးရေးကဏ္ဍတစ်ရပ်ပေါ်ပေါက်လာရေးခေါင်းစဉ်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှ သိရသည်။

ဖိုရမ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအပါအဝင် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ SME နှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ နည်းပညာကုမ္ပဏီများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်လုပ်ငန်းများမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## မိုးကောင်းမြို့နယ်၌ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံ၊ တိုက်ကျွေး

**မိုးကောင်း အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး/ထိုးနှံခြင်းကို မြို့နယ်လုံးကျွတ်ဆောင်ရွက်မည်ဖြစ်ရာ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက ဖွင့်ပွဲအဖြစ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

မိုးကောင်းမြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာများတွင် မွေးကင်းစမှ အသက် ငါးနှစ်ခွဲအထိ ကလေးသူငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်း၊ အသက်ကိုးလမှ ငါးနှစ်ခွဲအထိ ကလေးသူငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေး/ထိုးနှံခြင်းများကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်စံနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံး အပိုဆောင်းတစ်ကြိမ် ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၅၈) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၂၁) ကမ္ဘာအေးဘုရားလမ်းရှိ ရိပ်သာကြီးဝင်းအတွင်း ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ မြန်မာ့အလင်းဦးတင်အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပွဲတော်ကာလအတွင်း လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ စေတနာရှင်များနှင့် အလှူရှင်များက နိဗ္ဗာန်ဈေးဆိုင်ခန်း ၈၅ ဆိုင်ဖြင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ၊ ရှမ်းအစားအစာ၊ ကိုရီးယားအစားအစာ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားစရာ၊ အိမ်သုံးဆေးဝါး၊ အလှကုန်နှင့် လက်ဆောင်ပစ္စည်းများရောင်းချ၍ ဘိုးဘွားရိပ်သာအတွက် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

ပျော်ပွဲရွှင်ပွဲတွင် Five Star Group အငြိမ့်အဖွဲ့ဖြင့် ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအထိ ကပြဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးမှာ ကလေးလူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုဇော်**

## ယာဉ်မှတ်ပုံတင်ရာတွင် အမည်ပေါက်ပိုင်ဆိုင်သူမှန်ကန်မှသာ သက်တမ်းတိုးပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၀ ပြည့်နှစ်မှစ၍ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် အမည်ပေါက်ပိုင်ဆိုင်သူမှန်ကန်မှသာ သက်တမ်းတိုး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ မော်တော်ယာဉ်အမည်ပေါက်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်(ခ) ငမ်ခိုင်ပါးပါးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ (ကနဦးမှတ်ပုံတင်ခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ နယ်ဝင်/နယ်ထွက်ခြင်း၊ ခရီးလွန်စစ်ဆေးခြင်း၊ စက်/ဆေး/ပြောင်းလဲခြင်း၊ မှတ်ပုံတင်အထောက်အထား ပျောက်ဆုံးခြင်း စသည်ဖြင့်) ဆောင်ရွက်ပါက အမည်ပေါက်ယာဉ်ပိုင်ရှင်ကိုယ်တိုင်(သို့မဟုတ်) အမည်ပေါက်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများဖြင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် တင်ပြနိုင်ခြင်းမရှိပါက ယာဉ်လက်ဝယ်ရှိသူ၏ အမည်သို့ပြောင်းရန် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

"မော်တော်ယာဉ်သက်တမ်းတိုး ကနဦးဆောင်ရွက်ခြင်း၊ နယ်ဝင်-ထွက် ခရီးလွန်စစ်ခြင်း၊ မှတ်ပုံတင်အထောက်အထားများ ဆောင်ရွက်ခြင်း၊ ယာဉ်မှန်၊ မမှန် လာစစ်ဆေးခြင်းတွေ လာရောက်ဆောင်ရွက်တဲ့အခါမှာ ယာဉ်ပိုင်ရှင်ရဲ့ မှတ်ပုံတင်မူရင်း၊ သန်းခေါင်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးမှာဖြစ်ပါတယ်၊ အဲဒီအချိန်မှာ အမည်မပြောင်းရသေးဘူးဆိုရင် မဖြစ်မနေပြောင်းဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်၊ အမည်ပြောင်းဆောင်ရွက်ပြီးမှ ကျန်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ဦးလျန်ကျင့်မန် (ခ) ငမ်ခိုင်ပါးပါးက ပြောကြားသည်။

သို့ဖြစ်၍ မော်တော်ယာဉ်တစ်စီးအတွက် ယခင်ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံခဲ့သည့် အခွန်နှုန်းထားသည် အနိမ့်ဆုံး ၁၅ ရာခိုင်နှုန်းမှ အမြင့်ဆုံး ၃၀ ရာခိုင်နှုန်းအထိဖြစ်ပြီး ယခု ၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၂၅ အရ ယာဉ်ပိုင်ရှင်တိုင်း အခွန်ပေးဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် အခွန်သက်သာခွင့် ကန့်သတ်ကာလအတွင်း ယာဉ်ပိုင်ရှင်တိုင်း ယာဉ်လက်ဝယ်ရှိသူအမည်၊ နေရပ်လိပ်စာ မှန်ကန်စွာ ပြောင်းလဲမှတ်တမ်းတင်နိုင်ရန် အခွင့်ကောင်းတစ်ခုဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ကြောင့် ယာဉ်ပိုင်ရှင်အမည်ပေါက်ဆောင်ရွက်ထားခြင်းမရှိပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အရေးယူမှုအပိုင်းကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ငြိမ်းငြိမ်း**



အောက်တိုဘာ ၂၂ ရက် ညပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေ/မြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းများလျော့နည်းကျဆင်းရေး၊ သက်ငယ် မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့်ပတ်သက်၍ စမ်းချောင်းမြို့မရဲစခန်းမှူး ဒု-ရဲမှူး ဝင်းနိုင်နှင့်အဖွဲ့က ရပ်ကွက်နေပြည်သူများအား အသိပညာပေး ရှင်းလင်းစဉ်။ ငွေးကို

## အာဆီယံလူငယ်များညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးလူငယ်သုံးဦး ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် အာဆီယံလူငယ်များညီလာခံ (ASEAN Youth Conference)သို့မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့မှတက္ကသိုလ်အဆင့်ကင်းထောက်အမျိုးသမီးကိုယ်စားလှယ်သုံးဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်အဆင့် ကင်းထောက်အမျိုးသမီးကိုယ်စားလှယ်အဖွဲ့တွင် မမိုးသိင်္ဂီ (ဒဂုံတက္ကသိုလ်)၊ မနှင်းသီတာထွန်း (ဒဂုံတက္ကသိုလ်)၊ မမြမဉ္ဇူ (ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်)တို့ဖြစ်ကြပြီးအောက်တိုဘာ ၂၄ရက်က ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြသည်။



ညီလာခံတွင် Women & Peace၊ Entrepreneurship၊ Environment အစရှိသည့် မဏ္ဍိုင်သုံးရပ်နှင့် လေ့လာရေးခရီးစဉ်များပါဝင်ပြီး မိမိနိုင်ငံများသို့ပြန်လည်ရောက်ရှိလျှင် ဒေသတွင်းဆက်လက်လုပ်ဆောင်ရမည့်စီမံကိန်းများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။ ညီလာခံကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ASEAN Youth Organization က ကျင်းပပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့မှ သိရသည်။

**ကြေးမုံ**




## မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) (၉ ) ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (Myanmar Public Adminstration Network –MPAN) (၉ )ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် အသင်းဝင်များ မိတ်ဆုံညစာစားပွဲကိုယနေ့ည ၇ နာရီက Gandamar Whole Sale ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက အမှတ်တရစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (Myanmar Public Adminstration Network –MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ MPAN ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် စပွန်ဆာကုမ္ပဏီများအား MPAN ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် ဒုဥက္ကဋ္ဌများက အမှတ်တရလက်ဆောင်ပေးအပ်ပြီး အသင်းဝင်များကို ကံစမ်းမဲများ မဲနှိုက်ရွေးချယ်ပေးကြသည်။

**သတင်း–ဖိုးသော်ဇင်၊ ဓာတ်ပုံ–ဘုန်းသော်**

## မြန်မာ ယူ–၁၉ အမျိုးသမီးအသင်း အာရှပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၆**

ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည့် ၂၀၁၉ အာရှ ယူ–၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ရန် မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းသည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ ဗီယက်နမ်၊ အုပ်စု (ခ) တွင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် လက်ရှိချန်ပီယံ ဂျပန်အသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တရုတ်အသင်း၊ နိုဝင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ ဒေါ်မေသူထွန်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကြံ့ခိုင်ရေးနည်းပြ ဟွမ်ရိုမန်၊ အားကစားသမားများအဖြစ် ဂိုး–ဇူးလတ်နဒီ၊ ခင်မြတ်မိုး၊ ကြည်ပြာလင်း၊ နောက်တန်း–ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ အိအိကျော်၊ နှင်းမြသဇင်၊ မိုးမမစိုး၊ ဖြူဖြူဝင်း၊ အလယ်တန်း–လင်းမြင့်မိုရ်၊ မေဖူးကို၊ ဘွဲ့လျန်ကိန်း၊ မိုးမိုးသန်း၊ မေထက်လူ၊ နော်ထက်ထက်ဝေ၊ နွယ်နီဝင်း၊ ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊ သဇင်အောင်၊ ရှေ့တန်း–မြတ်နိုးခင်၊ စန်းသော်သော်၊ ဆွေမာအောင်၊ အေးမြတ်ခိုင်တို့ လိုက်ပါသွားသည်။ မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းသည်ယင်းပြိုင်ပွဲအတွက်ဇူလိုင်၁ရက်တွင်စတင်လေ့ကျင့်ခဲ့ပြီး လေးလနီးပါးအချိန်ယူပြင်ဆင်ခဲ့ပြီး စင်ကာပူလက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ ဗီယက်နမ် ယူ–၁၉ အသင်းနှင့် နှစ်ပွဲသာ ကစားခဲ့ရကာ ပြည်တွင်းအသင်းများနှင့်သာ ခြေစမ်းကစားခဲ့ရသည်။ မြန်မာ ယူ–၁၉ အမျိုးသမီးအသင်းသည် ပထမအဆင့်၊ ဒုတိယအဆင့်ခြေစစ်ပွဲများ အောင်မြင်ခဲ့ခြင်းဖြစ်ပြီး နည်းပြဒေါ်သက်သက်ဝင်းအနေဖြင့် ယင်းအသင်းကို အချိန်တိုအတွင်း တိုးတက်မှုရှိပြီး အာရှခြေစစ်ပွဲအောင်မြင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

**ရှိုင်းထက်ဇော်**

## သုံးလမြေပဲဖော်ချိန် မြေပဲအထွက်နှုန်းကောင်းကာ တောင်သူများအဆင်ပြေ



**ငါ့သရောက် အောက်တိုဘာ ၂၆**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် မြေပဲစိုက်တောင်သူများသုံးလမြေပဲဖော်ချိန်အထွက်နှုန်းကောင်းသောကြောင့် မြေပဲစိုက်တောင်သူများ မြေပဲရကြကာ သုံးလမြေပဲစိုက်တောင်သူများအဆင်ပြေနေကြကြောင်း ကုလားတဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်ထံမှ သိရသည်။

ငါ့သရောက်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ညောင်ဦးခရိုင်တွင်ပါဝင်ပြီး တစ်နှစ်ပတ်လုံး မိုးရေချိန် လက်မ ၂၀ အောက်တွင်သာ ရွာသွန်းသည့် မိုးနည်းရပ်ဝန်းဒေသဖြစ်ကာ မိုးရာသီတစ်ရာသီသာ နှမ်း၊ မြေပဲနှင့် ပဲစင်းငုံ၊ ပြောင်းတို့ကို အဓိကစိုက်ပျိုး လုပ်ကိုင်စားသောက်ရသည့်မြို့ဖြစ်သည်။ ယခုနှစ်တွင် မိုးဦး မိုးရွာသွန်းမှုမရှိခဲ့ခြင်းကြောင့် နှမ်းစိုက်တောင်သူများ နှမ်းမရကြဘဲ မိုးလယ်မိုးကျမှသာ သုံးလမြေပဲစတင်စိုက်ပျိုးခဲ့ကြောင်း၊ ဇူလိုင်လတွင်မှ သုံးလမြေပဲ (ပဲလေး)စိုက်ပျိုးခဲ့ရာ မိုးရွာသွန်းမှုကောင်းခြင်းကြောင့် သုံးလမြေပဲနုတ်သိမ်းချိန် တစ်ကေလျှင် ပျမ်းမျှ ၁၅ တင်းမှ တင်း ၂၀ ထိထွက်ရှိကြောင်း ကုလားတဲကျေးရွာအုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

ငါ့သရောက်မြို့နယ် မြေပဲစိုက်တောင်သူများသည် မြေပဲနုတ်သိမ်းချိန်တွင် မြေပဲခြွေလှေ့စက်များ အသုံးပြုမှုများလာကြောင်းနှင့် မြေပဲတစ်တင်းစက်ဖြင့်ခြွေလှေ့ခ ငွေကျပ် ၁၀၀၀ နှင့် လူတစ်ဦးမြေပဲ တစ်တင်းဆွတ်ခူးက ငွေကျပ် ၁၅၀၀ ပေးရကြောင်း ဆင်သားမွေးကျေးရွာ မြေပဲခြွေလှေ့စက်အငှားလိုက်သည့်ဦးဇော်လင်းဦးကပြောသည်။ ငါ့သရောက်တစ်နယ်လုံး သုံးလမြေပဲစိုက်တောင်သူများ မြေပဲအထွက်နှုန်းကောင်းခြင်းကြောင့် တောင်သူများမြေပဲအရများကြကြောင်း ဆင်သားမွေးကျေးရွာ မြေပဲစိုက်တောင်သူ ဦးစိုးဝင်းက ပြောကြားသည်။

**ကိုထိန် (ငါ့သရောက်)**

## ညောင်လေးပင်မြို့နယ် သောက်သုံးရေလိုအပ်သောကျေးရွာများ ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် အောက်တိုဘာ ၂၆**

ညောင်လေးပင်မြို့နယ်အတွင်း သောက်သုံးရေလိုအပ်သော ကျေးရွာများ၌ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ရာ အကြိုကွင်းဆင်းတိုင်းတာခြင်း၊ မြေနေရာရွေးချယ်ခြင်း လုပ်ငန်းများကို အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာတွင် အချင်းလေးလက်မရှိ စက်ရေတွင်း(တွင်း နက်)နှင့် စင်မြင့်ရေစင်၊ ရေစက်ရုံဆောက်လုပ်ရန်အတွက် မြေနေရာရွေးချယ်ခြင်း၊ ကျေးရွာကော်မတီဖွဲ့စည်းခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

## နှစ်ပေါင်း ၁၃၃ နှစ်သက်တမ်းရှိ ရှေးဟောင်းပန်းချီကား လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပြတိုက်တွင်ပြသရန် နှစ်ပေါင်း ၁၃၃ နှစ်သက်တမ်းရှိ ရှေးဟောင်းပန်းချီကားတစ်ချပ်ကို မဟာသဒ္ဓမ္မဇောတိကဓဇစည်သူ ဒေါက်တာခင်မောင်ညွှန့်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ထံ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ရုံးခန်း၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့်အကြို ဖွင့်လှစ်ပြသနိုင်ရန် ၁၉၂၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးနှင့် သက်ဆိုင်သည့် အမှတ်တရပစ္စည်းများကို ရန်ကုန်တက္ကသိုလ်တွင် လာရောက်လှူဒါန်း ပြသနိုင်ရန် ဖိတ်ခေါ်လျက်ရှိရာ နှစ် ပေါင်း ၁၃၃ နှစ်သက်တမ်းရှိ ကုန်းဘောင်ခေတ် နန်းတွင်းပန်းချီပညာရှင် ဆရာခြံု(သို့)ဆရာပုံရေးဆွဲခဲ့သော ရှေးဟောင်းပန်းချီကားတစ်ချပ်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**




**အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ်အမှတ် (၆) ရပ်ကွက်၊ အထက(၃) ကျောင်းခန်းမ၌ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့်အား မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့စဉ်။**

မီးမီးလှိုင်

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရှင်လန်း၏

MTG
The 8th Myanmar Int'l Textile & Garment Industry Exhibition
Concurrent with: MitaTex, TEXPRINT
Co-located: MYANMAR PLAS PRINT PACK, MYANMAR AGROTEK FOODTEK
www.chanchao.com.tw/MTG
1 - 4 November 2019
Yangon Convention Center, YCC
(Inya Lake Hotel Compound)
BOK Hooray Everlight Chemical Mimaki Northphenix TAJIMA FORBES MARSHALL
01-9010753 09-964703426 myokyiphyutun25@gmail.com Children under 16 are not admitted entry.

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံ (JICA) အဖွဲ့ လှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိသည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး (New Yangon Specialist Hospital) အတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်း (၆)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၉-၁၀-၂၀၁၉ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၉ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကွန်ဒို/တိုက်ခန်းများရောင်းမည် (နေရာကောင်း)

၁။ စမ်းချောင်း၊ မြင့်မိုရ်လမ်း၊ ပေ (၁၅x၅၅)၊ ပထမထပ်၊ ကျွန်းပါကေး၊ ကြွေပြား၊ ဘိုထိုင်၊ သံပန်းဆန်းရှိတ်၊ အိပ်ခန်း(၂)၊ လိုက်ကာ၊ ဂျတ်ဆင်ဘုတ် အလှ(ပြင်ပြီး) (၇၆၀) သိန်း။
၂။ စမ်းချောင်း၊ ဦးစံညွှန့်လမ်း၊ ပေ (၂၅x၅၀)၊ ပဉ္စမထပ်၊ ပါကေး၊ ကြွေပြား၊ ဘိုထိုင်၊ 1 MBR, 1BR,2A/C၊ ရေပူရေအေး၊ ဓာတ်လှေကားပါ (ကွန်ဒိုတိုက်ခန်း) (၁၃၇၀) သိန်း။ဆက်သွယ်ရန်ဖုန်း -၀၉-၅၁၈၅၃၅၀၊ ၀၉-၅၆၆၁၁၂၇

## သာလွန်ကျော်

အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

## ပျောက်ဆုံးကြောင်း

ကျွန်မအေးသန္တာ မှတ်ပုံတင်အမှတ် [၇/ပခန(နိုင်)၁၈၉၂၈၄]၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၉၅၂၆၅၅၆၃



## "Japan Sai" လုပ်ငန်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနှင့် မဟာမြိုင်လမ်းထောင့်၊ အမှတ်-၇၀၊ (၄လွှာ)တွင်တည်ရှိသော "JAPAN SAI CO.,LTD" ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် Logo ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Japan Sai

၄/၂၆၄၃၅/၂၀၁၉

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော "Japan Sai" လုပ်ငန်းတံဆိပ် Logo ဖြင့် ဂျပန်စာဂျပန်စကားပြောသင်တန်းကျောင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို "JAPAN SAI CO.,LTD" က ပြည်ထောင်စုသမ္မတနိုင်ငံတော်အတွင်း တစ်ဦးတည်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်ကိုတစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ အတုအပပြုလုပ်သုံးစွဲခြင်း မပြုပါရန်သတိပေးကြေညာအပ်ပါသည်။ အကယ်၍ အသုံးပြုသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ အရေးယူသွားမည့်အပြင် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုနှင့်တကွ လျော်ကြေးငွေများကိုပါ တောင်းခံရယူနိုင်ရန် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မျိုးဝင်း (LL.B.,LL.M)** — **ဒေါ်သီတာအောင် (LL.B.,D.B.A.,D.B.L.,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၇၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၅)**
**အမှတ်(၉/၁၁)၊ အခန်း(၃၀၆)၊ ၄လွှာ၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၇၇၈၉၅**

**တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏**




## ဖျံ့-၅-ကောင်

အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဓက(ဗာနယ်ဝင်း) ၂၁၄/၀၆၁၈
GENEVA GOLD STAR FOR QUALITY

**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
**ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)**
**Ph.D (Alternative Medicines)**
LONDON QUALITY CROWN QC 100
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594

## မိဘအမည်မှန်

နောင်ချိုမြို့၊ အထက၊ နဝမတန်းမှ မောင်နေလင်းထွန်း၏ မိဘအမည်မှန်မှာ ဦးမော်နို့ချ်[၁၃/နခတ(နိုင်)၀၀၇၆၇၀]နှင့် ဒေါ်ညိုစန်း [၅/စကန(နိုင်)၂၉၀၉၃၆] ဖြစ်ပါကြောင်း။
**ဦးမော်နို့ချ်-ဒေါ်ညိုစန်း**

## အမြန်အလိုရှိသည်။

ယာဉ်မောင်း
Ph:09 259295339,
09 963338400

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေသကြံနီ[၁/ဗမန(နိုင်)၀၉၂၃၈၀၁]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၃၇၄၆၀၅

## အမည်မှန်

ဆော့လော်မြို့၊ မြို့မကျေးရွာ အုပ်စုနေ မလကျော်လွမ်းနော[၁/ဆလန(နိုင်)၀၀၂၉၁၂]၏ အမည်မှန်မှာ မလကျော်လွမ်းနော ဖြစ်ပါသည်။

## ပြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်း-၂၀)
...မြို့နယ် တရားရုံး
၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

ဒေါ်လှိုင်(ခ)ဒေါ်မြမြလှိုင် (တရားလို) နှင့် ဦးအောင်ကြည် (တရားပြိုင်)

[illegible]

(တံဆိပ်)
...မြို့နယ်တရားသူကြီး(၂)
...မြို့နယ်တရားရုံး

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နေဝင်ဆည်းဆာကြည့်ရှုသူ ပိုမိုများပြားလာ

**ညောင်ဦး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ နေဝင်ဆည်းဆာကြည့် တောင်ကုန်းတုများတွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘုရားပုထိုး၊ သာသနိကအဆောက်အအုံများ နောက်ခံနှင့် ပုဂံနေဝင်ဆည်းဆာကြည့်ရှုသူ ပြည်ပခရီးသွားများသာမက ပြည်တွင်းဘုရားဖူးခရီးသွားများပါ စိတ်ဝင်စားမှုမြင့်တက်လာကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ပုဂံနေဝင်ဆည်းဆာကြည့် တောင်ကုန်းတုကုန်းမြေလေးခု ပြုလုပ်ထားရာ စူဠာမဏိဘုရားအနီးရှိ တောင်ကုန်းတုနှင့် ညောင်လက်ဖက်တောင်ကုန်းတုများပေါ်တွင် ညနေတိုင်း ပုဂံနေဝင်ဆည်းဆာကြည့်ရှုကြသူ များပြားပြီး အနောက်ဖွားစောကျေးရွာတောင်ကုန်းနှင့် မင်းနန်သူတောင်ကုန်းတုများတွင် ပုဂံနေဝင်ချိန်ကြည့်ရှုသူနည်းပါးကြောင်း ပုဂံဒေသခံ ဦးနေဝင်းမောင်က ပြောပြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**



ကြေးမုံ ယနေ့ ဖတ်စရာ

လူထုအတွင်း ညီမျှခြင်း ထင်လင်းရှိစေရာ
စာမျက်နှာ » ၁၁

သမ္မတရှီကျင့်ဖျင်၏ ဂျပန်ခရီးစဉ်မှာ သမိုင်းမှတ်တိုင်ဖြစ်လာမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ပြောကြား
စာမျက်နှာ » ၁၂

ဂရိနိုင်ငံမှ အိုလံပစ်မီးရှူးတိုင်အား ဂျပန်အားကစားသမားများ သွားရောက်သယ်ဆောင်မည်
စာမျက်နှာ » ၁၃

## အာရှယူ-၁၉ ခြေစစ်ပွဲအကြို မြန်မာနှင့် လာအို သုဝဏ္ဏကွင်း၌ ခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၂၀ အာရှယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းနှင့် လာအိုယူ-၁၉ အသင်းတို့ အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်**

မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်ဆန်းပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ပြင်ဆင်ခဲ့သည့် အသင်းဖြစ်ပြီး အာရှယူ-၁၉ ခြေစစ်ပွဲအတွက် စက်တင်ဘာ ၁၂ ရက်တွင် ပြန်လည်လေ့ကျင့်ပြင်ဆင်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသည့် တရုတ်(တိုင်ပေ) ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့သည်။ ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများသာ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲစတင်ခါနီး တစ်ပတ်ကျော်အလိုမှ ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ခြေစမ်းပွဲကစားခြင်းဖြစ်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍**

## မြန်မာယူ-၂၂ အသင်းနှင့် နီပေါယူ-၂၂ အသင်း ခြေစမ်းပွဲတွင် သရေကျ

**ရန်ကုန် အောက်တိုဘာ ၂၆**

ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအကြိုလေ့ကျင့်နေသည့် မြန်မာယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၅ ရက် မြန်မာစံတော်ချိန် ညပိုင်းက နီပေါယူ-၂၂ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-နှစ်ဂိုးဖြင့် သရေကျခဲ့သည်။

**ခက်ခက်ခဲခဲ ကစားခဲ့ရ**

ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ငါးပွဲမြောက်ခြေစမ်းပွဲအဖြစ် နီပေါအသင်းနှင့် ခြေစမ်းကစားခဲ့သည့် မြန်မာယူ-၂၂ အသင်းသည် သရေရလဒ်သာ ရယူနိုင်ခဲ့သည်။ ယခုနှစ် နှစ်လယ်ပိုင်းတွင် နှစ်ပွဲ၊ စက်တင်ဘာလတွင် နှစ်ပွဲ ကစားထားသည့် မြန်မာယူ-၂၂ အသင်းသည် တစ်လကျော်ကြာမှ ခြေစမ်းပွဲကစားသောကြောင့် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ပွဲအစနှစ်မိနစ်မှာပင် နီပေါအသင်း ဂိုးစရခဲ့ပြီး အာနန်တန်က **စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❂**



မြန်မာအသင်းနှင့် နီပေါအသင်း ခြေစမ်းကစားနေစဉ်။



ဝတ္ထုတို

## ■ စေပိုင်ထွဋ်



(၁)

စက်ရုံဝန်ထမ်း အေးမြတို့အဖို့ နေ့လယ်ခင်း ထမင်းစားနားချိန်သည် ပျော်ရွှင်စရာ။ လူစုံတက်စုံနှင့် စကားများစွာ ပြောခွင့်ရသည်။ ပင်ပန်းသောအလုပ်ကို ခဏမေ့ထားနိုင်သည်။ ဘဝတူချင်း စည်းစည်းလုံးလုံးဖြင့် ရှိခွင့်ရသော အချိန်သည် ထမင်းစားချိန်ဆိုလည်း မမှား။ ဌာနမတူသော ဝန်ထမ်းများအားလုံးစက်ရုံ၌ ထမင်းစားချိန်တော့ တူညီကြသည်။

ထို့ကြောင့် သည်နေ့ထမင်းစားရင်း အေးမြတို့ မိန်းကလေးအဖွဲ့ ထုံးစံအတိုင်း စကားလက်ဆုံကျကြသည်။ ယောကျ်ားလေးချင်း စုမိလျှင် မိန်းကလေးအကြောင်းဆိုသကဲ့သို့ မိန်းကလေးချင်းစုမိသည့်အခါ မည်သည့်အကြောင်းအရာဟု ပြောစရာမလိုပေ။ ပြောရင်းပြောရင်းဖြင့် ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးများ ဘယ်အတွက်ကြောင့် သဘောကျကြောင်း ပြောစရာ ရောက်သွား၏။

သို့နှင့် အေးမြက ဦးဆောင်ပြောသည်။

“နင်တို့တော့ မသိဘူး၊ ငါကတော့ကောင်လေး ချောချောလေးဆို သဘောကျတယ်”

သူ့စကားကို တချို့ကလည်း ထောက်ခံသည်။ တချို့ကလည်း ထိုသို့မဟုတ်။ သူတို့ထဲက စာအဖတ်များ၍ မျက်မှန်တပ်ထားရသူ စုလှိုင်လည်း ဝင်ပြော၏။

“ငါကတော့ အပေါ်ယံမြင်ရတဲ့ ကောင်လေးချောချောဆိုတာထက် သူ့အတွင်းစိတ်ကိုပဲ စိတ်ဝင်စားတယ်၊ အဲဒီအတွက်တော့ အချိန်ခဏလေးနဲ့ ဆုံးဖြတ်လို့မရဘူး၊ အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ပြီးမှ သဘောကျခြင်း၊ မကျခြင်းဆိုတာ ဖြစ်လာတာ”

“အဲဒီလိုဆိုရင်တော့ နင် အပျိုကြီးဖြစ်မှာပဲ၊ ငါက မြန်မြန် ဆုံးဖြတ်လို့ရတယ်၊ နင်ကတော့ အကြာကြီးစောင့်နေရမှာမို့ တော်တန်ရုံ သဘောကျဖို့မလွယ်လောက်ဘူး”

အေးမြက သူ့အယူအဆကို ဆန့်ကျင်နေသည်မို့ သာသာနှင့်နာနာနက်ပေးလိုက်၏။ စုလှိုင်ကလည်း ခေသူမဟုတ်။ အပြုံးလေးဖြင့် အေးမြမခံချင်အောင် ခံပက်သွား၏။

“အပျိုကြီးဖြစ်တာ အကြောင်းမဟုတ်ဘူး၊ ခဏတာ အလှကြောင့် တစ်သက်တာ လင်ဆိုး မယားတဖားဖား မဖြစ်ဖို့ပဲလိုတာ”

အားလုံးက စုလှိုင်အပြောကို ခေါင်းတညိတ်ညိတ်နှင့် လက်ခံကြသည်မို့ အေးမြ မည်သို့မျှမတတ်နိုင်ချေ။ စကားအားဖြင့်ရှုံးရသည်ကို အေးမြစိတ်ထဲက မကျေနပ်သမျှ မျက်နှာမှာပေါ်နေ၏။ ထိုစိတ်ကြောင့် အလုပ်လည်း ဖြောင့်ဖြောင့်မလုပ်နိုင်။ အလွဲလွဲအချော်ချော်မို့ ထိုနေ့က အုပ်စုခေါင်းဆောင် ဆူတာလည်း ခံလိုက်ရ၏။ ဖြစ်ခါစသွေးပူနေချိန်၌သာ စုလှိုင်ကို ဒေါသဖြစ်မိလိုက်၏။ သို့သော် ဘဝတူအလုပ်သမားအချင်းချင်း တစ်ရက်၊ နှစ်ရက်ကြာသည်နှင့် ထိုကိစ္စကို အေးမြသတိမရတော့ပါ။

(၂)

နေ့တစ်နေ့၏ စီးဆင်းမှုအလှကို အရသာခံကြည့်ဖို့ အေးမြတို့အဖို့ အချိန်ရှားပါးလွန်း၏။ အထည်ချုပ်သမားအတွက် သူ၏ဂျူတီချိန်သည် မနက်ခင်းစောစောဖြစ်ပြီး ညဆိုလျှင်လည်း မိုးကြီးချုပ်မှပြန်ရ၏။ သည်ကြားထဲ ညနက်ပြီဆိုလျှင်က အချိန်ပိုဟုသာ မှတ်ပါလေ။ ငွေ၏ထိန်းချုပ်မှုအောက် လူ၏ရွေ့လျားမှုသည် စက်ရုံဆန်ဆန်လည်ပတ်နေကြ၏။

သူမသာ၊ ကိုယ်မသာ အခြေခံလူတန်းစား ရပ်ကွက်ထဲမှာ အေးမြတို့မိသားစုနေ၏။ အခြေခံပညာအလယ်တန်းသာ အောင်မြင်ထားသူအဖို့ ရွေးချယ်စရာအလုပ်က များများစားစား မရှိ။ ဤနေရာမှာ အများဆုံးလုပ်ကြသည့် စက်ရုံဝန်ထမ်းအဖြစ်ကိုသာ အေးမြမဖြစ်မနေ ကျရောက်ခဲ့သည်သာ။ ထိုထဲကမှ မိခင်ကျေးဇူးဖြင့် စက်ချုပ်အတတ်လေးက အားကိုးရာဖြစ်ကာ အထည်ချုပ်စက်ရုံထဲသို့ ရောက်ရှိလာရ၏။

အသက်ကြီးသော အမေနှင့် မောင်လေးအတွက် အေးမြရိုးရိုးသားသား ရှာဖွေသည်။ အဖေရှိစဉ်ကတည်းက အိမ်ပိုင်လေးနှင့်မို့ တော်သေးသည်ပြောရမည်။ အများစုလို အိမ်ငှားနှင့်သာဆိုလျှင်ဖြင့် အေးမြအတွက် မခံသာချေ။ ယခုတော့ သူ့ဝင်ငွေနှင့်သူ အရာအားလုံးကို ချင့်ချိန်နေရ၏။ အလှအပ မမက်အား။ အမေ့ဆေးဖိုး၊ မောင်လေးကျောင်းစရိတ်ပြီးမှ သူ့အဖို့ကို စဉ်းစားနိုင်သည်။ ထိုထဲကမှ သူတတ်နိုင်သလောက်စု၏။ ဘဝမှာတစ်ခါတစ်ခါ အရေးပေါ်ဆိုသည်က ပေါ်တတ်သည်မလား။ ထိုအချိန် အေးမြ မည်သူ့ဆီကမှ အကူအညီမတောင်းလိုချေ။

မျက်နှာအောက်ချ၍ အကူအညီတောင်းဖူးသည့် အခြေအနေကို အေးမြကောင်းကောင်းကြီး ကျော်ဖြတ်ဖူးခဲ့သည်မလား။ ရင်ထဲမှာ မြို့ချဖူးသည့် ဒဏ်ရာတွေက အပြည့်။ သူ့အဖေမကျန်းမာစဉ်က သူ့အမေတစ်ပါးသူကို အကူအညီတောင်းသမျှ အေးမြအဖော်လိုက်ခဲ့ရသည်။ ထိုစဉ်က မျက်နှာပူရသောအရှိန်၊ ခံပြင်းစရာကောင်းသော စကားများနှင့် အငြင်းခံရသောအခြေအနေကို သူ့ဆီ၌ ထပ်မံ မကြုံလိုတော့ပေ။

ထို့ကြောင့် အေးမြ ငွေကို တန်ဖိုးထား၏။ သူ့နေရာနှင့်သူ သုံး၏။ ဖြုန်း၏ဟူသော အခြေအနေမျိုးမရောက်အောင် ဆင်ခြင်၏။ သည်ထဲကမှ နည်းနည်းပဲဖြစ်ဖြစ်ရအောင် စုသေးသည်။

အေးမြအတွက် တစ်နေ့တာ ဖြတ်သန်းရသော အချိန်ဇယားသည် အလုပ်နှင့်လက်ပြတ်သည်ဟူ၍မရှိ။ စက်ရုံပြီးလျှင် အိမ်အတွက် သူလှုပ်ရှားရသေးသည်။ သူများတွေလို မနားနိုင်။ အမေအတွက် လိုအပ်သည်များကို ပြင်ဆင်ပေးခြင်း၊ မောင်လေး၏ ပညာရေးကို မလစ်ဟင်းအောင် ဂရုစိုက်ခြင်းကလည်းအပြည့်။ ပိတ်ရက်များဆိုလျှင်ဖြင့် မိသားစုအတွက် ပိုအချိန်ပေးဖြစ်သည်။ သူ့မှာ သူငယ်ချင်းများဖြင့် ဟိုဟိုသည်သည်လည်း မသွားနိုင်ပေ။

(၃)

ယနေ့ လခထုတ်ရက်ဖြစ်သောကြောင့် မနက်ကတည်းက အေးမြတက်ကြွနေ၏။ ထိုသို့ဖြစ်ခြင်းသည် အေးမြမှမဟုတ် လခစားဝန်ထမ်းတိုင်း မျှော်လင့်စောင့်စားနေသည့် အချိန်မဟုတ်လား။

ညပိုင်း လခထုတ်ပြီးနောက် အေးမြ စက်ရုံကြိုပို့ကားဖြင့် မလိုက်ဖြစ်တော့ချေ။ အမေ့အတွက် လစဉ်ဆေးဝါး၊ မောင်လေးအတွက် မုန့်များကို လမ်းမှာဆင်းဝယ်ရဦးမည်။ ကြိုပို့ကားမှာမူ အများနှင့်သွားရသော ကားဖြစ်၍ သူဆင်းချင်တိုင်း ဆင်း၍အဆင်မပြေ။ ထို့ကြောင့် လိုင်းကားပဲစီးမည်ဟု ဆုံးဖြတ်လိုက်သည်။

မနက်တုန်းက အမေ့ကို လခထုတ်ရက်မို့ “ဘာမှာဦးမလဲ” သူမေးခဲ့သေးသည်။ အမေက ထုံးစံအတိုင်း မည်သို့မျှမမှာ။ “အမေ့အတွက် ဘာမှမလိုပါဘူး” ဆိုသည်ချည်း။ မည်သို့ပင်ဆိုစေ အမေ့အတွက် စွပ်ပြုတ်လေး အားရှိအောင် ဝင်ဝယ်ဦးမည်ဟု တွေးထားလိုက်မိသည်။

သို့နှင့် အေးမြသွားရန် လမ်းကြောင်းနှင့်ဆုံသည့် ဘတ်စ်ကားပေါ် တက်လိုက်၏။ ဘတ်စ်ကားကလည်း ရုံးဆင်းချိန်နှင့်တိုက်နေ၍ အပြည့်အကျပ်။ သူ့မှာ နေရာမရ၊ မတ်တတ်ရပ်၍သာ လိုက်ခဲ့ရသည်။

ခြေနှစ်ချောင်းချစာ နေရာလေးထဲ အေးမြကိုယ်က ဟိုယိုင်ယိုင်၊ သည်ယိုင်ယိုင်။ သူ့မှာ လက်တစ်ဖက်က ဆွဲခြင်းကြောင့် ထိန်းရပိုခက်နေ၏။ ထိုအချိန် သူ့ရှေ့ထိုင်ခုံမှာ ထိုင်နေသည့် ကောင်လေးက အေးမြအခက်အခဲကို ရိပ်မိပုံဖြင့် ကူညီ၏။

“မမ ကျွန်တော့်ကို ဆွဲခြင်းပေးထားလေ”

“ကျေးဇူးနော်”

အေးမြ လွယ်လွယ်ပဲ ထိုကောင်လေးကို ပေးလိုက်၏။ တခြားသူဆို “ရပါတယ်”ဟု ပြော၍ ငြင်းလိမ့်မည်။ ထိုကောင်လေးကိုတော့ အေးမြ မြင်မြင်ချင်း သဘောကျ၏။ သူ့ပုံစံက ချောချောမောမော သားသားနားနား။ အင်္ကျီဖြူလက်ရှည်လေးနှင့် ယောပုဆိုးလေးနှင့် လိုက်ဖက်စွာဝတ်ဆင်ထား၏။ ကြည့်ရတာ ရုံးဝန်ထမ်းဖြစ်မည့်ပုံ။ ထို့ကြောင့် ဆွဲခြင်းထဲမှာရှိသည့် ပိုက်ဆံအိတ်နှင့် ဖုန်းကိုပင် သူမထုတ်ဖြစ်။ ချက်ချင်းထုတ်လိုက်လျှင် သူ့ကိုမယုံကြည်သလိုဖြစ်သွားမှာစိုးသည်။

(၄)

ကောင်လေးကို သူကြည့်နေသလို ကောင်လေးကလည်း သူ့ပဲကြည့်နေ၏။ တစ်ချက်တစ်ချက်ပြုံးပြသေးသည်ဟု ထင်ရသည်။ သူလည်းပြုံးတုံ့တုံ့လေး ပြန်လုပ်လိုက်သည်။ ထူထပ်သော လူအုပ်ကြီး၏ အတိုးအကြိတ်ဒဏ်ကို ကောင်လေး၏ အပြုံးကြောင့် အေးမြမမှုသလို ရင်ဆိုင်နိုင်၏။ လူအုပ်ကြီး၏ ချွေးနံ့ထူထူကြား တစ်ချက်တစ်ချက်ရလာသော ကောင်လေးဆီမှ ရေမွှေးနံ့လေးက သူ့အတွက် အောက်ဆီဂျင်နှယ်။

သည်အခါ ကားစီးရတာ အပျော်ဆုံးဟု အေးမြထင်မိ၏။ အေးမြစိတ်ကူးယဉ်ကမ္ဘာလေးထဲ သူနှင့်ချစ်သူဖြစ်ချစ်စိတ်က တဖွားဖွား။ တစ်ခါမှမသိဖူးတဲ့ လူစိမ်းတစ်ယောက်နှင့် စိတ်ကူးယဉ်မိသည့်အတွက် အေးမြမရှက်။ သူကြိုက်သောပုံစံမျိုးနှင့် ကောင်လေးကို ဘတ်စ်ကားပေါ်တွင် ကြုံခဲ့ရသည့်အကြောင်း မနက်ဖြန်ကျရင် သူငယ်ချင်းတွေကို ကြွားရဦးမည်ဟု တွေးထားလိုက်သည်။

ထိုစဉ် ကောင်လေးက သူဆင်းတော့မည့်အကြောင်း ပြောရင်း အေးမြကို သူ့ခုံမှာ ထိုင်ရန် ထပေး၏။ အေးမြကလည်း “ကျေးဇူးနော်”လို့ပြောရင်း နှုတ်ဆက်လိုက်၏။ ကောင်လေးကလည်း သူ့ကိုကြည့်ရင်း ကားပေါ်မှ မဆင်းချင်ဆင်းချင် ဆင်းသွား၏။ ကောင်လေးဆင်းသွားသည်ကိုကြည့်ရင်း အေးမြရင်ထဲမှာဟာတာတာ။ မည်ကဲ့သို့ ဖြစ်ကျန်ခဲ့မှန်းမသိ။

အေးမြလည်း နာရီဝက်နီးပါးလောက်စီးရင်း မှတ်တိုင်ရောက်လာပြီမို့ ဆင်းရန်ပြင်သည်။ ကောင်လေးရင်ခွင်ပိုက် ထိတွေ့ခဲ့သော ဆွဲခြင်းလေးကိုကိုင်ရင်း အနားမှာရှိသလို စိတ်ကူးယဉ်နေတုန်း။

လမ်းထိပ်က ဆေးဆိုင်ကိုမြင်မှ အမေ့အတွက် ဆေးဝယ်ရန်ရှိသည်ကို သတိရမိလို့ တော်သေးသည်။ စိတ်နှင့်လူမကပ်သမျှ ကိုယ့်ဘာသာကိုယ်ရှက်နေမိ၏။

ဆေးဝယ်ရန် ပိုက်ဆံအိတ်ကို ကိုင်ကြည့်မှ အေးမြ ခေါင်းကြီးသွား၏။ ပိုက်ဆံအိတ်က သယ်လာတုန်းကနှင့်မတူ ပေါ့နေသလိုပင်။ အေးမြ မြန်မြန်ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်၏။ သူဘယ်လိုပင်ကြည့်ကြည့် အထဲ၌ ပိုက်ဆံအရိပ်အယောင်ကိုပင် မမြင်ရ။ အိတ်ထဲလက်ထိုးထည့်သော်လည်း စမ်းမိသည်က လေဟာနယ်။ အခွဲခံထားရသော အိတ်ကဟောင်းလောင်းကြီးဖြစ်ကာ ခြင်းထဲထည့်ထားသည့်ဖုန်းလည်း ပျောက်ချင်းမလှ ပျောက်သွား၏။

လမ်းတစ်လျှောက် သယ်ဆောင်လာသော အေးမြရင်ခုန်သံတွေ ပျက်သွားရသည်။ စိတ်ကူးယဉ်မှုတွေလည်း မရှိနိုင်တော့။ စဉ်းစားမိသမျှ ပေါ်လာသည်က ရီဝေဝေ အကြည့်တစ်စုံ။ သူ့စိတ်ထဲ ရုပ်ကလေးသနားကမားနှင့် သည်လိုလုပ်လိမ့်မည်ဟု မထင်မိခဲ့။ သူအေးမြကို ကြည့်နေသည်ကလည်း အခြေအနေစောင့်ကြည့်နေခြင်းဖြစ်မည်။ အေးမြမှာတော့ သူ့ကိုကြည့်ရင်း စိတ်ကူးယဉ်ကမ္ဘာထဲ ပျော်နေမိသေး။ တိုက်တိုက်ဆိုင်ဆိုင် ယခင်ငြင်းခုံခဲ့ဖူးသော စုလှိုင်စကားကို ပြန်ကြားယောင်လာ၏။ မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားသည် အပေါ်ယံထက် အတွင်းစိတ်အရေးကြီးကြောင်း သူလက်ခံလာရပေသည်။ ထိုယောကျ်ား၏ ချောမောမှုကြားရင်ခုန်မိသည်ကိုပင် မုန်းမိ၏။

ပါသွားသည့် လစာငွေများနှင့် ဖုန်းအတွက် အေးမြ အလွန်နှမြောမိ၏။ အိမ်နားရောက်လာ၍ အမေ့အတွက်၊ မောင်လေးအတွက် ပြန်မြင်ယောင်လာသောအခါ သူ့မှာ သက်ပြင်းတွေအခါခါချမိ၏။ သူအိမ်ပေါ်တက်စဉ် အမေ့ဆီမှ ဘုရားစာရွတ်သံကြားရ၏။ ထိုဘုရားတရားသံကလည်း လတ်တလော သူ့ရင်အပူကို မအေးချမ်းနိုင်။

လာမည့် တစ်လတာစရိတ်အတွက် မည်သို့ရှင်းရမည် မသိသေး။ ခေါင်းတွေပူ၊ ရင်တွေပူသမျှ ချွေးများကလည်း မတိတ်။ အခန်းတံခါးကို ကျောမှီရင်း ငိုင်နေမိ၏။ နောက်ဆုံး ကြံရာမရ၍ ဗီရိုပေါ်တွင် တင်ထားသော တစ်ခုသော အားကိုးရာကို စွဲကိုင်လိုက်ရတော့သည်။

ပြည့်လုပြည့်ခင်ဖြစ်နေသော စုဘူးနီနီလေးက သူ့ကို ငိုပြနေသလိုပင်။ မစားရက်၊ မသောက်ရက် ချွေးနဲ့စာကို ဖွဲ့စုဆောင်းထားသဖြင့် နှမြောစိတ်က တစ်ကိုယ်လုံးကိုတုန်ခါစေ၏။ မည်သို့ပင်ဆိုစေ သူငြင်းဆန် တွန်းလှန်နိုင်စွမ်းမရှိ။ ခပ်ထက်ထက်ဓားကို ဆွဲယူရင်း မျက်စိစုံမှိတ်ခွဲချလိုက်ရသည်။ လက်ထဲရှိ ကော်စုဘူးလေးက ကွဲမကွဲတော့ မသိ။ ရုတ်တရက် သူ့ရင်နှစ်ခြမ်းကွဲသံကိုဖြင့် ပြတ်ပြတ်သားသား ကြားလိုက်ရတော့သတည်း။ ။

---


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကုသိုလ်များလှ ကထိန်လ

ကထိန်ခင်းတဲ့ လရာသီ
မိုးလေကင်းလွတ်ပြီ။
နက္ခတ်စုံညီ ကြည်လင်လှ
ကောင်းကင်အာကာသ။
တစ်နှစ်တွင်မှ တစ်ကြိမ်သာ
ကထိန်ခင်းရတာ။
တစ်ကျောင်းမှာကွယ် တစ်ကြိမ်ပဲ
ကျင်းပကထိန်ပွဲ။
သာလွန်ထူးကဲ ကထိန်လျာ
သက်နှီးမွန်မြတ်စွာ။
ရတနာ စိန် ဂေဟာ သိမ်
သက်နှီးမှာ ကထိန်။
ဂုဏ်သိန်ကြီးလှ ထူးမြတ်စွ
လေ့လာမှတ်သားရ။
ကထိန်ခင်းကြ ခြိမ့်သဲလှ
မြို့တိုင်းရွာတိုင်းပ။
ကုသိုလ်များလှ ကထိန်လ
သာခုခေါ်ဆိုကြ။ ။

မောင်မင်းမင်း(တပ်ကုန်း)

## မြန်မာ့အရုပ်များ

ဘုရားပွဲတော် သွားစို့နော်
တို့များရွှင်ပျော်ပျော်
အရုပ်စုံနော် ပွဲဈေးတန်း
ငေးကြည့် အမြင်ဆန်း။
ရွှင်ရွှင်လန်းလန်းကနေပြန်
မင်းသမီးရုပ်ဟန်
သူ့ဘေးမှာရံ ဝိုင်းလုံးလုံး
ပစ်တိုင်းထောင်လေးပြုံး။
ဝဝလုံးလုံး ချစ်စရာ
ဖိုးဝရုပ်လေးပါ
တောင်ဝှေ့ထမ်းကာ ယိမ်းနွဲ့က
ဇော်ဂျီအရုပ်လှ။
နွားရုပ်လေးက ချိုထောင်ကာ
နှစ်သက်ချစ်စရာ
ချိုးရုပ်သံသာ တကူကူး
ဇီးကွက်လာဘ်ရွှင်မြူး။
ပျော်ရွှင်ကြည်နူး နှစ်သက်ပေ
အိုးပုတ်ချိုးရုပ်တွေ
ဝယ်ယူကာလေ ဆော့ကစား
မြန်မာ့ အရုပ်များ။

ဖြူဖြူစုလွင်(ပညာရေး)

ဆောင်းပါး

# အိပ်မက်ပန်းပု ထုဆစ်ရာဝယ်

■ ဂုံပဝါ(မြန်အောင်)

ကျွန်မ ဒီဆောင်းပါးလေးရေးဖို့ စိတ်ကူးရမိတာကတော့ ဆရာအောင်သင်း၏ စကားလေးတစ်ခွန်းကြောင့်ပါပဲ။ “ကျုပ်က ဆောင်းပါးရေးနေတာ မဟုတ်ဘူး။ တိုင်းပြည်နဲ့ လူမျိုးကို အသည်းလှိုက်အူလှိုက် ချစ်မြတ်နိုးသူတစ်ယောက် အနေနဲ့ အစီရင်ခံစာရေးနေတာ” တဲ့။ ဆရာ့ဆောင်းပါး တော်တော်များများမှာ သူကျူရှင်ဆရာဘဝက အတွေ့အကြုံတွေနဲ့ရင်းပြီး စာဖတ်သူကို အစီရင်ခံတဲ့သဘော၊ အသိပေးထားတာ တွေ့ရပါတယ်။ အညာဒေသမှာ ကျင်လည်ဖူးတဲ့ သူတစ်ယောက်ဟာ ဆရာမ ခင်ခင်ထူးရဲ့ ဝတ္ထုတွေကို ထဲထဲဝင်ဝင် ခံစားနိုင်သလိုပဲ၊ ဆရာဝန်တစ်ယောက်ဟာလည်း ဆရာလက်ာရည်ကျော်ရဲ့ “ကြိုးကြာတောင်ပံခတ်သံ” ကို ထင်ထင်ရှားရှား ကြားနိုင်မယ်လို့ ထင်ပါတယ်။ အလားတူပါပဲ။ ကျွန်မလည်း ဆရာလောကထဲမှာ ခြေချမိသူမို့ ဆရာအောင်သင်းရဲ့ ခံစားချက်တွေကို အပြည့်အဝ နားလည်မိပါတယ်။ ကျွန်မလည်း ဆရာအောင်သင်း ပြောသလို ပြည်ချစ်စိတ်ကို အရင်းတည်ပြီး အစီရင်ခံစာ တစ်စောင်လောက် ရေးပါရစေလားရှင်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်ကနေစပြီး ကေဂျီတန်း ပညာရေးစနစ်သစ်နဲ့ ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှာ အလယ်တန်းဆင့် ပညာရေးစနစ်သစ်ကို ပြောင်းလဲဖော်ဆောင်လျက် ရှိပါတယ်။ စနစ်သစ်ကို ခြုံငုံသုံးသပ်ကြည့်ရမယ်ဆိုရင် ကလေးတွေကို အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေဖို့၊ တီထွင်ဖန်တီးမှု အားကောင်းလာစေဖို့နဲ့ ကျူရှင်တွေ ပယောဂက ကင်းဝေးပြီး စိတ်ဖိစီးမှုတွေ လျော့ကျလာစေဖို့ရည်ရွယ်တာ တွေ့ရပါတယ်။ အင်မတန်ကောင်းတဲ့ စီမံကိန်းတစ်ခုပါပဲ။ ဒါပေမယ့် စာဖတ်သူတို့ရဲ့ အိမ်ရှေ့လမ်းမပေါ်ကို တစ်ချက်လောက် ဝေ့ကြည့်လိုက်ပါ။ ကျောပိုးအိတ်တွေကိုယ်စီနဲ့ ကျူရှင်အမီ ပြေးလွှားနေရတဲ့ ကေဂျီတန်းကလေးငယ်တွေကို တွေ့ကြရမှာပါ။ ဒီလိုဆိုတော့ စာဖတ်သူတို့ရော၊ ကျွန်မရော မေးစရာ မေးခွန်းလေးတွေ ပေါ်ပေါက်လို့လာပြန်ပါပြီ။ ပညာရေးစနစ်သစ် အောင်မြင်နိုင်ဖို့ရာ သေချာပေါ့မလား။ အစိုးရက “ပြောင်းလဲချိန်တန်ပြီ”လို့ ဆိုင်းပုဒ်တပ်နေပေမယ့် စနစ်ဟောင်းကို ရင်မှာပိုက်၊ သံမှိုရိုက်နေကြတာ ဘယ်သူတွေလဲ။ မိဘတွေလား။ သို့မဟုတ် ဆရာတွေလား။

မဟတ္တမဂန္ဒီရဲ့ စကားတစ်ခွန်းကို သတိရမိပါတယ်။ “ကမ္ဘာကြီးကို ပြောင်းလဲချင်ရင် သင့်ကိုယ်သင် အရင်စပြီး ပြောင်းလဲပါ”တဲ့။ အမှန်ပါပဲ။ ကျွန်မတို့လူမျိုးတွေဟာ ပြောင်းလဲခြင်းရဲ့ အသီးအပွင့်တွေကိုတော့ မြိန်ရေ ရှက်ရေ သုံးဆောင်လိုကြတယ်။ မိမိကိုယ်တိုင် ပြောင်းလဲရမှာကိုတော့ “ဘူး” တစ်လုံးဆောင်နေကြသူတွေ ခပ်များများ ရယ်ပါ။

မိဘတွေရဲ့ သားသမီးအပေါ်ထားရှိတဲ့ ရွက်ပုန်းသီး အတ္တစိတ်တွေဟာ ပညာရေးစနစ်သစ်ကို ပုန်ကန်မှု စတင်လာပါပြီ။ “ကျူရှင်ပို့ရေး တို့အရေး” ဆိုတဲ့အစွဲကို ဖျောက်ဖို့ ဘယ်ဆရာတော်ဘုရားကမှ တရားမချနိုင်သေးပါဘူး။ ဆရာတွေဘက်ကလည်း တစ်ဝမ်းတစ်ခါးလောက်ငဖို့ အရေးမို့ ကျူရှင်မပေးလို့က မဖြစ်ပြန်။ ဒီတော့ မိဘနဲ့ ဆရာတို့ လက်ဝါးချင်းရိုက်ပြီး စနစ်သစ်ကို ကျူရှင်နွံထဲ ဆွဲလို့ နှစ်ကြပြန်ပါပြီ။

“ညီမရေ ကျူရှင်မထားလို့မရဘူး။ ကျူရှင်မထားဘဲ နေကြည့်တာ ကျောင်းရောက်တော့ ကလေးက အနှိမ်ခံနေရရော” ကျောင်းသားမိဘ တစ်ယောက်ရဲ့ရင်ဖွင့်သံလေးပါ။ ကဲ ဒီတစ်ချက်ကတော့ ဆရာတွေနဲ့ ဆိုင်သွားပါပြီ။ စာဖတ်သူတို့ရဲ့ ကျောင်းသားဘဝတစ်လျှောက်မှာရော ဘယ်လိုဆရာမျိုးတွေနဲ့ ကြုံခဲ့ဖူးပါပြီလဲ။ စာသင်ခန်းတစ်ခန်းမှာရှိတဲ့ ကလေးတွေရဲ့ သုံးပုံနှစ်ပုံလောက်ဟာ သာမန်မိသားစုတွေကနေ ပညာလိုချင်လို့ ရောက်ရှိလာကြတာပါ။ သူတို့ မိဘတွေဟာ အောက်ခြေဝန်ထမ်း ဖြစ်ချင်ဖြစ်မယ်။ လက်လုပ်လက်စားလည်း ဖြစ်ချင်ဖြစ်မယ်။ ကလေးတိုင်းဟာ ကျူရှင်ယူနိုင်ကြမှာ မဟုတ်ပါဘူး။ ကျူရှင်မယူနိုင်တဲ့ ကလေးတိုင်းသာ ဒီလိုအနှိမ်ခံနေရမယ်ဆိုရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ပညာရေးကြီးဟာ မြောင်းထဲရောက်ဖို့ပဲ ကျန်ပါတော့တယ်။

ပြီးခဲ့တဲ့နှစ်က ဆိုရှယ်မီဒီယာပေါ်မှာ တွေ့လိုက်ရတဲ့ သတင်းတစ်ခုနဲ့ ပတ်သက်ပြီး သုံးသပ်ဝေဖန်ပါရစေ။ ကိုယ်ပိုင်ဘော်ဒါတစ်ခုရဲ့ ဆရာတစ်ယောက်က သူ့တပည့်တွေကို လက်အုပ်ချီပြီး ကန်တော့နေတဲ့သတင်းပါ။ သူ့ဘော်ဒါကို လာတက်တဲ့တပည့်တွေဟာ သူ့ရဲ့ထမင်းရှင်တွေမို့ ပြန်ကန်တော့တာပါတဲ့။ ကျွန်မရဲ့ခံယူချက်ကတော့ ဆရာဆိုတာ “ကန်တော့ခံထိုက်သော အရည်အချင်းရှိသည့် ပုဂ္ဂိုလ်” သာလျှင်ဖြစ်ပါတယ်။ ကျွန်မခံယူထားတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်အောင်လည်း ကျွန်မကိုယ်တိုင် ကြိုးစားနေဆဲပါ။

ပြင်ပဆရာပဲဖြစ်ဖြစ်၊ ကျောင်းဆရာပဲဖြစ်ဖြစ်၊ “ဆရာစိတ်” ထားတတ်ဖို့သာလိုပါတယ်။ ကိုယ်ရတဲ့ လစာထက် အဆများစွာ အဖိုးထိုက်တန်တဲ့ အတတ်ပညာနဲ့ ကိုယ်ကျင့်တရားတွေကိုကလေးတွေရဲ့နှလုံးသားထဲအထိလက်ဆောင် ထည့်ပေးလိုက်နိုင်တဲ့ ဆရာမျိုးသာ ဖြစ်ခွင့်ရချင်မိပါတယ်။ ကိုယ့်အရိပ်အာဝါသဆီ ခိုလှုံဖို့ရောက်လာတဲ့ ကလေးတွေကို ထမင်းရှင်တွေလို သဘောထားပြီး ငံ့လင့်နေတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဆရာစစ်ရောဖြစ်နိုင်ပါရဲ့လား။

မိမိတို့ရဲ့ ရင်သွေးငယ်လေးတွေကို တိုးတက်အောင်မြင်စေချင်တဲ့ မိဘတိုင်း၊ ဆရာတိုင်းလက်ခံသင့်တဲ့ အချက်နှစ်ချက်ကို ဆွေးနွေးချင်ပါသေးတယ်။

(၁) ကလေးရဲ့ အခြေအနေမှန်ကို သိအောင်ကြိုးစားပါ။ မနိုင်ဝန် မထမ်းခိုင်းပါနှင့်။ ကျွန်မစာသင်ပေးခဲ့ဖူးသော တပည့်မလေးတစ်ယောက်နှင့် ဥပမာပေးပါရစေ။ ကလေးရဲ့ မိဘတွေက ချမ်းသာတော့ သူတို့သမီးကို တစ်မြို့လုံးမှာရှိတဲ့ နာမည်အကြီးဆုံး ဆရာမတွေနဲ့ချည်း အိမ်ခေါ်သင်ပေးပါတယ်။ နံနက် ၆ နာရီကနေ ည ၁၀ နာရီအထိ ကျူရှင်ဆရာ ခြောက်ယောက်နဲ့ Guide ဆရာ ခြောက်ယောက် သူတို့အိမ်မှာ ခြေချင်းလိမ်နေတာပါပဲ။ လပတ်စာမေးပွဲမှာ နှစ်ဘာသာကျပြီး ကျွန်မဆီရောက်လာပါတယ်။ ကလေးက ဉာဏ်မကောင်းပါဘူး။ မိဘတွေကတော့ သူတို့သမီးကို အနည်းဆုံး သုံးဘာသာဂုဏ်ထူး မှန်းထားကြတယ်တဲ့။

ကျွန်မသင်ပေးရတဲ့ အချိန်ကိုလည်းကြည့်ပါဦး။ ည ၁၀ နာရီကနေ ၁၁ နာရီခွဲအထိပါ။ ကျွန်မကကလေးကို တွက်စာတွေ ရှင်းပြပေးတယ်။ ကျွန်မရှေ့မှာပဲ အလွတ်ပြန်တွက်ခိုင်းတယ်။ ကျက်စာဆိုလည်း ကူကျက်ပေးတယ်။ ဒါပေမယ့် နောက်နေ့ပြန်မေးကြည့်တော့ ဘာတစ်ခုမှ မသိတော့ပြန်ဘူး။ တစ်ခါတလေကျ ဘော့ပင်လေးကိုင်ပြီး ငူတူတူထိုင်ကြည့်နေတတ်ပါသေးတယ်။ ကြာတော့ ကျွန်မလည်း စိုးရိမ်လာပါပြီ၊ မိဘတွေကိုခေါ်ပြီး ကလေးအခြေအနေမှန်ကို ရှင်းပြရပါတော့တယ်။ စာသင်ချိန်တွေ လျှော့ခိုင်းဖို့ကိုလည်း တောင်းပန်ရတယ်။ ကလေးကတော့ တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက် အောင်သွားပါရဲ့။ မိဘတွေမှန်းထားသလို ဂုဏ်ထူးသုံးဘာသာနဲ့ မဟုတ်ဘဲ မော်ဒရေးရှင်းအမှတ် သုံးဘာသာနဲ့ပေါ့။

(၂) ချီးကျူးစကား သို့မဟုတ် အားပေးစကား အမြဲဆိုပေးပါ။ ဒီအချက်ကိုတော့ မိဘတွေကရော၊ ဆရာတွေကပါ တော်တဲ့ ကလေးအပေါ်မှာပဲ အသုံးချတာများပါတယ်။ ကျွန်မဆွေးနွေးချင်တာကတော့ စာညံ့တဲ့ကလေးအတွက်ပါ။ သူတို့ ဘာလို့စာညံ့တာလဲ။ တချို့က ဉာဏ်မကောင်းလို့ စာမလိုက်နိုင်တာ။ တချို့ကတော့ လုံ့ဝစာမလုပ်လို့ပါ။ စာညံ့တဲ့ ကလေးတစ်ယောက်ချင်းဆီမှာ စိတ်ဒဏ်ရာတွေ၊ သိမ်ငယ်မှုတွေ ကိန်းဝပ်နေတတ်ပါတယ်။ ကျွန်မတို့က ချီးကျူးစကားတွေ၊ အားပေးစကားတွေနဲ့ သူတို့ကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်ပေးဖို့လိုအပ်ပါတယ်။ ခေါင်းဆောင်ကြီး နပိုလီယံက သာဓကပါပဲ။ နပိုလီယံဟာ သူ့တပ်သားတွေကို ချီးကျူးစကားနဲ့ စိတ်ဓာတ်မြှင့်တင်ပေးခဲ့ပြီး သူတို့ထက် လေးဆလောက် အင်အားကြီးမားတဲ့ ရန်သူ့တပ်ကို အောင်နိုင်ခဲ့သလိုပါပဲ။

“မင်းတို့တော့ ဒီနှစ်အောင်ဖို့ လမ်းကိုမမြင်ဘူး။ အသုံးမကျတဲ့ကောင်တွေ” ဆိုတဲ့စကားအစား “စိတ်ဓာတ်မကျကြနဲ့၊ အောင်ဖို့နီးလာပြီ၊ မင်းတို့လုပ်နိုင်တယ်ဆိုတာ ယုံတယ်” ဆိုတဲ့ စကားလေးတစ်ခွန်းကို ကလေးတိုင်း မျှော်လင့်နေကြမယ်လို့ ထင်ပါတယ်။

လက်ရှိအကောင်အထည်ဖော်နေတဲ့ ပညာရေးစနစ်သစ်ဟာ အထက်တန်းပညာ ပြီးဆုံးသွားတဲ့ ကလေးတွေအတွက်လည်း အာမခံချက်ခိုင်မာဖို့ လိုပါသေးတယ်။ ထမင်းစားလက်မှတ်တစ်ခုရနိုင်ဖို့ ဘွဲ့လက်မှတ်ကို အပေါင်ပစ္စည်းအဖြစ်ထားနေရတဲ့ ခေတ်ကြီးမှာ ဘွဲ့တစ်ခုတော့ ယူကြရဦးမှာပါ။ ဘွဲ့ရဖို့အတွက် ဘဝအာမခံချက်ပေးနိုင်မယ့် တက္ကသိုလ်မျိုးကို ရွေးချယ်ကြရတော့မယ်။ ဒီတော့ ဝင်ခွင့်စာမေးပွဲတွေမှာ မသမာမှုနဲ့ အဂတိတွေ ရှိမလာစေဖို့ဟာ အစိုးရအနေနဲ့ တင်းကျပ်ပေးသင့်တဲ့ အဓိက ချက်တစ်ခုပါပဲ။

မဟာတန်းပြီးသွားတဲ့ သူငယ်ချင်းတစ်ယောက်ကို အားကျစကားဆိုမိတော့ သူကကျွန်မကို ခုလိုမျိုး နှစ်သိမ့်ပေးခဲ့ဖူးပါတယ်။ “ငါ့ကိုအားကျမနေနဲ့ သူငယ်ချင်းရေ၊ ပရိုဂရမ်ပိုင်းတွေကို ငါဘယ်လိုလုပ်ပြီးရေးနိုင်ပါ့မလဲ၊ စာတမ်းပြုစုဖို့အရေး ရန်ကုန်ကိုတက်ပြီး အပ်ရတာ သုံး၊ လေးသိန်း ကုန်တယ်ဟ” သူ့စကားကိုကြားမိတော့ ကိုလေး(အင်းဝဂုဏ်ရည်)ရဲ့ “စာတတ် ပေတတ် ပညာတတ်” ဆိုတဲ့ ကဗျာလေးက ကျွန်မခေါင်းထဲ ဝင်လို့လာပါတယ်။ “အိမ်ဦးခန်းတွင် စောင်းကိုတင်လည်း၊ သံလွင်လက်ခတ် မတီးတတ်ပါ။ ငွေနှင့်လဲလှယ် စောင်းကို ဝယ်သည်၊ စောင်းသည် ရင်နာရှာလိမ့်မည်” တဲ့။ ဩော် သူငယ်ချင်းရဲ့ အိမ်ဦးခန်းမှာ ချိတ်ဆွဲထားတဲ့ မဟာဘွဲ့လက်မှတ်လေးလည်း ရွှေရောင်ကွပ်ထားတဲ့ မှန်ဘောင်ထဲမှာ ရင်နာနေရှာမည်လား မသိ။

အချုပ်ဆိုချင်တာကတော့ ကျွန်မတို့တစ်ဦးချင်းစီသာ ပြောင်းလဲဖို့တွန့်ဆုတ်နေကြဦးမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်သစ်ဟာလည်း ရေပေါ်အရုပ်ရေးရသလိုပဲ ဖြစ်နေဦးမှာပါ။ အစိုးရ၊ မိဘ၊ ဆရာ၊ ကျောင်းသား လေးဦးစလုံးတွဲလက်ညီညီ ကြိုးစားမှသာ စတုရန်းလို အနားလေးဘက်ညီတဲ့ ပညာရေးဘောင်လေး ပီပြင်လာနိုင်မှာဖြစ်ပါတယ်။ သားသမီးလေးတွေ တစ်ယောက်ချင်းစီတိုင်းဟာ မိဘတို့ရဲ့ အနာဂတ်အိပ်မက်လေးတွေ၊ မျိုးဆက်သစ်လူငယ်လေးတွေ တစ်ယောက်ချင်းစီတိုင်းဟာလည်း တိုင်းပြည်ရဲ့ အနာဂတ်အိပ်မက်လေးတွေပါ။ မိမိတို့ရဲ့ ရင်သွေးငယ်လေးတွေကို အနာဂတ်မှာ အလှပဆုံးနဲ့ ရုပ်လုံးအကြွဆုံး ပန်းပုရုပ်လေးတွေအဖြစ် အသက်ဝင်လာစေဖို့ မိဘ၊ ဆရာ၊ အစိုးရဆိုတဲ့ ပညာရှင်သုံးဦးရဲ့ စုပေါင်းအားတွေနဲ့ တက်ညီလက်ညီ ပုံဖော်ထုဆစ်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတော့တယ်။ ။


## အတူနွှဲပျော် ကထိန်ပွဲတော်

တို့လယ်ကွင်းက စိမ်းစိုစွာ
စပါးနံ့ဖုံးလာ၊
မယ်ဇလီမှာ ဝါရွှေဖူး
သူ့ထက်ငါတို့ခူး။
လေပြည်ဆောင်းဦး နှင်းရည်စို
ခဝဲပန်းကပျို၊
စည်ဒိုးသံချို ကခုန်နွှဲ
ကျင်းပကထိန်ပွဲ။
ခြိမ့်ခြိမ့်သဲလို့ သဒ္ဓါ ဖြူ
မွန်မြတ်သည်အလှူ
ကုသိုလ်ယူကာ စဉ်ပျော်မွေ့
ရိုးရာတို့ဓလေ့။
မမေ့မလျော့ မြို့နှံ့ရွာ
လှူဒါန်းအစဉ်လာ၊
ကောင်းမှုစုံစွာ တန်ဆောင်မုန်း
ကျင်းပပျော်မဆုံး။

မင်းစိုး(အရာတော်)

ဝတ္ထုတို

## မမ မိုး(မှော်ဘီ)



**အခန်း ( ၁ )**

"ဟဲလို"

"ဟုတ်ကဲ့ ပြောပါရှင် "

"အခု ဖုန်းကိုင်တာ မီးငယ်လား"

"ဟုတ်ပါတယ် ဘယ်သူပါလဲ ရှင်"

"ငါ ဘယ်သူဆိုတာက အရေးမကြီးဘူး၊ အရေးကြီးတဲ့ စကားတစ်ခွန်းတော့ ပြောမယ်၊ ငါက ကောင်းထက်ရဲ့ဇနီးလောင်းပဲ"

"ရှင်"

"နင် အရမ်းတုန်လှုပ်သွားသလား မီးငယ်၊ ငါတို့ မကြာခင် လက်ထပ်တော့မယ်ဆိုတာ လှမ်းပြောတာ"

ဘာ!

"အေး နင်သိသွားပြီဆိုရင် နင့်နေရာ နင်သိပါ မီးငယ်၊ ကောင်းထက်နားမှာ ရှုပ်နေတာကို ငါမမြင်ချင်၊ မကြားချင်ဘူး မီးငယ်"

"ဟား ...ဟား ...ဟား၊ ရှင် တအားရယ်ရတာပဲ၊ ရှင်က မောင့်ကို လုရုံတင် မကဘူး၊ ပိုင်ရှင်ကိုပါ သူခိုးလာစွပ်စွဲနေသလိုပါပဲလား"

"ဘာပြောတယ် မီးငယ်"

"ရှင် မြဲမြဲမှတ်သွားပါ၊ မီးငယ်ဆိုတဲ့ ကျွန်မက ယောကျ်ားတစ်ယောက်ကို ပြိုင်လုတဲ့ အစားထဲမှာ မပါဘူးဆိုတာပဲ"

"ကောင်းပြီလေ... နင်ပဲ အပြောကြီးနေတာလား၊ ငါကပဲမတရားလုနေတာလားဆိုတာ ကောင်းထက်နဲ့ နင်တွေ့တဲ့အချိန်ကျရင် အားလုံးရှင်းသွားမှာပါ၊ အခုတော့ ငါ့ကို ခွင့်ပြုပါဦးနော်"

တစ်ဖက်လူရဲ့ စကားကို နားထောင်ရင်း မီးငယ်ရင်ထဲမှာ အောင့်သက်သက်။ မောင်ကပဲ သူ့လက်ထဲ ရောက်နေတဲ့ပုံ။ ကျွန်မကို မောင့်အနားမှာ မမြင်ချင်ဘူးဆိုတော့ တမင်ရှုပ်နေတာမှ မဟုတ်တာ။ ကျွန်မချစ်သူနားနေတာ ရှုပ်နေတယ်လို့ ကျွန်မကိုယ်ကျွန်မ စိတ်ထဲ မထင်မိပါဘူး။

ဒီအဖြစ်အပျက်ကို တကယ်လည်း ကျွန်မ မယုံသေးပါဘူး။ မောင့်နှုတ်ဖျားက ကျွန်မကို မုန်းတယ်လို့ မပြောမချင်း၊ ကျွန်မအချစ်ကို လိမ်ယူခဲ့တာပါလို့ မပြောမချင်း မောင့်ကို ယုံကြည်တယ်။ အခုအချိန်ထိတော့ ကျွန်မရဲ့ ကမ္ဘာကြီးက မောင့်အငွေ့အသက်တွေနဲ့ လှပစွာရှိနေပါသေးတယ်။ ခက်ခဲနေတဲ့ အကြောင်းတရားတွေ မောင့်ထံမှာ ရှိနေခဲ့ရင်တောင် မနက်ဖြန်ရောက်ရင်တော့ ကျွန်မမျက်ဝန်းကို တည့်တည့်ကြည့်ပြီး "မောင် မီးငယ်ကို အရမ်းချစ်တယ်"ဆိုတဲ့ စကားတစ်ခွန်းကို ကြားချင်ပါသေးတယ်။

**အခန်း(၂)**

"အမေ မျက်နှာလဲမကောင်းပါလား၊ ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ အမေ"

"အမေ ရွာတောင်ပိုင်းဘက် ခဏသွားရင်း မောင်ကောင်းထက်တို့ အိမ်နားရောက်တော့ မောင်ကောင်းထက်အမေက အိမ်ထဲခဏဝင်ခဲ့ပါဦးဆိုလို့ အမေဝင်သွားခဲ့တယ် မီးငယ်"

"ဟုတ် ဆက်ပြောပါ အမေ"လို့ အလျင်စလိုစိတ်နဲ့ပြောမိရင်း အမေ့ရဲ့စကားကို ရင်တထိတ်ထိတ်နဲ့ နားစွင့်နေမိတယ်။

"မောင်ကောင်းထက်အမေက သူ့သား မောင်ကောင်းထက်ဟာ မကြာခင် ပွဲရုံပိုင်ရှင် သူဌေးကြီးရဲ့သမီးနဲ့ လက်ထပ်ရတော့မယ်ဆိုတဲ့အကြောင်း၊ မင်္ဂလာပွဲဖြစ်ရင် မီးငယ်ကို သတို့သမီး အရံအဖြစ် ထားချင်တဲ့ အကြောင်းခေါ်ပြောတာ မီးငယ်"

"ရှင်! ဒါ ... ဒါ"

"အမေ သိတယ်မီးငယ်၊ မောင်ကောင်းထက်နဲ့ မီးငယ်ကို သဘောမတူတဲ့အကြောင်း ပညာသားပါပါ ပြောလိုက်တယ်ဆိုတာ"

အို !

အမေရဲ့စကားများကြောင့် မီးငယ် ခေါင်းထဲမှာ မိုက်ခနဲ၊ ခန္ဓာကိုယ်ပါ ယိုင်သွားလို့ စားပွဲခုံပေါ် လက်ထောက်လိုက်ကာ ခဏတာ ရှုပ်ထွေးနေတဲ့စိတ်ကို မနည်းထိန်းချုပ်နေရတယ်။ စိုးရိမ်တကြီးကြည့်နေတဲ့ အမေ့ကို ဘာမှမဖြစ်ပါဘူးဆိုတဲ့သဘောနဲ့ ကျွန်မ ပြန်ပြုံးပြလိုက်တယ်။ စိတ်မကောင်းတဲ့ မျက်ဝန်းနဲ့သာ ကြည့်နေပြီး အမေက ပြန်မပြုံးပြပါဘူး။ ကျွန်မမိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်ဘဝကိုယ် ပြန်တွေးကြည့်မိရင်း နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်တယ်။ ဝမ်းနည်းစိတ်ကြောင့် အိပ်ခန်းထဲပြေးဝင်ရင်း ခေါင်းအုံးထက်မှာ ကျွန်မငိုနေမိတယ်။ ဖြစ်နိုင်ရင် မောင့်ကို ကျွန်မ တွေ့ချင်နေမိတယ်။

**အခန်း(၃)**

လေဆိပ်ဟာ ကျွန်မအတွက် တစိမ်းဆန်နေတယ်။ ဒါဟာ ခြေတစ်လှမ်းရဲ့အစ၊ မြို့ပြဟာ စိန်ခေါ်မှုတွေနဲ့ ကြိုနေမှာဖြစ်လို့ စိတ်တွေက လှုပ်ရှားရင်းမငြိမ်သက်ဘူး။ စင်ကာပူကို ထွက်ခွာဖို့ လေယာဉ်အချိန်က နီးကပ်လာတာကြောင့် သတ်မှတ်ထားတဲ့ခုံပေါ် တက်ထိုင်ရင်း မောင့်အကြောင်း စဉ်းစားနေမိ တယ်။

"မီးငယ် "

"ရှင် ... ပြောလေ"

ကျွန်မက ပြန်ထူးလိုက်ပေမယ့် မောင့်ထံမှ စကားသံ ထပ်ထွက်မလာ။ မောင့် အမူအရာက ထူးဆန်းနေတာမို့ ကြည့်လိုက်တော့ သက်ပြင်းတွေချရင်း တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံမို့ နားမလည်နိုင်တဲ့ မျက်ဝန်းတွေနဲ့မောင့်ကို ကျွန်မကြည့်နေမိတယ်။ မောင်နဲ့ကျွန်မ ရပ်နေတဲ့နေရာကို အပေါ်ကနေ ညောင်ရွက်ခြောက်ကလေးတွေက လေအဝှေ့မှာ တဖြုတ်ဖြုတ်ကြွေကျလာတာကို သတိထားမိနေတယ်။ မောင်ကတော့ ကန်ရေပြင်ကို ငေးနေပြီး သတိထားမိပုံ မပေါ်ပါဘူး။ ရွာထိပ်ညောင်ညိုပင်ကြီးက ငြိမ်သက်နေတဲ့ လူသားနှစ်ယောက်ကို ငုံ့ကြည့်ပြီး အံ့သြနေပုံပါပဲ။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ မောင်က ကျွန်မမျက်နှာဘက်ကို လှည့်ကြည့်လာတယ်။

"မီးငယ်"

"ဟုတ်...နားထောင်နေပါတယ် အစ်ကို"

"အစ်ကိုလေ မီးငယ်ကို အရမ်းချစ်တယ်"

"ရှင်"

မောင်က ချစ်တယ်ပြောပြီး တည်ငြိမ်နေသလောက် ကျွန်မကရှက်ရွံ့စိတ်နဲ့ ခြေဖျားလက်ဖျားတွေ အေးလာပြီး မောင့်မျက်နှာကို မော့မကြည့်ရဲတော့ဘူး။ မောင်က ရိပ်မိပုံနဲ့ ကျွန်မရဲ့လက်ကလေးကို ဆုပ်ကိုင်လာတာမို့ မရုန်းမိပေမယ့် ရင်တွေခုန်နေမိတယ်။

"မရှက်ပါနဲ့ မီးငယ်၊ အစ်ကိုမီးငယ်ကို သိပ်ချစ်နေတာပါ"

ကျွန်မ မောင့်မျက်ဝန်းကို ခေါင်းငုံ့ထားရင်းက မော့ကာ တည့်တည့် စိုက်ကြည့်နေမိတယ်။ မောင်က မျှော်လင့်တကြီးနဲ့ ကျွန်မကို ပြန်ကြည့်နေတယ်။

"မဖြစ်နိုင်ပါဘူး အစ်ကို၊ အစ်ကိုနဲ့ မီးငယ် ဘဝက ကွာခြားလွန်းနေတယ်။ နောင်တစ်ချိန်မှာ မီးငယ်ပဲစိတ်ဆင်းရဲရမှာ။ အစ်ကိုစိတ်ကူးယဉ်နေပေမယ့် မီးငယ်တို့ဘဝက နိမ့်ကျလွန်းပါတယ် "

"မီးငယ် အစ်ကို့အချစ်ကို မယုံတာလား"

"မဟုတ်ရပါဘူး အစ်ကို"

"ဒါဆို ဘာလို့ ငြင်းရက်နေတာလဲ မီးငယ်"

အို့ ......

မောင့်ရဲ့ပုံစံကိုကြည့်ပြီး ရင်ထဲမှာ နင့်ကနဲ။ ခက်ခဲနေတဲ့ အနေအထားတစ်ခုကို ဖြတ်ကျော်နေရသလို မောင့်ကိုလည်း သနားနေမိတယ်။ ဒီတစ်ခါ သက်ပြင်းချရသူက ကျွန်မကိုယ်တိုင်ပါပဲ။ ဆုံးဖြတ်ချက် တစ်ခုကို ကျွန်မချရတော့မယ်ဆိုတာ နားလည်ထားတယ်။ ဒါပေမယ့် ကျွန်မရဲ့ ဆုံးဖြတ်ချက်ကြောင့် မောင့်ကိုမနာကျင်စေချင်ဘူး။ ဒါကြောင့် မောင့်မျက်ဝန်းကို ဆုံအောင်ကြည့်ပြီး ကျွန်မစကားတစ်ခွန်းတော့ ဆိုလိုက်တယ်။ မောင်ပျော်သွားတော့ ကျွန်မလည်း ရှက်ရွံ့မှု၊ ကြည်နူးမှုနဲ့အတူ ရင်ထဲမှာ ပျော်နေမိတာအမှန်ပါပဲ။

မောင့်အကြောင်းကို တွေးနေရင်းက ဘေးနားကို လူတစ်ယောက် ဝင်လာထိုင်တာမို့ အတွေးစကိုဖြတ်ပြီး လှည့်ကြည့်မိတယ်။ ဝင်ထိုင်လာတဲ့ မိန်းမကြီးက ကျွန်မကို ပြန်ကြည့်ပြီး ပြုံးပြတယ်။ လေယာဉ်တစ်စင်း အပေါ်မှာ ခရီးသွားချင်းအတူတူပေမယ့် စကားတော့ မပြောဖြစ်။ ခဏနေတော့ လေယာဉ်က စတင်ထွက်ခွာသွားပါတော့တယ်။

**အခန်း(၄)**

"ကိုကောင်းထက်"

"အင်းပြော"

"ပြောမယ် ကျွန်မရှင်နဲ့ရတာ သုံးနှစ်သာ ပြည့်သွားတယ်၊ ကျွန်မအတွက် လင်တစ်ယောက်ရတာပဲ အဖတ်တင်တယ်။ ရှင်က အရက်ကလေးတမြမြနဲ့ ဟိုမယားကို သတိရနေတယ် "

"မင်း ဘာစကား ပြောတာလဲ"

"ရှင်အရက်တွေ နေ့မအိပ်၊ ညမအိပ် သောက်ပြီး ကျွန်မစကားကို နားမလည်တာလား၊ ရူးချင်ယောင် ဆောင်နေတာလား"

"မင်း ပါးစပ် ပိတ်မလား၊ ငါ ပိတ်ပေးရမလားပြော၊ အရက်သောက်နေတာကို အာရုံလာနောက်နေတယ်"

"ဟင်း...ဟင်း...၊ ရှင့်မယားငယ်ကိုထိတော့ နာသွားတယ်ပေါ့၊ ရှင်လိုအသုံးမကျတဲ့ လူကို ယူမိတာ ငါးပါးမှောက်တာပဲ"

"ဟာ ... ဒီမိန်းမ ...... တောက်"

"ရှင် မလုပ်ရဲပါဘူး ကိုကောင်းထက်၊ ဘီလူးရုပ်ဇာတ်ကပြမနေပါနဲ့။ ဘာလို့လဲ သိလား၊ ရှင့်ကိုရှင့်မိဘတွေက ကျွန်မအဖေကို အကြွေး မဆပ်ချင်တာနဲ့ ထိုးကျွေးထားလို့လေ"

"အေး ငါကငါ့မိဘတွေကို မလွန်ဆန်နိုင်လို့ မင်းကို လက်ထပ်ခဲ့ရတာကွ။ မင်းက မီးငယ်လက်ထဲက ငါ့ကို လုခဲ့ရလို့ ပျော်နေတာလေ"

"ရှင် တအားဖောင်းသွားပြီ ကိုကောင်းထက်၊ ကျမ ဆုံးဖြတ်ချက်ချပြီးသွားပြီ၊ ရှင့်လို အရက်သမားကို ကျွန်မအနားမှာ မမြင်ချင်တော့ဘူး"

"အေး ... ငါလဲ မင်းအနားမှာ နေချင်နေတဲ့ ကောင်မဟုတ်ဘူး၊ ငါသွားပြီ"

"ကျွန်မ ရှင့်ကိုမတားပါဘူး ကိုကောင်းထက်"

**အခန်း(၅)**

မွေးရပ်မြေကို ပြန်ရောက်ပြီဆိုတဲ့ အတွေးနဲ့ ကျွန်မပျော်ပါးလန်းဆန်းနေတယ်။ လေယာဉ်ပေါ်ကဆင်းပြီး လေဆိပ်မှာ ပထမဆုံးတွေ့လိုက်တာက အမေ။ ကျွန်မကို လက်ပြရင်းကြိုနေတာမို့ ဝမ်းသာကြည်နူးစိတ်နဲ့ မျက်ရည်တောင် ကျလာမိတယ်။ အမေ့အနား အပြေးသွားရင်း ခါးကလေးကိုဖက်ကာ ပါးပြင်ထက်ကို အနမ်းခြွေလိုက်တော့ အမေက ပြုံးပြီး ကြည့်နေလေရဲ့။

"အမေ့ကို လွမ်းလိုက်တာ အမေရယ်"

"အမေလည်း အတူတူပါပဲ မီးငယ်၊ လာလာ အမေကားငှားခဲ့တယ်၊ ကားပေါ် အထုပ်အပိုးတွေ တင်ပြီး ရွာပြန်ကြမယ်"

အမေ့ရဲ့ ရွာဆိုတဲ့ စကားကြောင့် ကျွန်မ မောင့်ကိုသတိရသွားတယ်။ မောင်နဲ့ပတ်သက်ရင် အသေးအမွှားကအစ ကျွန်မ မမေ့သေးဘူး။ မောင်က ကျွန်မနိုင်ငံခြားသွားနေတုန်း နောက်ပိုင်းမှာ အရက်သမားကြီးဖြစ်နေတာ သိခဲ့ရတယ်။ အမေနဲ့ ဖုန်းပြောဖြစ်တိုင်း မောင့်အကြောင်းတွေ ပါလာတတ်တော့ ကျွန်မ နားထောင်မိရင်း ငိုခဲ့မိတာ အခါခါပါပဲ။ မတူညီတဲ့ ဘဝနှစ်ခုဖြစ်နေတာမို့ သတိရမိတာက လွဲရင် မောင့်အနားကို ကျွန်မ ဘယ်တော့မှ ပြန်မသွားတော့ဘူး။ ဒါပေမယ့် အခု ကျွန်မ သိပ်ချစ်ခဲ့ဖူးတဲ့ မောင်တစ်ယောက် ဘာတွေဖြစ်နေလည်းဆိုတာကိုတော့ မြင်ချင် တွေ့ချင်နေမိတယ်။

"သမီး... မောင်ကောင်းထက်ကို သတိရနေတာလား"

"သတိမရပါဘူး အမေ"လို့ ကျွန်မပြန်ဖြေမိတော့ အမေပြုံးသွားတာ သတိထားမိတယ်။ ဘာမှမပြောပေမယ့် အမေလည်း ကျွန်မရင်ထဲကို နားလည်နေသလိုပါပဲ။ တရိပ်ရိပ်ပြေးနေတဲ့ ကားလေးပေါ်မှာ ကျွန်မ ငြိမ်သက်နေရင်း မောင့်ပုံရိပ်ကို ဖမ်းဆုပ်နေမိတယ်။

**အခန်း(၆)**

"ဒေါ်လေး ... ဒေါ်လေး"

"ဟဲ့ ... ဘာတုန်းဟဲ့"

"မီးငယ်ရှိလား ဒေါ်လေး"

"ရှိတယ် ... ဘာပြောမလို့လဲ"

"ဟိုဘက်အိမ်က မောင်ကောင်းထက် အမေက မီးငယ်ကို ခဏလာခိုင်းဖို့ ခေါ်ခိုင်းလိုက်လို့ပါ "

"အမလေးတော်! အဲ့အိမ်နဲ့ မီးငယ် ပတ်သက်စရာ အကြောင်းမှ မရှိတာ၊ မလာနိုင်ဘူး ပြောလိုက်"

"စိတ်မဆိုးပါနဲ့ အဒေါ်၊ မောင်ကောင်းထက်သွေးတွေအန်ပြီး ရုတ်တရက် ဆေးရုံတင်လိုက်ရလို့ပါ"

"ဟဲ့...မောင်ကောင်းထက် ဆေးရုံတင်ရတာနဲ့ မီးငယ်နဲ့ဘာဆိုင်လို့လဲ"

"ဒီလိုပါအဒေါ် မောင်ကောင်းထက် ဝေဒနာတွေ ခံစားနေရင်းက မီးငယ်အမည်ကို ခေါ်နေလို့ပါ"

မောင့်အမည်ပါလာကတည်းက ကျွန်မ အမေ့နားမှာရပ်ပြီး နားထောင်နေခဲ့တယ်။ မောင်ကကျွန်မကို ခေါ်နေတယ်ဆိုတော့ ကျွန်မလည်း မငြင်းချင်ပါဘူး။ ပြောင်းလဲခြင်း မရှိတဲ့ ကျွန်မချစ်ခြင်းတွေမှာ မောင်နဲ့ကျွန်မ ကြားမာနတွေ မထားချင်လို့ပါပဲ။ ပြိုကွဲနေတဲ့ အိမ်ထောင်ရေးကို ပိုင်ဆိုင်သွားရတဲ့ မောင်၊ ကျွန်မကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ မောင့်အတွက် နောက်ဆုံးအနေနဲ့တော့ ဆန္ဒလေး ဖြည့်ပေးချင်နေမိတယ်။ အမူအရာပျက်နေတဲ့ ကျွန်မကို အမေကကြည့်ပြီး စိတ်မကောင်းဘူး ထင်ပါရဲ့။ မျက်ဝန်းက သွားတွေ့ချင်သွားတွေ့လိုက်ပါဆိုနေသယောင်။ ဟန်မဆောင်နိုင်တော့တဲ့ ကျွန်မမောင်ရှိရာ အရပ်ကို သွားဖို့ဆုံးဖြတ်လိုက်တော့တယ်။

ကျွန်မ ဆေးရုံရောက်တော့ မောင့် အခြေအနေက ကြည့်ရက်စရာမရှိ။ အသက်ရှူအောက်ဆီဂျင်ပိုက်တွေနဲ့ ငြိမ်သက်နေတာ။ မောင့်အမေက ကျွန်မကိုမြင်တော့မှ ခေါင်းတစ်ချက်ယမ်းပြပြီး ကြိတ်ငိုနေတော့တယ်။ ကျွန်မ မောင့်အနားသွားပြီး မောင့်လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်မိတယ်။ စီးဆင်းမှုတစ်ခုကြောင့်လား၊ ဆက်နွယ်နေတဲ့ အရာတွေကြောင့်လား မကွဲပြားတော့ပါဘူး။ မောင့်မျက်ဝန်းလေး ပွင့်လာပြီး ကျွန်မကို မြင်တော့ နှုတ်ခမ်းလေးတွန့်ပြီး ပြုံးသွားတာ တွေ့လိုက်ရတယ်။ မောင်ကျေနပ်သွားတယ် ထင်ပါရဲ့။ ဒါပေမယ့် ကျွန်မ မောင့်လက်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်းက မထိန်းချုပ်နိုင်တော့တဲ့အဆုံး ပါးပြင်ထက်ကနေ မျက်ရည်တွေ တစ်လိမ့်ချင်းကျလာတော့တယ်။ မောင်ကျွန်မအနားက ထာဝရထွက်ခွာသွားလို့ပါပဲ။ မောင်ကျွန်မအနားက ထွက်ခွာသွားပေမယ့် မောင်နဲ့ပတ်သက်တဲ့ အရာတွေအားလုံးကို ကျွန်မဘယ်တော့မှ မေ့ဖျောက်ပစ်မှာ မဟုတ်ပါဘူး။ ။

### အညာအလှ သာပေစွ

ထန်းပင်ကြီးတွေ ဝိုင်းလို့နေ
တို့ရဲ့ဇာတိအညာမြေ။
ဘုရားစေတီ လွန်ပေါ်များ
ရိုးရာအမွေ တန်ဖိုးထား။
ဖုန်များလိမ်းလိမ်း ရွာအဝင်
ကလေးငယ်များ ဆော့မြူးရွှင်။
ယာခွင်တလွား သီးနှံများ
ဆေးရေးမမီ ပန်းချီကား။
တို့များအညာ ဒေသမှာ
ယဉ်ကျေးမှုတွေ လက်ကမ်းဖြာ။
ဆယ့်နှစ်ရာသီ တူဆင်နွှဲ
ရိုးရာမပြတ် လှသည့်ပွဲ။
နွေ,မိုး,ဆောင်းလည်း သာယာစွာ
ကိုယ်ပိုင်ဘဝ ကျော်ဖြတ်လာ။
နေ့နှင့်ညဟာ သာစွလင်း
တိမ်မြူတွေပါ ရောင်စုံခင်း။
ရိုးသားခြင်းရဲ့ သည်အမွေ
အညာဒေသ သက်သေပေ။
ရှုလေမဆုံး အညာတစ်လွှား
လှပခြင်းတွေ ဖုံးလွှမ်းထား။

**မောင်လင်းကို(ပညာရေး)**

ဆောင်းပါး

# တိုင်းပြည်ရဲ့ မျက်လုံး

■ ဇွဲ (ပညာရေး)

(က)

ကျွန်တော် ငယ်စဉ်ကတည်းက စာအုပ်တွေနဲ့ ရင်းနှီးခဲ့တယ်။ ကျွန်တော်က အဒေါ်တွေ အစ်မတွေနဲ့ ကြီးပြင်းခဲ့ရသူတစ်ယောက်ပါ။ ကျွန်တော် သုံးတန်း၊ လေးတန်းကျောင်းသားဘဝမှာ စာအုပ်အငှားဆိုင်လေးကို စတင်ရောက်ရှိခဲ့တာပေါ့။ အစ်မနဲ့အဒေါ်တွေ စာအုပ်သွားငှားတိုင်း အဖော်အဖြစ် လိုက်ပါရင်း ရောက်ခဲ့ရတာလေ။ ကျွန်တော်နဲ့ ပထမဆုံး ထိတွေ့ဖူးတာက ရွှေသွေးပါ။ အရုပ်လေးကို စိတ်ဝင်တစားကြည့်ရင်း စွဲလမ်းခဲ့ရတယ်။ နောက်တော့ ဘိုဘိုနဲ့ အီးတီ ကာတွန်းစာအုပ်လေးတွေပေါ့။ အဲ့ဒီလို ကာတွန်းလေးတွေနဲ့ စကားပြောနေရတာ ကျွန်တော်သိပ်ပျော်တယ်။ အဖွားပြောပြဖူးတဲ့ အိပ်ရာဝင်ပုံပြင်တွေထက်ပိုပြီး နှစ်သက်လာမိတယ်။ ဒါကို အိမ်ကလည်း လက်ခံခွင့်ပြုပေးခဲ့ကြတယ်။

ကျွန်တော် ငါးတန်းရောက်တော့ ကာတွန်းတွေကို သိပ်မကြိုက်ချင်တော့ဘူး။ ရုပ်ပြတွေက ကျွန်တော့်ကို ပိုပြီး ဆွဲဆောင်နေသရယောင်။ တာယာပွကြီး၊ ပြာကလောင်ပြာကချောင်၊ မြိုင်ရာဇာတွတ်ပီဆိုရင် ကျွန်တော့်အကြိုက်တွေပေါ့။ ကျွန်တော် ရှစ်တန်းကျောင်းသား အရွယ်ရောက်လာတော့ အိမ်ကကျောင်းစာကိုသာ ဦးစားပေးခိုင်းလာတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ စာဖတ်ပိုးက မရပ်နိုင်တော့ပေ။ ထိုအချိန်က သိုင်းဝတ္ထုတွေကို စွဲစွဲမြဲမြဲဖတ်ဖြစ်တဲ့ အချိန်ပေါ့။ တက္ကသိုလ်နေလင်းအောင်ရဲ့ လက်ရာတွေဟာ ကျွန်တော့်ရဲ့ စိတ်ကူးယဉ်အိပ်မက်တွေ ဖြစ်လာခဲ့တယ်။ ဘယ်လောက်ထိဆို သစ်သားဓားတွေ၊ ဝါးလုံးရှည်တွေနဲ့ ညဘက်သိုင်းကျင့်တဲ့အထိ ရူးသွပ်ခဲ့မိပြန်တယ်။ အိမ်က ပိတ်ပင်နေတဲ့ကြားက မရမက ခိုးပြီး ဖတ်ခဲ့မိတာပေါ့။

(ခ)

ဆယ်တန်းကျောင်းသားဖြစ်လာတဲ့ ကျွန်တော် ဘယ်ဘက်ရင်အုံနားက ဂနာမငြိမ်။ ကျွန်တော့်စိတ်ကူးအိပ်မက်တွေက သိုင်းဝတ္ထုတွေလို မကြမ်းတမ်းတော့။ ကျွန်တော့်နှလုံးသားက ဗန္ဒုကမ္ဗလာ လဲလိုဝါလိုနုတဲ့အတိုင်း အင်မတန် နူးညံ့သိမ်မွေ့လာခဲ့တယ်။ ဒီလို သိမ်မွေ့လာတဲ့ နှလုံးသားက လွန်းထားထားဆေးတက္ကသိုလ်၊ ဆုမြတ်မွန်မွန်၊ ပုညခင်တို့နဲ့ ဆုံမိတဲ့အချိန်မှာ လုံးဝဥဿုံအရည်ပျော်တော့တာပဲ။ အိမ်က စိုးရိမ်ကြတယ်။ ကျွန်တော်ဝတ္ထုစာအုပ်တွေကိုပဲ ဖတ်နေရင် ဆယ်တန်းကျမယ်ဆိုတာ ဗေဒင်မေးရန်မလိုအောင် သိနေကြတယ်။ ဘယ်လောက်တားတား အိမ်ကမသိအောင်ခိုးပြီး ဖတ်တာပဲ။ အိမ်က စာအုပ်ဆိုင်ကို အကူအညီတောင်းတယ်။ ကျွန်တော့်ကို စာအုပ်တွေမငှားဖို့ ဆယ်တန်းဖြေပြီးမှ ပြန်ငှားပေးဖို့ ပြောတယ်။ ကိစ္စမရှိ။ ကျွန်တော် စာအုပ်မငှားပေ။ သူငယ်ချင်းကို အငှားခိုင်းတာပေါ့။ ဘာခက်တာမှတ်လို့။

ကျွန်တော် ဆယ်တန်းအောင်ခဲ့တယ်လေ။ ကျွန်တော် ဆယ်တန်းအောင်ရခြင်းအကြောင်းက ဆရာတက္ကသိုလ်ဘုန်းနိုင်နဲ့ တွေ့လိုက်ရလို့ပါ။ ဆရာနဲ့ဆုံမိတဲ့အချိန်မှာတော့ ဆရာ့ရဲ့ လမ်းပြမှုတွေက ဆယ်တန်းအောင်ချင်တဲ့စိတ်ကို ပံ့ပိုးပေးခဲ့တယ်။ ဆရာ့ရဲ့ တက္ကသိုလ်နောက်ခံဝတ္ထုတွေက ကျွန်တော်ဆယ်တန်းအောင်ဖို့ တွန်းအားတစ်ခုလည်း ဖြစ်ခဲ့တယ်။ ဆရာ့ရဲ့ ဇာတ်ကောင်တွေထဲမှာ ကျွန်တော်ကိုယ်တိုင်ခံစားလို့ စိတ်ကူးနဲ့ တက္ကသိုလ်တက်ခဲ့မိတယ်။ စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားတယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်က ကျွန်တော့်ကို ဆယ်တန်းအောင်ဖို့ အဓိကကူညီပေးခဲ့သူပါ။

ဒီနေရာမှာ တစ်ခုပြောချင်တာက ရည်ရွယ်ချက်အကြောင်းပါ။ ကျွန်တော့်မှာ ကြီးမားတဲ့ ရည်ရွယ်ချက်ဆိုတာ မရှိခဲ့ရိုးအမှန်ပါ။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ချင်တဲ့ ဆန္ဒတစ်ခုတည်းသာ။ ဆရာ့ရဲ့ဝတ္ထုထဲက ဇာတ်ကောင်တက္ကသိုလ်ရောက်ရင် ချစ်သူရသလို ကျွန်တော်လည်း ချစ်သူရချင်တဲ့ စိတ်တစ်ခုတည်းကြောင့်သာ ဖြစ်တယ်။ ဘယ်လိုကြောင့်ပဲ တက္ကသိုလ်ရောက်ချင်စိတ်ရှိရှိ ရောက်အောင်ကြိုးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်ကသာ အဓိကလို့ ထင်ပါတယ်။

(ဂ)

တက္ကသိုလ်ကျောင်းသား ဖြစ်လာတဲ့ကျွန်တော် ကဗျာလေးတွေကို ချစ်တတ်လာခဲ့တယ်။ ကိုယ်တိုင်လည်း ကဗျာတွေရေးချင်စိတ် ဖြစ်လာတယ်။ ရသမ်မမီ စာမပီတဲ့ ကဗျာအတိုအစပေါင်းများစွာ ထွက်ကျလာပါရော။ ကျွန်တော့်ကဗျာတွေက လူလားမမြောက်ခဲ့ပါဘူး။ နောက်ပိုင်း စကားပြေတွေက ကျွန်တော့်ကို လွှမ်းမိုးသွားတယ်။ ဆရာအောင်သင်း၊ ဆရာမြသန်းတင့်၊ ဆရာဖေမြင့်၊ ရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ဦးဇောတိက( မဟာမြိုင်) စတဲ့ စာအုပ်လေးတွေကို ဖတ်ဖြစ်လာခဲ့တယ်။ ကြိုက်လည်း ကြိုက်ခဲ့တယ်။

ကျွန်တော် ဘာကြောင့် စာအုပ်တွေဖတ်နေရသလဲ၊ ဖတ်ဖြစ်နေတာလဲဆိုတဲ့ အဓိပ္ပါယ်ကိုတော့ ကျွန်တော် နားမလည်ခဲ့ဘူး။ စာဖတ်တာဟာ ဖတ်ပြီးရင် ပြီးသွားဖို့ပဲလား။ ဖတ်နေဖို့ပဲလား။ ကျွန်တော် တွေးကြည့်ခဲ့ဖူးတယ်။ ဘာမှန်းကို မသိခဲ့ဘူး။ "စာဖတ်ခြင်းဆိုတာ ဘာလဲ" လို့ တွေးမိတဲ့အချိန်မှာတော့ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားတာပဲ။ စဉ်းစားကြည့်တယ်။ စာဖတ်ခြင်းဆိုတာ အသိပညာဗဟုသုတရအောင်ဖတ်တာမျိုးလား။ မသေချာပြန်ဘူး။ ဒါဆို စာဖတ်တယ်ဆိုတာ ဦးနှောက်မှာ ရင်းနှီးမြှုပ်နှံခြင်းမျိုးလား။ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ပြီးတဲ့အချိန်မှာရော ကိုယ့်ဘဝက ဘာများတိုးတက်ပြောင်းလဲသွားပြီလဲ။ ဒါကတော့ ကိုယ်တိုင် စာဖတ်တဲ့ပုံစံအပေါ်မှာ မူတည်ပါလိမ့်မယ်။

ကျွန်တော်ထင်ပါတယ်။ စာဖတ်တယ်ဆိုတာ ကိုယ့်ရဲ့ ဦးနှောက်ထဲက အသိဉာဏ်ကို လှုပ်နှိုးလိုက်တာပါပဲ။ ဖတ်လိုက်တဲ့ စာအုပ်ထဲက အကြောင်းအရာနဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ကြုံတွေ့ရတဲ့ အကြောင်းအရာတွေကို နှိုင်းယှဉ်ပြီးမှ ဦးနှောက်ထဲက အသိဉာဏ်နဲ့အတူ ယှဉ်တွဲထွက်ပေါ်လာတာပါ။ ဒါကြောင့် စာဖတ်တယ်ဆိုတာ ဦးနှောက်ကို လှုပ်နှိုးလိုက်ခြင်းလို့ ကျွန်တော်ထင်ပါတယ်။

(ဃ)

ဟုတ်ပြီ။ ကျွန်တော်တို့ စာဖတ်ဖို့ တိုက်တွန်းကြတယ်။ ဘယ်လိုစာအုပ်တွေ ဖတ်ရမှာလဲဆိုတာ မေးခွန်းတစ်ခုဖြစ်လာခဲ့တယ်။ ကျွန်တော့်အဖြေကတော့ ရှင်းပါတယ်။ "ဖတ်ချင်တဲ့စာကိုဖတ်ပါ"။ ကျွန်တော် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတစ်ခုမှာ ကြုံရတဲ့အဖြစ်လေးပါ။ ထုံးစံအတိုင်း ကျွန်တော်တို့က စာများများဖတ်ဖို့ တိုက်တွန်းဟောပြောကြတာပေါ့။ စာမဖတ်တဲ့သူကို ဖတ်လာအောင်၊ စာဖတ်နေတဲ့သူကို ပိုပြီးဖတ်ဖြစ်လာအောင်၊ စာဖတ်နေတဲ့သူတွေ ရပ်မသွားအောင် ဆွဲခေါ်ပေးကြရတယ်။ ကျွန်တော့်ဆွေးနွေးမှုပြီးတဲ့အချိန် လူတစ်ယောက်က လက်ထောင်ပြီး မတ်တပ်ရပ်လိုက်တယ်။ တစ်ခုလောက်မေးပါရစေတဲ့။ ကျွန်တော်လည်း ခွင့်ပြုလိုက်တယ်။

"ဆရာတို့က စာဖတ်ဖို့သာပြောနေကြတယ်၊ ဟုတ်ပါပြီ ကျွန်တော်တို့ စာဖတ်ပါ့မယ်၊ ဒါပေမယ့် ဘယ်လိုစာတွေကို ဖတ်ရမှာလဲ"တဲ့။ ကျွန်တော် ချက်ချင်းပဲ အဖြေပြန်ပေးလိုက်တယ်။

"ဟုတ်ကဲ့ ဖတ်ချင်တဲ့စာအုပ်ကို ဖတ်ပါဗျ"

ကျွန်တော့်အဖြေစကားကြောင့် အားလုံးရယ်မောကြတယ်။ မေးတဲ့သူကတော့ မျက်မှောင်ကြီးကြုတ်လို့။ ကျွန်တော့်အဖြေစကားကို သူ မနှစ်သက်မှန်း ကျွန်တော် သိတယ်။ ဒါကြောင့် သူ့ကို မေးခွန်းပြန်မေးလိုက်မိတယ်။

"ခင်ဗျား ကျွန်တော့်အဖြေကို မကြိုက်ဘူးမဟုတ်လား" သူ့ဆီက စကားသံထွက်မလာပါဘူး။

"ကျွန်တော်ဖတ်ခိုင်းတဲ့စာကို ခင်ဗျား ဖတ်မလား" ဆိုတော့လည်း သူ နှုတ်ဆိတ်လို့နေပြန်တယ်။ ဒါကြောင့် သူနားလည်အောင် ရှင်းပြရတော့တယ်။

ဘာကြောင့် ဖတ်ချင်တဲ့စာကို ဖတ်ပါလို့ပြောရတာလဲဆိုတော့ လူတစ်ယောက်က ကိုယ့်အသိဉာဏ်နဲ့ယှဉ်ပြီး စာဖတ်တတ်ကြလို့ပါပဲ။ ငါးနှစ်သားတစ်ယောက်ရဲ့ ရှေ့မှာ စာအုပ်အမျိုးအစားပေါင်းများစွာ ချထားပေးလိုက်ပါ။ သူယူကြည့်မယ့် စာအုပ်က တစ်အုပ်ပဲ ရှိတယ်။ ဒါအသေချာပဲ။ သူ ကာတွန်းစာအုပ်ကိုသာ ယူပါလိမ့်မယ်။ သူ့စိတ်အာရုံကို ဖမ်းစားနိုင်တဲ့အရာက အရုပ်ကလေးတွေဖြစ်နေလို့ပဲ။ သူ့ကို အရုပ်တွေမကြည့်ပါနဲ့ ဝတ္ထုစာအုပ်ပဲကြည့်ဖို့ပြောရင် သူလုပ်မှာ မဟုတ်ဘူး။ အလားတူပဲ။ အသက် ၂၀ ကျော်အရွယ်တွေကို ဝတ္ထုစာအုပ်တွေမဖတ်နဲ့ ကာတွန်းတွေပဲ ဖတ်ပါလို့ ပြောလို့မရပါဘူး။ ဒါကြောင့် ဘယ်သူ့ကို ဘာစာအုပ်ဖတ်ပါလို့ ပြောနေစရာမလိုပါဘူး။ ကိုယ့်အသက်အရွယ် ဖြတ်သန်းမှုအပေါ်မူတည်ပြီး ဖတ်တဲ့စာအုပ်က ပြောင်းလဲလာပါလိမ့်မယ်။ စာဖတ်တာ ကြာလာတာနဲ့အမျှ ကိုယ်ဘာဖတ်ရမလဲ၊ ဘယ်စာအုပ်ဖတ်သင့်သလဲဆိုတာ ကိုယ့်အသိဉာဏ်မှာ ပေါ်လာပါလိမ့်မယ်။ အဓိကကတော့ စာဖတ်နေဖို့ပဲ လိုတာပါ။ ကျွန်တော် ဒီလို သုံးသပ်ပြတော့ သူ လက်ခံသွားတယ်။ သေချာတာ တစ်ခုကတော့ စာဖတ်တဲ့သူအတွက် အကျိုးရှိမယ်ဆိုတဲ့ အချက်ပါပဲ။

(င)

အနာဂတ်မျိုးဆက်တစ်ခုအတွက် လူတိုင်း စာဖတ်ဖို့ လိုပါတယ်။ လူငယ်ဆိုတာ အရာရာကို စူးစမ်းလေ့လာတတ်ကြတယ်။ ရှေ့လူလုပ်သမျှကို အတုယူပြီး လိုက်လုပ်ချင်ကြတာ ထုံးစံပဲ။ ရှေ့ဆောင်လမ်းပြကောင်းတွေ လိုအပ်တယ်။ ဆရာက သင်ပုန်းမှာ စာရေးပြရင် ကျောင်းသားတွေက ဆရာရေးတဲ့အတိုင်း လိုက်ရေးကြမယ်။ မိဘက ဘုရားရှိခိုးနေတာမြင်ရင် သားသမီးတွေ ဦးတော်လုပ်တတ်လာကြတယ်။ လူငယ်တွေရှေ့မှာ လူကြီးတွေ အရက်သောက်ပြရင် လူငယ်တွေ အရက်သောက်တာကို အတုယူတတ်လာမယ်။ ဆေးလိပ်သောက်ပြရင် လိုက်လုပ်လာကြမယ်။ ဒါကြောင့် အနာဂတ်မျိုးဆက်သစ်တွေ စာဖတ်လာအောင် စာအုပ်တွေနဲ့ ရင်းနှီးအောင် လုပ်ပေးဖို့ လိုအပ်တယ်။ လူကြီးတွေ ကိုယ်တိုင်က စာဖတ်ပြရင် လူငယ်တွေ စာပေနဲ့ ရင်းနှီးကျွမ်းဝင်လာဖို့ မခက်ခဲတော့ပါဘူး။ ဒါကြောင့် အနာဂတ်မျိုးဆက်သစ်တွေအတွက် လူကြီးတွေကစပြီး ပြုပြင်ဖို့ လိုအပ်ပါလိမ့်မယ်။

နိုင်ငံတစ်နိုင်ငံမှာ လူမျိုး၊ ဘာသာအယူဝါဒ၊ ရိုးရာဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ သဘာဝသယံဇာတ စတဲ့ အဖိုးတန်ရတနာများစွာ ရှိကြပါတယ်။ ထိုအထဲကမှ စာပေဆိုတာလည်း အဖိုးတန်ရတနာ တစ်ပါးပေါ့။ အတိအကျပြောရမယ်ဆိုရင် စာပေဆိုတာ အနာဂတ်မျိုးဆက်အတွက် အလင်းပေးနိုင်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်တစ်ခုအတွက်၊ အနာဂတ်မျိုးဆက်သစ်တွေအတွက် အလင်းရောင်ပေးနိုင်တဲ့ မျက်လုံးတစ်စုံကို ကျွန်တော်တို့အားလုံး မြတ်နိုးတန်ဖိုးထားတတ်ကြစေချင်ပါတယ်။ ။

# စာဖတ်ခြင်းအစ စာသင်ကျောင်းက

■ ယံဇငြိမ်း

"ပညာဆိုတာ ကျောင်းသင်စာတွေအားလုံး မေ့ပျောက်ချိန်အထိ ခေါင်းထဲမှာ ကျန်ရစ်နေသေးတဲ့အရာကိုခေါ်တာ"တဲ့။ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ခဲ့ဖူးတာလေး အမှတ်ရမိနေပါသည်။ ကျွန်တော်တို့ရဲ့လက်ရှိအချိန်အထိ ဦးနှောက်ထဲမှာ မည်သည့်အရာတွေများ ကျန်နေပါသေးသလဲ။ ကျောင်းစာတွေပြီးရင် မည်သည့်စာမှ ထပ်ပြီးဖတ်ဖို့မလိုတော့ဘူးလား။ လူငယ်တွေ အဘယ်ကြောင့် စာမဖတ်ကြတာလဲ။ ဖုန်းတွေက စာအုပ်တွေထက်ပိုပြီး ဘာကြောင့် စိတ်ဝင်စားစရာကောင်းတယ်လို့ ခံယူနေကြတာလဲ။ လူဦးရေ ၅၂ သန်းကျော်ရှိတဲ့ မြန်မာနိုင်ငံမှာ ယေဘုယျအားဖြင့် စာအုပ်တစ်အုပ်ထုတ်ရင် အုပ်ရေ ၅၀၀ အထိပဲထုတ်နိုင်ပြီး တကယ်တမ်းရောင်းရတာက အုပ်ရေဘယ်လောက်ပါလဲ။ စတဲ့ လဲပေါင်းများစွာက ကျွန်တော့်ကို အလုပ်ပေးနေတာကြာပါပြီ။

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က ရွာကျောင်းကနေ အလယ်တန်းပညာပြီးဆုံးသွားတဲ့ ကျောင်းသားဟောင်းများကို စာကြည့်တိုက်ကလေးလုပ်ဖို့ ကျွန်တော် လှုံ့ဆော်ခဲ့သည်။ တစ်ဦးချင်းစီရဲ့ ထည့်ဝင်လှူဒါန်းငွေများ၊ စာအုပ်များနဲ့အတူ စာကြည့်တိုက်ကလေးတစ်ခု ဆောက်လုပ်ဖြစ်ခဲ့ကြသည်။ စာကြည့်တိုက်ပညာနဲ့ ပတ်သက်လို့ စနစ်ကျကျ မသင်ခဲ့ရပေမယ့် အတန်အသင့် အောင်မြင်တဲ့စာကြည့်တိုက်တစ်ခုကိုတော့ ကျွန်တော် ပူးပေါင်းလုပ်ဆောင်ဖူးတဲ့ အတွေ့အကြုံရှိသည်။ ထိုအတွေ့အကြုံအားကိုးနဲ့ ကျွန်တော်တို့ရဲ့ ရွာစာကြည့်တိုက်ကလေးကို စတင်သည်။ စာအုပ်တွေအရင်စု။ ပြီးမှ အဆောက်အဦဆောက်။ အဆောက်အဦဆောက်ပြီးပေမယ့် အထဲကို စာအုပ်တွေမထည့်သေးဘဲ စာအုပ်အခမဲ့ငှားစနစ်ကို စတင်ကျင့်သုံးဖို့ စိတ်ကူးခဲ့ကြတယ်။

ရွာရဲ့ ဒီဇင်ဘာလ အားကစားပွဲမှာ စတင်ကြည့်သည်။ ကျွန်တော်တို့ရွာတွေက နှစ်စဉ်နှစ်တိုင်းလိုလို ဒီဇင်ဘာလအားကစားပွဲကို စည်စည်ကားကားကျင်းပလေ့ရှိသည်။ အားကစားပွဲစတင်ပြီဆိုသည်နှင့် စာအုပ်တွေကို စားပွဲနဲ့အပြည့်တင်ကာ အားကစားကွင်းရဲ့ထောင့်တစ်နေရာမှာ တင်ထားပေးလိုက်သည်။ အစောင့်မရှိပါ။ ကြိုက်တဲ့လူယူ။ ကြိုက်တဲ့လူဖတ်။ ကျွန်တော်တို့မှာ ခံယူချက်တစ်ခုရှိသည်။ စာအုပ်ဆိုတာပျောက်မှ။ ပျောက်တယ်ဆိုတာ တစ်ခုခုအသုံးလိုလို့ ယူသွားတာ။ ပျောက်တာကို မနှမြောပါ။

စာအုပ်တွေကို စားပွဲနဲ့တင်ထားတယ်ဆိုပေမယ့် တကယ်တမ်းဖတ်သူက မရှိသလောက်ပင်။ ကလေးငယ်တွေပဲ အရုပ်ကြည့်ကြ ပုံပြင်ဖတ်ကြလုပ်တာတွေ့ရသည်။ ကျွန်တော်တို့ စိတ်ပျက်သွားပြီ။ စာအုပ်က ဖုန်းလောက် လူကြီးလူငယ်တွေကို မဆွဲဆောင်နိုင်တော့။ အားလုံးက လက်လျှော့သွားကြပြီ။ လက်မလျှော့ချင်တာက ကျွန်တော်တစ်ယောက်တည်း။

လူကြီးတွေကို စာဖတ်အောင်လုပ်လို့မရရင် ကလေးတွေကို စာဖတ်အောင်လုပ်မည်။ ကျွန်တော်က ကျောင်းဆရာဆိုတော့ ကလေးတွေအပေါ် အာရုံရောက်သွားတာမဆန်း။ ထို့ကြောင့် ကျွန်တော်တို့ရဲ့စာကြည့်တိုက် အဆောက်အဦနှင့် စာအုပ်တွေကို စာသင်ကျောင်းကို လှူပစ်လိုက်သည်။

အထက်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးနေတဲ့ လဲပေါင်းများစွာရဲ့အဖြေက တစ်ခုတည်းပင်။ "စာဖတ်ခြင်းကို စိတ်မဝင်စားလို့ပါ"။

စာဖတ်တတ်ရဲ့သားနဲ့ စာမဖတ်တဲ့လူဟာ ကြောင်တောင်ကန်းနေတဲ့လူနဲ့တူသည်။ ကျွန်တော်တို့တွေ စာဖတ်တတ်ရဲ့သားနဲ့ ဘာလို့များ စာမဖတ်ကြရတာလဲ။ ကျွန်တော်တို့ရဲ့ငယ်ဘဝတွေဆီကို ပြန်ကြည့်ကြရမည်။ ကျွန်တော်တို့ငယ်ငယ်က ကျောင်းစာမှ ကျောင်းစာပဲလုပ်ခဲ့ကြသည်။ အပြင်စာတွေဖတ်တဲ့အခါ လူကြီးမိဘတွေက မာန်မဲကြသည်။ ဆရာ ဆရာမတွေက ခွင့်မပြုကြ။ စာမရရင် အရိုက်ခံရသည်။ အရိုက်ခံရမှာ ကြောက်ရွံ့စိုးရိမ်သည့်အတွက် ကျောင်းစာပဲလုပ်ခဲ့ကြသည်။ အဓိကအကြောင်းရင်းက ငယ်စဉ်ကတည်းက စာဖတ်ခြင်းအလေ့ကို စွဲမြဲအောင် မလုပ်ဆောင်ခဲ့ကြခြင်း (သို့မဟုတ်)လုပ်ဆောင်မပေးခဲ့ကြခြင်းပင်။

ကျွန်တော်တို့ အလှည့်ပြန်ရောက်ပါပြီ။ ကျွန်တော်တို့က လမ်းပြသူ ပဲ့ကိုင်သူနေရာရောက်လာပါပြီ။ လူသားဗိသုကာပညာရှင် နေရာရောက်လာတဲ့ ကျွန်တော်က ကျွန်တော့်ကလေးတွေကို ကျွန်တော်ငယ်ငယ်ကလို အဖြစ်မခံနိုင်။ ထို့ကြောင့် ကျွန်တော် တာဝန်ကျတဲ့ကျောင်းမှာ ကျောင်းစာကြည့်တိုက်လုပ်ငန်းစတင်သည်။ အခန်းတစ်ခန်း သီးသန့်မရနိုင်သည့်အတွက် (နယ်ကျောင်းဖြစ်နေလို့ အဆောက်အဦ ရှားပါးလို့ပါ) စာသင်ခန်းတစ်ခန်းရဲ့ ဆယ်ပေခန့်လောက်ကို သုံးထပ်သားများနှင့်ကာရံပြီး စာကြည့်တိုက်အဖြစ် ဖန်တီးပုံဖော်လိုက်သည်။ စာအုပ်တွေ အလှူခံ ကိုယ်တိုင်လည်းဝယ် ကလေးတွေကိုလည်း လှူခိုင်း စသော စာအုပ်ရရှိရေးကို ပထမဦးစွာ ကြိုးစားလုပ်ဆောင်သည်။ ကလေးများ၏ စိတ်ထဲတွင် စာဖတ်ချင်စိတ်ရှိလာအောင် နေ့စဉ်စည်းရုံးသည်။ ကျောင်းစုဝေးကွင်းမှာ ကျွန်တော်စကားပြောရတဲ့အခါတိုင်း စာဖတ်ခြင်းအကျိုးကို ပြောသည်။ စာဖတ်တဲ့အတွက် ထွန်းတောက်သွားတဲ့ ကြယ်ပွင့်တွေအကြောင်းကို ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်း စာဖတ်တဲ့အကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် စာဖတ်တဲ့အကြောင်း၊ ပခုက္ကူဦးအုံးဖေ အကြောင်း၊ ဦးသန့်အကြောင်း၊ အေဗရာဟမ်လင်ကွန်းအကြောင်း၊ ဟယ်လင်ကဲလားအကြောင်း စသည်ဖြင့် ကျွန်တော်ပြောပြဖြစ်သည်။

ပညာရေးကို မထိခိုက်အောင်လည်း တစ်ဖက်က ထိန်းကျောင်းပေးရသည်။ ကျောင်းက စိတ်ပါဝင်စားတဲ့ ဆရာ ဆရာမတွေနဲ့ စာကြည့်တိုက်အဖွဲ့လေးဖွဲ့ပြီး စာကြည့်တိုက်ကလေး တိုးတက်ရေးနဲ့ ကလေးငယ်တွေ စာဖတ်ကျင့်ရရှိရေးကို အလေးထားဆောင်ရွက်သည်။ လစဉ်ထုတ် မဂ္ဂဇင်းတချို့နဲ့ အပတ်စဉ်ထုတ် စာစောင်တချို့ကိုလည်း မှာယူပေးသည်။ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲများလည်း ကျင်းပပေးသည်။ အဓိကလုပ်ဖြစ်တာတွေကတော့ စာအုပ်အကြောင်း ဆွေးနွေးပွဲလေးတွေပင်ဖြစ်သည်။ ကိုယ်ဖတ်ခဲ့ဖူးတဲ့ စာအုပ်ထဲက အကြောင်းကို တခြားသူကို ပြန်လည်မျှဝေတဲ့အစီအစဉ်ကိုလည်း အခါအားလျော်စွာလုပ်ဖြစ်သည်။

အားလပ်ချိန်တိုင်း ခုန်ပေါက်ဆော့ကစားနေတဲ့ ကလေးငယ်တွေဟာ စာအုပ်ဆိုတာကိုသိလာပြီ။ စာအုပ်တွေကို ချစ်တတ်လာကြပြီဆိုတဲ့အခါကျတော့မှ တစ်ဆင့်တက်ပြီး စာအုပ်တွေကို အိမ်အထိငှားခွင့်ပေးလိုက်သည်။

ကလေးများအားလုံးကို ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးကြီးထွားတဲ့ ကလေးများ ဖြစ်စေချင်မိသည်။ ကလေးကောင်းမှ လူကြီးကောင်းမယ်ဆိုတဲ့စကားရှိသည်ပင် မဟုတ်ပေလား။ The Child is father of the Man.လို့ W.Wordsworth က The Rainbow ကဗျာမှာ ရေးခဲ့ဖူးသည်။ ကျွန်တော်တို့အားလုံးဟာ ကလေးတွေကို အာရုံစိုက်ရမည်။ ကလေးတွေကို အာရုံစိုက်မည်ဆိုရင် ကလေးတွေရှိတဲ့ စာသင်ကျောင်းတွေကို အာရုံစိုက်ရမည်။ ကျောင်းတိုင်းမှာ စာကြည့်တိုက်တွေ ရှိအောင်၊ စာကြည့်တိုက်တွေ ဖွံ့ထွားအောင် ကူညီပေးရမည်။ ကျွန်တော့်ရဲ့ ဆောင်ပုဒ်ကတော့ "စာဖတ်ခြင်းအစ စာသင်ကျောင်းက"ဟူ၍ပင် ဖြစ်သည်။ လူကြီးတွေ စာဖတ်ဖို့ ကလေးတွေစာဖတ်ရပါမည်။